# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် ၂၀၂၁ ခုနှစ်၊ မတ် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၀)၊ အမှတ် (၁၅၄)


# အာဆီယံ၏ ပြင်ပဆက်ဆံရေးနှင့် ဒေသတွင်း ဗိသုကာ ဖော်ဆောင်ရာတွင် အာဆီယံပြင်ပဆက်ဆံရေး၏ အချက်အချာကျမှုကိစ္စတို့ကို ဆွေးနွေး

**နေပြည်တော် မတ် ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း တည်ထောင်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ထူထောင်ရေးကိစ္စ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေးနှင့် ဒေသတွင်း ဗိသုကာဖော်ဆောင်ရာတွင် အာဆီယံပြင်ပဆက်ဆံရေး၏ အချက်အချာကျမှုကိစ္စတို့ကို ဆွေးနွေးခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လတ်တလော ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ဖြစ်ပွားခဲ့သည့် အခြေအနေ၊


*စာမျက်နှာ ၅ ကော်လံ ၁* ◆




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်စဉ်။ သတင်းစဉ်

## မြန်မာ့စီးပွားရေးဘဏ်မှ ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လုံခြုံစိတ်ချမှု အပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစိုးရဌာနဆိုင်ရာအားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အငြိမ်းစားမိဘပြည်သူများ၏ အငြိမ်းစားလစာ၊ ဆုကြေးကိစ္စရပ်များကိုလည်း တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ အထက်ပါလုပ်ငန်းများအပြင် ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများ၏ ငွေစုဘဏ်အပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ စသည့်အပ်ငွေအမျိုးမျိုးကို လက်ခံခြင်းနှင့် ချေးငွေအမျိုးမျိုးကို ထုတ်ချေးခြင်း၊ ပြည်တွင်း ပြည်ပ ငွေလွှဲလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းတို့ကိုလည်း ပြည့်ဝသော ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ပြည်သူများ ငွေသွင်းငွေထုတ် အဆင်ပြေစေရန် ကိုယ်တိုင်ငွေသွင်းငွေထုတ်ခြင်း၊ ကိုယ်စားလှယ်ဖြင့် ငွေသွင်းငွေထုတ်ခြင်း၊ အင်တာနက်၊ မိုဘိုင်းလ်ဖုန်းများဖြင့် ငွေသွင်း ငွေထုတ်ခြင်း၊ အေတီအမ်စက်များမှ ငွေထုတ်ခြင်းများကို စိတ်တိုင်းကျ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊


*စာမျက်နှာ ၅ ကော်လံ ၁* ❖


**ယနေ့ မာတိကာ**


**ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုများ ရှိနေသော်လည်း ကူးစက်မှုမြင့်နေသည်ကို သတိထားရန်လို** နိုင်ငံတကာသတင်း စာ » ၁၂

.............................

**တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖိလစ်ပိုင်သို့ လှူဒါန်းမှုအတွက် ကျေးဇူးတင်ကြောင်း ဖိလစ်ပိုင်သမ္မတ ပြောကြား** နိုင်ငံတကာသတင်း စာ » ၁၃

မြန်မာ့အလင်း

# အကြမ်းဖက်မှုများ ဆန့်ကျင်ဖယ်ရှား

နိုင်ငံတစ်ဝန်း မြို့ကြီး၊ မြို့ငယ် ဒေသအသီးသီးတို့တွင် ဆူပူမှု၊ ဆန္ဒပြမှုများ ဖြစ်ပေါ်နေခဲ့သည်မှာ ရက်သတ္တ သုံးပတ်ကျော်လွန်ခဲ့ပြီဖြစ်သည်။ ဆူပူမှု၊ ဆန္ဒပြမှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အချိန်နေရာ အချိန်းအချက်ပြုမှုများ၊ ဆန္ဒပြရမည့်ပုံစံများ၊ ဦးတည်ချက်များ၊ နည်းဗျူဟာများ၊ ကြွေးကြော်သံများ၊ ပိုစတာဒီဇိုင်းများ စသည်တို့ကို လူမှုကွန်ရက်ပေါ်တွင် ပလူပျံအောင် တွေ့မြင်နေရသည်။ အချို့က ထိပ်တိုက်ရင်ဆိုင်တွေ့ရေး၊ အကြမ်းဖက်ရေး သွေးထိုးလှုံ့ဆော်ကြသည်။

ဖေ့စ်ဘွတ်လူမှုကွန်ရက်ပေါ်မှ နှပ်ကြောင်းပေးသည့်အတိုင်း၊ မြှောက်ပင့်ပေးသည့်အတိုင်း လိုက်ပါလုပ်ဆောင်မှုများကိုလည်း တွေ့ရသည်။ ဆူပူဆန္ဒပြမှုဖြစ်စဉ်များနှင့် ပတ်သက်၍ ထိန်းသိမ်းရန် တာဝန်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုများ ပေါ်ပေါက်လာသည်။ ဒီမိုကရေစီစနစ်အရ ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်ခွင့် အခွင့်အရေး နိုင်ငံသားများတွင် ရှိသည်။ အချိန်၊ နေရာ၊ လူဦးရေ စသည်ဖြင့် ခွင့်ပြုချက်တို့ လိုအပ်သည်။ မည်သို့ပင်ဆိုစေ အေးချမ်းစွာ၊ စည်းကမ်းသေဝပ်စွာ ဆန္ဒပြမှုများတွင် အထိအခိုက်နည်းသည်။ ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အကြမ်းဖက်ဖျက်ဆီးခြင်းများ ပြုလုပ်လာပြီး ဆန္ဒပြမှုပုံစံမှသည် ဆူပူလှုပ်ရှားမှုသို့ ကူးပြောင်းသွားပြီဆိုပါက အဆင့်ဆင့်သော အဓိကရုဏ်းနှိမ်နင်းမှုပုံစံများအတိုင်း အင်အားဖြင့် ကိုင်တွယ်ရသည့် အခြေအနေသို့ ရောက်ရှိသွားတတ်သလို ထိခိုက်ရှနာမှုမှသည် အဖိတ်အစဉ်အထိ ဖြစ်ပွားနိုင်သည်။ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများတွင်လည်း ဤနည်းအတိုင်းသာဖြစ်သည်။

ယခုအခါ ဆန္ဒပြမှုများ ရက်ရှည်ကြာလာသည်နှင့်အမျှ အေးချမ်းစွာဆန္ဒပြမှုထက် ထိပ်တိုက်ရင်ဆိုင်ကြရန် လှုံ့ဆော်မှုများကို ပိုမိုမြင်တွေ့လာရသည်။ တစ်ဖက်တွင်လည်း သဘောထားအယူအဆမတူကွဲလွဲသူများ၊ မိမိဘာသာ အေးချမ်းစွာနေလိုသူများ၊ CDM လှုပ်ရှားမှုတွင် မပါဝင်လိုသူများကို အုပ်စုဖွဲ့အနိုင်အထက်ပြုကျင့်ခြင်း၊ နှောင့်ယှက်ထိပါးခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့ကိုပါ ပြုလုပ်လာကြသည်။ ဒီမိုကရေစီစနစ်အရ သူတစ်ပါး၏ လွတ်လပ်မှုကို ထိပါးခြင်း၊ လွတ်လပ်စွာ ပြောဆိုနေထိုင်လုပ်ကိုင်မှုတို့ကို နှောင့်ယှက်ခြင်းတို့ မရှိစေရ။ တရားဥပဒေကို လေးစားလိုက်နာရန်၊ သူတစ်ပါး၏ လွတ်လပ်ခွင့်တို့ကို လေးစားအသိအမှတ်ပြုရန်လိုသည်။ ဥပဒေမဲ့ပြုကျင့်ခြင်းက ဒီမိုကရေစီကို ဖျက်ဆီးခြင်းပင် ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ထားပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်မှုများပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြထားသည်။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်မှုများ ချောမောအောင်မြင်ရန်မှာ အဖျက်အမှောင့်များ၊ မင်းမဲ့စရိုက်ဆန်ဆန် လှုပ်ရှားမှုများ၊ ဆူပူအကြမ်းဖက်မှုများ ချုပ်ငြိမ်းကာ တရားဥပဒေစိုးမိုးမှသာ ဖြစ်နိုင်မည်ဖြစ်သည်။

မိမိတို့နေထိုင်ရာ ရပ်ရွာဒေသများ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဒေသနေပြည်သူများ အနေဖြင့် အဖျက်အမှောင့်ဆောင်ရွက်မှုများ၊ ဆူပူလှုံ့ဆော်မှုများ၊ အကြမ်းဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ဖယ်ရှားကြရမည်ဟု ရှုမြင်ပါကြောင်း။ ။

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# သူတို့လုပ်ရပ်

❖ ရိုးရိုးမကြံ အဖြောင့်မသွား
အဖျက်သမား အကောက်ဉာဏ်၊
မှန်သူကို အိုးမည်းသုတ်ဖို့
ယုတ်စွအကြံ၊
သူ့လူလွှတ် ကိုယ့်လူဟန်
ဖျက်ဆီးရန် သရုပ်အခင်း၊
"အလံရှူး"အသွင်
ဇာတ်ကွက်ဆင် သူ့လူတစ်အုပ်နဲ့
လက်ခုပ်သံ ညံညံတီးလို့
ဖြီးတတ်လေခြင်း။

❖ ရိုးရိုးနေ ပြည့်ဝန်ထမ်းတို့
ခြေလှမ်းများ ပျက်စေရည်၊
အုပ်ဖွဲ့ကာ အတင်းအကျပ်
ကန့်သတ်ကြသည်၊
စရိုက်ဖြင့် ပျက်လေပြီ
ဒီမိုကရေစီ စံလွဲ၊
ရုံးမတက်ပါနဲ့တဲ့
ဖုန်းဆက်ကာ ခြိမ်းခြောက်မှု
ပြုကြသည်ပဲ။

❖ "အင်ဂျင်နီယာ" "ကျောင်းဆရာ"အတု
"စစ်သည်"အတု အထွေထွေ၊
ဝတ်စုံတူဆင်ကာပေး
မွေးထုတ်တတ်ပေ၊
"ရဲ" အတုလည်း မကျန်ပေ
စုံပလေ ဉာဉ်ဆိုးထုတ်၊
အရိုးခံ ပြည်သူများကို
လှည့်စားလိမ်ရှုပ်။

❖ သူတို့ဉာဉ် သူတို့စရိုက်
မလိုက်တဲ့ များပြည်သူ၊
ခြောက်လှန့်ကာ ဖွတ်အတင်း
သင်းဖွဲ့ရန်မူ၊
စည်းကမ်းပျက် တစ်စုလူ
အပြုအမူ ရမ်းကားစွ၊
ဘေးမသန်း ပြည်တစ်ခွင်
အေးချမ်း... စည်ပင်ဖို့
မကြီးခင် တကယ်ပြတ်အောင်
မီးအသွင် အစွယ်ဖြတ်
ငြှိမ်းသတ်ပါကြ။ ။

ရန်ငြိမ်းအောင်(ပုဗ္ဗသီရိ)

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မတ် ၂

COVID-19 ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန် ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်းသက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းပြည်အတွက် စားနပ်ရိက္ခာပေါများရေး ဆောင်ရွက်ရမည်

စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ တိုင်းပြည် စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့် အခြေခံကောင်းများရှိပါကြောင်း၊ ယင်းကို အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်အတွက် စားနပ်ရိက္ခာပေါများရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးမှာ လွယ်ကူသည့် နည်းလမ်းဖြစ်ကြောင်း၊ မြစ်ချောင်းအင်းအိုင်များတွင် ငါးမျိုးများအမြောက်အမြား စိုက်ထည့်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်လျှင် စားနပ်ရိက္ခာဖူလုံသည့်အပြင် စီးပွားဖြစ်သည့် အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း။

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၂ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက် ညနေပိုင်းတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တာဝန်ကျေပွန်ကြစေလို**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများအနေဖြင့် နယ်စွန်နယ်ဖျားအထိ အင်အားနည်းပါးစွာ ဖြန့်ခွဲတာဝန်ထမ်းဆောင်နေကြရသော်လည်း ပြည်သူ့ဝန်ထမ်းကောင်းများပီသစွာ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ ပြည်သူ့အတွက် စေတနာထက်သန်မှု၊ လုပ်ဆောင်မှုစွမ်းရည်ထက်မြက်မှုနှင့် တစ်ဦးချင်းစီက မိမိတို့နိုင်ငံနှင့် ပြည်သူအတွက် သစ္စာစောင့်မှုတို့အတွက် အားရကျေနပ်ကြောင်း၊ ဆက်လက်၍လည်း တာဝန်ကျေပွန်ကြစေလိုကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့မှုများကို သုံးသပ်တင်ပြပြီး မတ်လအတွက် ဆောင်ရွက်သွားမည့်အစီအမံများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



## Digital Audio Broadcasting (DAB) ထုတ်လွှင့်မှု နည်းပညာဆိုင်ရာ Virtual Meeting သို့ MRTV မှ ဝန်ထမ်းများ တက်ရောက်

နေပြည်တော် မတ် ၂

Digital Audio Broadcasting (DAB) ထုတ်လွှင့်မှု နည်းပညာဆိုင်ရာ Virtual Meeting ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)မှ အင်ဂျင်နီယာချုပ် ဒေါ်ဇင်ဝါကြူ ဦးစီးပြီး ဝန်ထမ်း ၁၀ ဦး တက်ရောက်ကြသည်။(ဓာတ်ပုံ)

အစည်းအဝေးတွင် DAB ဆိုင်ရာများကို Australia နိုင်ငံအခြေစိုက် S-Comm Technologies Pty.Ltd မှ Managing Director Dr.Les Sabel က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းကို ဆက်လက်ဆောင်ရွက်ကြသည်။

DAB ဆိုင်ရာ နည်းပညာရပ်များ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများနှင့် ဆွေးနွေးနိုင်ရေးအတွက် World DAB မှ Asia Pacific Technical Group (APAC TG) ကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး APAC TG ၏ ရည်ရွယ်ချက်မှာ ဒေသတွင်း၌ DAB နည်းပညာဆိုင်ရာများကို အဖွဲ့ဝင်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်နှင့် နိုင်ငံတစ်ခုချင်းစီ၏ အတွေ့အကြုံများကို မျှဝေနိုင်ရန်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများကို တစ်နှစ်လျှင် နှစ်ကြိမ်မှ လေးကြိမ်အထိ ပြုလုပ်လေ့ရှိပြီး တက်ရောက်သူဦးရေကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ချုပ်ဆိုခဲ့သည့် ဒေသတွင်းနှင့် နိုင်ငံတကာသဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်

**နေပြည်တော် မတ် ၂**

(၂၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်မှ ပါဝင်တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၂၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်စဉ်။ သတင်းစဉ်

**ဦးစားပေးလုပ်ငန်းများ**

အစည်းအဝေး ပထမပိုင်းအနေဖြင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့ တွေ့ဆုံဆွေးနွေးသည်။ ထိုသို့တွေ့ဆုံရာတွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ Dr. Ar. Siti Rozaimeriyanty DSLJ Haji Abd Rahman နှင့် နိုင်ငံအလိုက်အဖွဲ့ဝင်များက အာဆီယံစီးပွားရေး အကြံပေးကောင်စီ၏ ၂၀၂၂ ခုနှစ် ဦးတည်ချက်ဖြစ်သည့် ပြန်လည်ထူထောင်ရေး၊ ပိုမိုကြံ့ခိုင်ရေးနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရေးဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံစီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာနိုင်ငံ၏ လက်ရှိကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို တင်ပြသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ဝန်ကြီးများက အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဒေသတွင်း ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်း ဆောင်ရွက်မှုများကို ကြိုဆိုကြောင်းနှင့် ဒေသတွင်း စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

**ပွင့်လင်းမြင်သာစွာ ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများတွင် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုနှင့် ၂၀၂၂ ခုနှစ်တွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီ၏ အကောင်အထည်ဖော်မည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ချုပ်ဆိုခဲ့သည့် ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူ စာချုပ်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး လတ်တလော ဖြစ်ပေါ်လျက်ရှိသော အခြေအနေများအရ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အာဆီယံစီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင်များ၏ ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရာတွင် လက်ရှိအစိုးရအနေဖြင့် ယခင်အစိုးရ အဆက်ဆက်ခွင့်ပြုခဲ့သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန် အာမခံကြောင်း၊ အထူးသဖြင့် ခွင့်ပြုပြီးသော စီးပွားရေးလုပ်ငန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန်အတွက် ဦးစားပေးအစီအစဉ်များ ချမှတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလျင်မြန်လွယ်ကူချောမွေ့စေရန် SMART အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်နှင့် ပိုမိုပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဦးစားပေး အကောင်အထည်ဖော်**

ထို့နောက် ဒုတိယပိုင်းအနေဖြင့် (၂၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် အာဆီယံနိုင်ငံများ၏ ကိုဗစ်-၁၉ အလွန် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက်များအပေါ် အမြင်ချင်း ဖလှယ်ခြင်း၊ အာဆီယံအနေဖြင့် ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်တွင် ပိုမိုပါဝင်နိုင်ရေးနှင့် အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်တွင် ပါဝင်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် ပတ်သက်သော ကိစ္စရပ်များ အကောင်အထည်ဖော်မှုအခြေအနေအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ဦးစားပေးအကောင်အထည်ဖော်မည့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများအား အတည်ပြုခြင်း၊ ချုပ်ဆိုခဲ့သည့် အာဆီယံစီးပွားရေး သဘောတူစာချုပ်များ၏ စာချုပ်အသက်ဝင်ရေးအတွက် ဆောင်ရွက်မှုအပေါ် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊ အာဆီယံအသိုက်အဝန်း၏ ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရန် ပြင်ဆင်ဆောင်ရွက်မှု၊ အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် ပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်မှု အခြေအနေနှင့် အနာဂတ်တွင် အာဆီယံ-အီးယူ လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေး ညှိနှိုင်းမှုများအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင်ပါ အကောင်အထည်ဖော်မှုများကို အာဆီယံနိုင်ငံများနှင့်အတူ ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စု ဝန်ကြီးသည် အာဆီယံစီးပွားရေး အသိုက်အဝန်း၏ လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်မှု အခြေအနေများတွင် အခြားအာဆီယံစီးပွားရေး ဝန်ကြီးများနှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဝန်ကြီးချုပ်ရုံးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီး Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ဆက်လက်ကျင်းပ**

အဆိုပါ အစည်းအဝေးကို မတ် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့် ပတ်သက်၍တွေ့ဆုံဆွေးနွေး

**မော်လမြိုင် မတ် ၂**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် မတ် ၁ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဌာနဆိုင်ရာများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက အမှာစကား ပြောကြားပြီး မွန်ပြည်နယ်ရှိ ဌာနဆိုင်ရာများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မိမိတို့ဌာနအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများ၊ ဘဏ္ဍာငွေရရှိမှု၊ ထုတ်ပေးမှုနှင့် ထုတ်ပေးရန်ကျန်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပြီး မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ် ဘိမ်းဗျောကျေးရွာ ကော့တာတောရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသည့် လောကဇမ္ဗူအောင်မြင်မှုစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲပြုလုပ်

**နေပြည်တော် မတ် ၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘိမ်းဗျောကျေးရွာ ကော့တာတောရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသည့် လောကဇမ္ဗူအောင်မြင်မှု စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ အခမ်းအနားသို့ ကူ္ဋာသယကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကူ္ဋာသယကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ထို့နောက် တိုင်းမှူးက လောကဇမ္ဗူအောင်မြင်မှု စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား ကူ္ဋာသယကျောင်းတိုက်ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ကူ္ဋာသယကျောင်းတိုက် ဆရာတော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်၍ စေတီတော်အထွတ်သို့ တင်လှူပူဇော်ပြီး ဇယန္တောဗောဓိယာမူလေအစရှိသော အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားအား အောင်မြင်ခြင်း အထိမ်းအမှတ်အနေဖြင့် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှအထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၄၁၉၀၅ ဦး၊ အတွင်းလူနာ ၃၄၉၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၈၅၀ ၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၉၉၉ ဦး စုစုပေါင်း ၂၈၄၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော် ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၀၆၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၈၅၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၂၉၅၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**◆ရှေ့ဖုံးမှ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ် (၅) ရပ်၊ ပြည်သူများ၏ လုံခြုံမှုအတွက် တရားဥပဒေစိုးမိုးမှုရှိရေး ထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေမှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းမှုရှိရေး ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲစာရင်းများစိစစ်နေသည့် အခြေအနေ၊ မြန်မာနိုင်ငံက အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ပဏာမဆန်းစစ်လေ့လာရေး အစီအစဉ်အောက်မှ အကြံပြုချက်များ အကောင်အထည်ဖော်ရေးတို့ကို အသိပေးပြောကြားခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**❖ရှေ့ဖုံးမှ**

ငွေစုဘဏ်အပ်ငွေစာရင်းများမှ မလိုအပ်ဘဲ ငွေထုတ်ယူပါက ရသင့်ရထိုက်သော အတိုးခံစားခွင့်များ နစ်နာနိုင်ပါကြောင်းနှင့် ပြည်သူများက မိမိတို့ ငွေပေးချေလိုသည့်ပုံစံအတိုင်း ဘဏ်အချင်းချင်း စာရင်းလွှဲပြောင်းပေးခြင်း၊ ချက်လက်မှတ်များ ထုတ်ပေးခြင်း၊ ဘဏ်တွင်စာရင်းလွှဲပြောင်းပေးခြင်း၊ ငွေလွှဲစနစ်ဖြင့် ပို့ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါကြောင်း၊ ပြည်သူများအနေဖြင့် ငွေသားပမာဏများပြားစွာ ကိုင်တွယ်ရန်မလိုအပ်ဘဲ ငွေကြေးလုံခြုံမှုရှိစေရန် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝ အသုံးပြုဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# အဏ္ဏဝါပြင်ကျယ် ရေလှိုင်းများထက် ကျော်လွန်၍

## သိဃ်သူ

*(ယမန်နေ့မှအဆက်)*

မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး ယခင်ကာလကတည်းက အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ခေါ်ဆောင်ရန် မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်သုံးစင်း မြန်မာနိုင်ငံမှ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် စတင်ထွက်ခွာသွားပြီးနောက်တွင် သတင်းမျိုးစုံတို့ ပလူပျံအောင် ထွက်ပေါ်လာသည်။ အခြေအမြစ်မရှိသည့် သတင်းများပါသလို သတင်းအမှန်ကို ပုံဖျက်ထားသည့် သတင်းမျိုးလည်းပါသည်။ အဓိကရည်ရွယ်ချက်မှာ တပ်မတော်၏ အားထုတ်ကြိုးပမ်းမှုကို အများအမြင်၌ သေးသိမ်အောင် ကြိုးပမ်းကြခြင်းဖြစ်သည်။ နေရပ်ပြန်လိုသူ မြန်မာများအား ပြန်လည်ခေါ်ဆောင်မှုကို မလေးရှားတရားရုံးက ခွင့်မပြုသဖြင့် မြန်မာစစ်တပ် အရှက်ကွဲသွားပြီဖြစ်ကြောင်း၊ ရေကြောင်းခရီးဖြင့် ပြန်လည်ခေါ်ယူမည့် အစီအစဉ်အပေါ် စိုးရိမ်ကြောင်းကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ဖော်ပြောကြားကြောင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူမည့်သူများမှာ မြန်မာနိုင်ငံသားများ မဟုတ်ဘဲ ဘင်္ဂါလီများသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြင်ပမှ လူများကို ပြန်လည်ခေါ်ယူခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါပိုးပါလာပြီး ကူးစက်ပြန့်ပွားနိုင်ကြောင်း စသည်တို့က သတင်းဌာနများ၏ သတင်းများ၊ အွန်လိုင်းအတင်းအဖျင်းများ အဖြစ်ပေါ်ထွက်လာခြင်းဖြစ်သည်။



မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

### ကာကွယ်ဆေးများ ထိုးထားပေး

နေရပ်ပြန်မြန်မာများ ပြန်လည်ခေါ်ဆောင်ရေးခရီးစဉ်တွင် တပ်မတော် (ရေ) မှ ဗိုလ်မှူးချုပ်နိုင်မင်းကျော်ဦးဆောင်ပြီး တပ်မတော် (ရေ) အပါအဝင် လက်ရုံးတပ်ဖွဲ့အင်အားအရာရှိ ၇၈ ဦးနှင့် စစ်သည် ၃၁၁ ဦးတို့ပါဝင်သည့် အဖွဲ့ကလိုက်ပါအမှုထမ်းခဲ့ကြသည်။ ၎င်းအင်အားတွင် ဆေးကုသမှုပါရဂူနှင့် ဆေးဘက်ဆိုင်ရာအရာရှိ၊ စစ်သည် ၄၆ ဦးတို့ အပါအဝင်ဖြစ်သည်။ အရပ်ဘက်အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ အရာရှိခြောက်ဦးတို့ လိုက်ပါလာသည်။ လိုက်ပါမည့်သူများ အားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးထားပေးခဲ့သည်။ ယခုခရီးစဉ်အပြန်တွင် လိုက်ပါမည့် မလေးရှားရောက်မြန်မာနိုင်ငံသားများကိုလည်း မလေးရှားက ကိုဗစ်-၁၉ ရောဂါ ရှိ၊မရှိ ကြိုတင်စစ်ဆေးထားပြီး ၎င်းတို့က ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း အတည်ပြုပေးထားသူများကိုသာ ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

### ကျန်းမာရေးစောင့်ရှောက်မှုပေး

ခရီးစဉ်တွင် လိုက်ပါသွားခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့မှာလိုအပ်ပါက အရေးပေါ်ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးနိုင်သည့် အနေအထားအထိ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားခဲ့သည်။ ပြန်လည်ခေါ်ဆောင်လာမည့် မြန်မာနိုင်ငံသားများတွင် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးငယ်များ ပါဝင်ရာ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အမျိုးသမီးဆေးတပ်ဖွဲ့ဝင် အစုအဖွဲ့များပါ ထည့်သွင်းစုဖွဲ့ပြီး ခရီးစဉ်၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

### စနစ်တကျ လွှဲပြောင်းလက်ခံ

တစ်ဖန် ခရီးစဉ်တွင် ပါဝင်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အနေဖြင့်လည်း မြန်မာနိုင်ငံသား ဟုတ် မဟုတ် စိစစ်ရန်နှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် ၎င်းတို့၏ မူရင်းနေရပ်ဒေသသို့ ပြန်နိုင်ရန်အတွက် ခရီးသွားထောက်ခံချက်များ ထုတ်ပေးရန် စိစစ်ဆောင်ရွက်ပေးနိုင်ရန် တာဝန်ဖြင့် လိုက်ပါကြရခြင်းဖြစ်သည်။ မြန်မာ့တပ်မတော် စစ်ရေယာဉ်သုံးစင်း မလေးရှားနိုင်ငံ လူမွတ်ရေတပ် ဆိပ်ကမ်းသို့ ဖေဖော်ဝါရီလ ၂၁ ရက်နေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံကာ ယင်းနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။

### အောင်မြင်သော ခရီးစဉ်

ယင်းခရီးစဉ်သည် မြန်မာနှင့်မလေးရှားနှစ်နိုင်ငံရေတပ်မတော်များအကြား ချစ်ကြည်ရေးခရီးစဉ် တစ်ခုဖြစ်သလို မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲဖြစ်ပေါ်နေသူများကို အမြောက်အမြားခေါ်ယူနိုင်ခဲ့သည့် အောင်မြင်သောခရီးစဉ်လည်းဖြစ်သည်။ မြန်မာ့တပ်မတော်သည် တိုင်းရင်းသားမိဘပြည်သူများ၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အလျောက် "ပြည်သူသည်သာအမိ၊ ပြည်သူသည်သာအဖ"ဟူ၍ ထာဝစဉ်ဦးထိပ်ထားကာ ပြည်သူတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေခြင်းလည်းဖြစ်သည်။ တပ်မတော်(ရေ)၏ စစ်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်လိုက်ပါလာသူများတွင် ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ ဗမာ စသည့် မြန်မာနိုင်ငံဖွားတိုင်းရင်းသားများ၊ ကိုးကွယ်ရာဘာသာအားဖြင့် ဗုဒ္ဓဘာသာဝင်များသာမက ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာဝင်များ ပါဝင်သည်။ မသမာသူများ၊ မလိုမုန်းထားသူများက မည်သို့ပင် ပြစ်တင်ကဲ့ရဲ့အပုပ်ချ ဆဲရေးတိုင်းထွာ နေကြစေကာမူ မြန်မာ့မြေပေါ်သို့ အဆင်ပြေချောမွေ့ပျော်ရွှင်စွာ ပြန်လည်ရောက်ရှိလာခဲ့ကြပြီး မိသားစုနှင့် တွေ့ဆုံသူတို့လည်း တွေ့ဆုံနိုင်ခဲ့ကြပြီဖြစ်သည်ကို သတင်းအမှန်များအဖြစ် မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီးဖြစ်သလို ၎င်းတို့၏ ရင်တွင်းမှ လှိုက်လှဲစွာ ခံစားပြောကြားခဲ့ကြသည့် စကားသံများကိုလည်း မိမိတို့ ကြားသိကြရပြီးဖြစ်သည်။

"မြန်မာနှင့် မလေးရှား နှစ်နိုင်ငံ ရေတပ်မတော်များ အကြား ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်သလို မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန်အခက်အခဲဖြစ်ပေါ်နေသူများကို အမြောက်အမြား ခေါ်ယူနိုင်ခဲ့သည့် အောင်မြင်သော ခရီးစဉ်လည်းဖြစ်"

*စာမျက်နှာ ၇ သို့*



# “ယခုအခါ မလေးရှားတွင် ကာလရှည်ကြာရောက်နေခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ မပြန်နိုင်ခဲ့ကြသူများမှာ မြန်မာ့တပ်မတော်၏ မေတ္တာ၊ စေတနာနှင့် မဆုတ်မနစ်သော လုံ့လဥဿာဟတို့ကြောင့် အမိမြေပေါ်သို့ လုံခြုံနွေးထွေးစွာ ပြန်လည်ရောက်ရှိကြပြီး ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်စစ်ကြောရေး စခန်းရှိ ကိုဗစ်-၁၉ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ကျန်းမာရေးအရ ကိုဗစ်- ၁၉ ကူးစက်ရောဂါ ပါရှိမလာစေရန် စနစ်တကျစောင့်ကြည့်မှုကို ခံယူလျက်ရှိ”

*စာမျက်နှာ ၆ မှ*

ရန်ကုန်မှတစ်ဆင့် နေရပ်ဒေသအသီးသီးဆီသို့ ခရီးဆက်ကြရဦးမည့်သူများမှာလည်း အမိမြေပေါ်တွင် လုံခြုံနွေးထွေးစွာ နေထိုင်ခိုနားရင်း အိမ်အပြန်ခရီးအတွက် အားမွေးနေကြရပြီဖြစ်သည်။

## သိန်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့

ပြီးခဲ့သည့်နှစ် နှစ်လယ်ကာလ မလေးရှားတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့်ပတ်သက်၍ တားဆီးကန့်သတ်မှုများ၊ ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ရာတွင် မြန်မာများ သိန်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရာ ၎င်းတို့၏ စားသောက်ရေး အခက်အခဲများကို ကူညီပေးနေသည့် လူမှုရေးအဖွဲ့အစည်းများ အခက်အခဲတွေ့ခဲ့ရကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံအစိုးရအနေဖြင့် မလေးရှားရောက် မြန်မာများကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ပြန်ဝင်လာမည့်သူများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူများ ပါရှိလာမည်ကို စိုးရိမ်ခြင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပါကလည်း ကန့်သတ်စောင့်ကြည့်မည့်နေရာများတွင် စနစ်တကျထားရှိရန် အခက်အခဲရှိနေခြင်းတို့ကြောင့် လုပ်ငန်းအကောင်အထည်ဖော်မှုများ နှောင့်နှေးနေခဲ့ပြီး အစိုးရ၏ အစီအစဉ်အပေါ် ဝေဖန်မှုများ ရှိခဲ့သည်။ ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်ခွင့်ရရန် သံရုံးသို့ ဆက်သွယ်သူများ ရာနှင့်ချီ၍ရှိနေခဲ့ပြီး သံရုံးမှ ဖုန်းမကိုင်ကြောင်း၊ ဆက်သွယ်မရကြောင်း နိုင်ငံခြားသတင်းဌာနသို့ ထုတ်ဖော်ပြောကြားသူများ ရှိခဲ့သည်။

ယခုနှစ် ဇန်နဝါရီလကုန်ပိုင်း ရောက်သည့်အချိန်ထိ ကယ်ဆယ်ရေး လေယာဉ်ပျံသန်းမှုမှာ တစ်ပတ်လျှင် လေယာဉ်ခရီးစဉ် တစ်ကြိမ်နှုန်းဖြင့် တစ်ခေါက်လျှင် ခရီးသည် ၁၅၀ မှသည် ၁၇၀ ဝန်းကျင် ခေါ်ယူကာ ခေါက်ရေ ၅၀ ခန့် ပျံသန်းခဲ့ကြောင်း၊ ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များ တစ်ပတ်လျှင် သုံးကြိမ်အထိ တိုးမြှင့်ပျံသန်းခဲ့ကြောင်း သတင်းဌာနတစ်ခုက ထုတ်ပြန်သည့်သတင်းတွင် တွေ့ရသည်။ မြန်မာလူမျိုး ရာနှင့်ချီ၍ရှိနေသော စခန်းတစ်ခု တစ်ခုမှ တစ်ပတ်လျှင် ဆယ်ဂဏန်းမပြည့်သော အရေအတွက်မျှကိုသာ ခေါ်ယူနိုင်ခြင်းကြောင့် အားမလိုအားမရဖြစ်ခဲ့ရသည့် ထိုစဉ်က အခြေအနေကို ပြန်ပြောပြသူတချို့လည်း ရှိခဲ့သည်။

“မြန်မာနိုင်ငံသားတွေ ပြန်မယ်ဆိုတော့ အရင်တုန်းကဆို ရှိပါတယ်။ ခြောက်ယောက်ခေါ်တယ်၊ ရှစ်ယောက်ခေါ်တယ်၊ လူရာနဲ့ချီ ရှိတာ၊ တစ်ယောက်၊ နှစ်ယောက်၊ လေးငါးယောက်ဆိုတော့ အားမရဘူး၊ စိတ်ညစ်တယ်။ အခုကျတော့ မြန်မာတွေပြန်မယ် အများကြီးဆိုတော့ အကုန်လုံးခေါ်လိုက်တော့ အလွန်ဝမ်းသာတယ်” ဟု အမျိုးသမီး တစ်ဦးက မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိချိန် မြဝတီသတင်းဌာနက တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားခဲ့သည်။ ယခုတစ်ခေါက် ခေါ်ယူမှုတွင် သူက လိုက်ပါခွင့်ရခဲ့သော်လည်း သူ၏ခင်ပွန်းဖြစ်သူကတော့ ကျန်နေရစ်ခဲ့သည်။ အခြားယောကျ်ားလေးများ အများအပြားကျန်နေရစ်ခဲ့ကြောင်း ၎င်းတို့ကိုလည်း ထပ်မံခေါ်ယူပေးစေလိုကြောင်း ထည့်သွင်းပြောကြားသွားသည်ကို တွေ့လိုက်ရသည်။

## ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် ဂုဏ်ယူမိ

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ နေရပ်ပြန်အမျိုးသမီးတစ်ဦးကလည်း တပ်မတော်က သင်္ဘောကြီးနှင့် လာခေါ်မည်ကို မမျှော်လင့်ခဲ့သလို ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် ဂုဏ်ယူမိကြောင်းနှင့် ကျေးဇူးတင်ကြောင်းတို့ကို မြဝတီမီဒီယာသို့ ပြောကြားခဲ့သည်။ ကျန်ရှိနေသေးသူများကို ထပ်မံခေါ်ဆောင်ပေးရန်လည်း ပြောကြားခဲ့သည်။ မလေးရှားတွင် ၎င်းရင်ဆိုင်ခဲ့ရသည့် အကျပ်အတည်းများ၊ ငတ်မွတ်မှုများ၊ အိမ်နှင့်လများစွာ ကြာအောင် အဆက်အသွယ်ပြတ်နေခဲ့မှုများကိုလည်း ပြောကြားသွားခဲ့သည်။

## လုံခြုံနွေးထွေးစွာ ပြန်လည်ရောက်ရှိ

ယခုအခါ မလေးရှားတွင် ကာလရှည်ကြာရောက်နေခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ မပြန်နိုင်ခဲ့ကြသူများမှာ မြန်မာ့တပ်မတော်၏ မေတ္တာ၊ စေတနာနှင့် မဆုတ်မနစ်သော လုံ့လဥဿာဟတို့ကြောင့် အမိမြေပေါ်သို့ လုံခြုံနွေးထွေးစွာ ပြန်လည်ရောက်ရှိကြပြီး ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်စစ်ကြောရေး စခန်းရှိ ကိုဗစ်-၁၉ ကန့်သတ်စောင့်ကြည့်ရေး စခန်းတွင် ကျန်းမာရေးအရကိုဗစ်- ၁၉ ကူးစက်ရောဂါ ပါရှိမလာစေရန် စနစ်တကျစောင့်ကြည့်မှုကိုခံယူလျက်ရှိကြသည်။ ၎င်းတို့ နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်သည့် ထောက်ခံစာများ ပြုလုပ်ပေးခြင်း၊ သက်ဆိုင်ရာဒေသများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးသူများကို ပြန်လည်ပြုလုပ်ပေးခြင်း၊ ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုလက်မှတ်များ စစ်ဆေးထုတ်ပေးခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၏ ပြောကြားချက်များကိုလည်း ကြားသိရသည်။

သူတို့အားလုံးမှာ တစ်ချိန်က စိတ်ကူးအိပ်မက်ကိုယ်စီရှိခဲ့ကြသည်။ ငွေရှာမည်၊ စုဆောင်းမည်၊ တစ်နေ့တွင် ကိုယ့်နိုင်ငံကိုယ်ပြန်မည်၊ ဇာတိရပ်ရွာမှာ တင့်တောင့်တင့်တယ် ပြန်နေကြမည်ဆိုသည့် အတွေးကိုယ်စီနှင့်ဖြစ်သည်။ မမျှော်လင့်သော ကံကြမ္မာဆိုးတို့ ကြုံတွေ့ကြရသည့် အချိန်တွင် ထိတ်လန့်ကြောက်ရွံ့မှုနှင့်အတူ ဝမ်းနည်းအားငယ်မှု၊ အထီးကျန်သိမ်ငယ်မှုတို့ ခံစားကြရသည်။ အိပ်မက်တို့ ပျောက်ဆုံးသွားသည့်နောက်တွင် အိမ်ပြန်ချင်သည့် စိတ်ကသာတစ်ခုတည်းသော ဆန္ဒဖြစ်နေခဲ့ကြသည်။ မျှော်လင့်မထားသည့်အချိန် မြန်မာ့တပ်မတော်က စစ်ရေယာဉ်ကြီးများဖြင့် အခေါ်ရောက်လာသည့်အခါ အံ့သြဝမ်းမြောက်ခြင်း ပီတိက စကားလုံးဖြင့်ပြောမပြတတ်လောက်အောင် ခံစားနေကြရသည်ကို တွေ့ရပြန်သည်။ တပ်မတော်ကြီးကို ကျေးဇူးတင်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ကျေးဇူးတင်ပါတယ် ဟူ၍ လှိုက်လှိုက်လှဲလှဲ အထပ်ထပ်ဆိုကြသည်။

ယခုခရီးစဉ်သည် မြန်မာနိုင်ငံ ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ လူမွတ်ရေတပ်ဆိပ်ကမ်းအထိ မြန်မာ့ပင်လယ်၊ အန်ဒမန်ပင်လယ်၊ မာလက္ကာရေလက်ကြားတို့ကို ဖြတ်သန်း ကာ အသွားအပြန် ၁၂ ရက်ကြာ မိုင်ပေါင်း ၂၀၀၀ ကျော် အဏ္ဏဝါပြင်ကျယ်တွင် ခရီးနှင်ခဲ့ကြရခြင်းဖြစ်သည်။ အတားအဆီး အနှောင့်အယှက်၊ အဖျက်စကားများနှင့် မလိုမုန်းထားမှုများက ပင်လယ်ရေလှိုင်းများသဖွယ် မည်သို့ပင် ရိုက်ခတ်နေကြစေကာမူ မိမိနိုင်ငံသူနိုင်ငံသားများ၊ တိုင်းရင်းသူတိုင်းရင်းသား မိသားစုဝင်များအပေါ် ထားရှိသည့် မေတ္တာ၊ ကရုဏာ၊ စေတနာတို့က အဏ္ဏဝါပြင်ကျယ်မှ ရေလှိုင်းများထက် ကျော်လွန်ခဲ့ပါချေပြီ။ ။




မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ခေါ်ဆောင်လာသည့် စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်) တို့ကို တွေ့ရစဉ်။

# လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂**

လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒမဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒမဟာထေရ်မြတ်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် COVID- 19 ရောဂါကင်းဝေးစေရေးအတွက် ရည်ရွယ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၏ ဩဝါဒတော်နှင့်အညီ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သံဝေဇနိယ လေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ" စေတီတော်မြတ်ကြီးတို့တွင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပလျက်ရှိသဖြင့် ဝမ်းမြောက်ကြည်နူးဖွယ်ရာ ကုသိုလ်တရားများ ပွားများခံစားရပါကြောင်း၊ သံဃာတော်များ ဆွမ်းဆန်တော် မကြောင့်ကြစေရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်း ၁၆ ကျောင်းနှင့် သီလရှင်ကျောင်း ၇ ကျောင်း၌ သီတင်းသုံး နေထိုင်လျက်ရှိကြသော ရဟန်း၊ သာမဏေ ၁၀၁၅ ပါး၊ သီလရှင် ၃၈၂ ပါးတို့အတွက် ဆွမ်းဆန်တော်အိတ် ၂၄၁ အိတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၈ ရက်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် တိုးတက်ထွန်းကားစေရန်နှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး တည်တံ့ဝေစည်နိုင်စေရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့ ဆည်းပူးအားထုတ်ရသည့် ကုသိုလ်ကောင်းမှုများကြောင့် COVID-19 ကူးစက်ရောဂါ ကပ်ဘေးမှ ကင်းဝေးနိုင်ကြပါစေ၊ သံဃာတော် အရှင်သူမြတ်များလည်း သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ကြပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ကပ်ရောဂါ အန္တရာယ်များ ကင်းရှင်းပြီး အေးချမ်းသာယာနိုင်ကြပါစေကြောင်း လျှောက်ထားသည်။

**အနုမောဒနာတရားနာကြား**

ထို့နောက် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒမဟာထေရ်မြတ်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချလောင်း အမျှပေးဝေကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းရာတွင် ဘုန်းတော်ကြီးကျောင်း ၉ ကျောင်းနှင့် သီလရှင်ကျောင်း ၄ ကျောင်းတို့၌ သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၅၀၂ ပါး၊ သီလရှင် ၅၁၇ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၁၀၁၉ ပါးတို့အား ဆွမ်းဆန်တော် ၁၄၅ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂

**ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ လောက်ကိုင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ အရာတော်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များနှင့် ဘာသာရေးကျောင်းစုစုပေါင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်မြို့၊ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ အရာတော်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၉ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကုန်းကြီးကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် အရာတော်မြို့နယ် မယ်ဇယ်ပင် ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား တပ်မတော်မှဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာပြိုင်ပွဲတွင် အောင်မြင်မှုရရှိပါက မိမိအောင်မြင်မှုထက် နိုင်ငံတော်အတွက် အောင်မြင်မှုဟူသော စိတ်ဓာတ်မျိုးထားရှိလေ့ကျင့်ရန် လိုအပ်

**နေပြည်တော် မတ် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ ကိုဗစ်- ၁၉ စည်းကမ်းနှင့်အညီလေ့ကျင့်လျက်ရှိသော ၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိဝူရှူးအားကစားရုံ၌ ဝူရှူးမြန်မာ့လက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အလေးမအားကစားရုံ၌ မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိပိုက်ကျော်ခြင်း အားကစားရုံ၌ ပိုက်ကျော်ခြင်း မြန်မာ့လက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ မြားပစ် အားကစားကွင်း၌ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများအား နိုင်ငံတော်ကို အားကစားဖြင့် ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရန် အစွမ်းကုန် ကြိုးစားကြစေလိုကြောင်းနှင့် ဆုတံဆိပ်ရရှိနိုင်ရေး ကြိုးစားလေ့ကျင့်စေလိုကြောင်း၊ မိမိတို့ လုပ်ငန်းတာဝန်ဖြစ်သော အားကစားလေ့ကျင့်မှုကို ဂရုတစိုက်စဉ်ဆက်မပြတ် အောင်မြင်မှု ရရှိရမည်ဟူသော စိတ်အာရုံ ထားရှိကာ ကြိုးစားလေ့ကျင့်စေလိုကြောင်း၊ လေ့ကျင့်မှုကာလတွင် အားကစားသမားတစ်ဦးချင်းစီ၏ လိုအပ်ချက်မှန်သမျှကို အချိန်နှင့်တစ်ပြေးညီ တင်ပြစေလိုကြောင်း၊ နိုင်ငံတကာ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိပါက မိမိ အောင်မြင်မှုထက် နိုင်ငံတော်အတွက် အောင်မြင်မှုဟူသော စိတ်ဓာတ်မျိုး ထားရှိလေ့ကျင့်ရန် လိုအပ်ပါကြောင်း၊ အောင်မြင်မှု ရရှိပါက နိုင်ငံတော်မှ ယခင်နှစ်များထက် ထိုက်ထိုက်တန်တန် ချီးမြှင့်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း တိုက်တွန်းအားပေးစကား ပြောကြားသည်။



ထို့နောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ စားရိပ်သာသို့ ရောက်ရှိပြီး လက်ရွေးစင် အားကစားသမားများ အတွက် ထောက်ပံ့ ကျွေးမွေးစရိတ်ကို ယခင်ထက် တိုးမြှင့်ထားပါကြောင်း၊ လေ့ကျင့်မှုအတွက် ကုန်ခန်းသွားသော အင်အားများ ပြန်လည်ဖြည့်စွမ်းနိုင်ရေးအတွက် စားရိပ်သာမှ ကျွေးမွေးထောက်ပံ့မှုသည် အဓိက ကျပါကြောင်း၊ သို့ဖြစ်ပါ၍ အားကစားနည်းအလိုက်ကျွေးမွေးရမည့် ကျွေးမွေးမှုအစီအစဉ်ကို သက်ဆိုင်ရာ ဆေးဘက် တာဝန်ခံများ၏ လမ်းညွှန်မှုအတိုင်း ပြည့်စုံအောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၅၆၆၇၁ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၃၁၆၈၂ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၄၁၁၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၀၂၄ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၁၆၃၆၀ ဦး ဖြစ်သည်။

၃။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး၊ သာစည်မြို့နယ် မဲရုံပေါင်း ၂၄၉ ရုံ | ၁၅၆၆၇၁ | ၁၃၁၆၈၂ | ၁၄၁၁၉ | ၁၀၂၄ | ၁၆၃၆၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တောင်ငူမြို့နယ်သမဝါယမကဏ္ဍမှ ငါးများ ရောင်းချဖြန့်ဖြူး

နေပြည်တော် မတ် ၂

ကိုဗစ်-၁၉ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခက်အခဲများအား ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းစုနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ တောင်ငူမြို့နယ်အတွင်းရှိ ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းများမှ ငါးမြစ်ချင်း ပိဿာချိန် ၇၉၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ ငါးမုတ်ပိဿာချိန် ၃၂၇ ပိဿာကို တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၊ ငါးတန်ပိဿာချိန် ၄၈၃ ပိဿာကို တစ်ပိဿာလျှင် ငွေကျပ်၃၂၀၀ နှုန်းတို့ဖြင့် (၂၀-၂-၂၀၂၁ မှ ၂၅-၂-၂၀၂၁ ထိ) စုစုပေါင်းငါးပိဿာချိန် ၁၆၀၀ ကို စားသုံးသူအသင်းသား ပြည်သူများ ဈေးနှုန်းချိုသာစွာ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင် ရန် No Profit, No Loss ဟူသော သမဝါယမမူအတိုင်း ရောင်းချဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ယခုနှစ်ရာသီ စီးရီးအေပွဲစဉ်တွင် အေစီမီလန်အသင်းသည် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားထားသည့် ၁၂ ပွဲတွင် သုံးပွဲအထိ ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ အဝေးကွင်း ၁၂ ပွဲတွင် တစ်ပွဲသာ ရှုံးနိမ့်ထားသောကြောင့် အိမ်ကွင်းရှုံးပွဲပိုများနေသည်ကို သတိပြုရမည်။ ယခုပွဲစဉ်ကလည်း အေစီမီလန်အသင်း အိမ်ကွင်းဖြစ်သောကြောင့် အူဒီးနိစ်အသင်းကို အနိုင်ရလဒ်ဖော်ဆောင်သွားနိုင်မလား သို့မဟုတ် အိမ်ကွင်းရှုံးပွဲ ထပ်မံကြုံတွေ့သွားရမလား စိတ်ဝင်စားဖွယ်ရာပင်။

ပြီးခဲ့သည့်ပွဲစဉ်မှာ နှစ်သင်းစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ထားကြသော်လည်း အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းရန် ကြိုးစားလာမည့် အူဒီးနိစ်အသင်းထက် ဦးဆောင်သူ အင်တာမီလန်အသင်းနှင့် ရမှတ်ကွာဟမှုလျော့ချလာမည့် အေစီမီလန်အသင်း နိုင်ပွဲရရှိဖွယ် ရှိနေသည်။

**အောင်ဇော်**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပြည်သူများ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခြင်းနှင့် လုပ်ငန်းသစ်များ ဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၁-၈၃၀၁၉၇၅၊ ၀၁-၈၃၀၂၁၇၅

**ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ**

## ပန်းနာရင်ကျပ်ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ ဓာတ်မတည့်သောအရာများကို သာမန်ထက်ပို၍ တုံ့ပြန်မှု များပြား လာခြင်းကြောင့်ဖြစ်သော အသက်ရှူလမ်းကြောင်းနှင့် လေပြွန်များရောင်ရမ်းသည့်ရောဂါ ဖြစ်သည်။

**ပန်းနာရင်ကျပ်ရောဂါ၏ လက္ခဏာများ**

- အသက်ရှူစဉ် ရှီရှီမြည်ခြင်း
- ချောင်းခြောက်ဆိုးပြီး အသက်ရှူမဝခြင်း
- မောပန်းလွယ်ခြင်း
- စူးရှသောအနံ့ရလျှင်၊ စိတ်လှုပ်ရှားလျှင်၊ အားခွန်စိုက်၍ အလုပ်လုပ်လျှင် မောကျပ်ချောင်းဆိုးလာခြင်း
- ဖြစ်နေကျအချိန်တွင် ပုံမှန်ဖြစ်ခြင်း(ဥပမာ- နွေ၊ မိုး၊ ဆောင်း စသည်ဖြင့်)
- ညအိပ်ပျော်နေစဉ် ချောင်းဆိုးခြင်း၊ ကျပ်ခြင်း
- အကိုက်အခဲပျောက်ဆေး၊ သွေးတိုးကျဆေးအချို့သုံးစွဲလျှင် ရင်ကျပ်ခြင်း

**ကာကွယ်ကုသရေး နည်းလမ်းများ**

- ဆေးလိပ်သောက်တတ်လျှင် ဆေးလိပ်ဖြတ်ပါ။
- ဓာတ်မတည့်သောအရာများ ရှောင်ရှားပါ။
- နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများနှင့် ပြသကာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# CDM ကပေးတဲ့ဝေဒနာ

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ် စကားပြောခန်း (၅)

ဒေါင်

လေတိုက်တိုင်း တဖြုတ်ဖြုတ်ကြွေကျလာသည့် ရော်ရွက်ဝါတို့က မြေပြင်ပေါ်တွင် ပြန့်ကျဲလျက်ရှိသည်။ နီးကပ်လာသည့် ခြေသံတစ်ခုကြောင့် ကိုသံချောင်း ဖျတ်ခနဲ လှည့်ကြည့်မိသည်။

"ကိုသံချောင်းကို ကျွန်မ မေးစရာရှိလို့.."

တည်ငြိမ်တဲ့ အပျိုကြီး မစာဥကို အနီးကပ်မြင်လိုက်ရသဖြင့် ရင်ခုန်သွားရခြင်းကို အမြန်သိမ်းဆည်းရင်း..

"ဟုတ်ကဲ့..မစာဥ အမိန့်ရှိပါဦးဗျ.."

"ဝန်ထမ်းတွေ CDM လုပ်နေကြတာနဲ့ ပတ်သက်ပြီး ကျွန်မစိတ်ထဲခံစားရတာ ရှိတယ်။ CDM လုပ်တာက တကယ်ပဲ အကျိုးရှိစေတာလား။ လက်ရှိအစိုးရကို အခက်အခဲ တွေ့စေနိုင်သလား.."

မစာဥ၏မေးခွန်းက အတော်လေး "တာ" သွား၏။ ကိုသံချောင်း တွေးနေမိသည်ကလည်း ထိုကိစ္စပေပဲ။

"ကျွန်တော် အဲဒါကိုမဖြေခင် မစာဥကို မေးချင်တယ်။ နိုင်ငံ့ဝန်ထမ်း ဘာကြောင့်မလုပ်တာလဲ"

"ကျွန်မက လွတ်လွတ်လပ်လပ်နေရတာကို ကြိုက်တယ်။ စည်းကမ်းတွေ၊ ဘောင်တွေကို သိပ်မကြိုက်ဘူးရှင့်။ ဒါကြောင့် ဘွဲ့ရပြီးကတည်းက ကိုယ်ပိုင်စီးပွားရေးပဲလုပ်ခဲ့တာပေါ့။ ဝန်ထမ်းဖြစ်လို့ နယ်တွေဘာတွေ ပြောင်းပြောင်းနေရတာလည်း အဆင်မပြေဘူးထင်လို့"

"အခုပဲကြည့်လေ။ ခင်ဗျားက လွတ်လပ်တာ ကြိုက်တယ်။ ဝန်ထမ်းဖြစ်ရင် စည်းကမ်း လိုက်နာရမယ်။ ကျင့်ဝတ်စောင့်ထိန်းရမယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ကိုယ်ကျိုးကို စွန့်ရမယ်။ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမယ်။ တာဝန်ကျတဲ့နေရာမှာ သွားရောက်တာဝန်ထမ်းဆောင်ရမယ်။ ဒါတင်မကသေးဘူးဗျ။ နိုင်ငံ့ဝန်ထမ်းဖြစ်ဖို့ ကန့်သတ်ချက်တွေကလည်း အများကြီးရှိတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံတော်နဲ့ ပြည်သူကို သစ္စာနံ့ထားရတာလေဗျာ။ အစိုးရကို သစ္စာနံ့တာမဟုတ်ဘူး။ တက်လာတဲ့ အစိုးရကို နိုင်ငံ့ဝန်ထမ်းတွေက ရွေးချယ်ခွင့်မရှိဘူး။ အစိုးရကလည်း နိုင်ငံ့ဝန်ထမ်းတွေကို စိတ်ကြိုက်ခန့်ချင်တိုင်းခန့်၊ ဖြုတ်ချင်တိုင်း ဖြုတ်လို့မရဘူး။ စည်းနဲ့ကမ်းနဲ့ ဥပဒေနဲ့ ဆောင်ရွက်ရတာ"

"အခု အချို့ဝန်ထမ်းတွေက ရုံးလုံးဝပြန်မတက်ကြဘူး။ အချို့ကျတော့ရုံးတွေပြန်တက်နေကြတယ်။ လုံးဝကို CDM မလုပ်တဲ့ ဝန်ထမ်းတွေလည်း ရှိနေတယ်"

"ဝန်ထမ်းလည်း ပြည်သူထဲက ပြည်သူပဲလေ။ သူ့မှာစိတ်ခံစားချက်ဆိုတာလည်း ရှိနိုင်တာပဲ။ ဒါပေမယ့် ခံစားချက်ကို ဦးစားပေးလို့ရတဲ့အထဲ ပါလို့မရဘူးဗျ။ ပိုဆိုးတာက မိသားစုရှိတဲ့ ဝန်ထမ်းတွေကျ ကိုယ့်အလုပ်ပဲကိုယ်စဉ်းစားကြတာ အမှန်ပဲ မဟုတ်လားဗျာ။ ဒါကို သူများလုပ်သလိုမလုပ်ဘူး ဆိုပြီး စောင်းမြောင်းကဲ့ရဲ့ လှောင်ပြောင်နေတာကတော့ ဒီမိုကရေစီနည်းမကျတာပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်ဗျာ.. CDM လုပ်လို့ အစိုးရအခက်အခဲတွေ့မယ်၊ ပြုတ်ကျမယ်လို့တော့ ကျွန်တော် မယုံဘူး။ နိုင်ငံ့ဝန်ထမ်းတွေ နှစ်စဉ်ခေါ်ယူနေတာရှိတယ်လေ။ လုပ်ချင်တဲ့သူက သူ့ဟာသူ ပေါ်လာမှာပဲ မဟုတ်လားဗျာ။ တစ်ယောက်အလုပ်မလာရင် တစ်ယောက်အသစ်ခန့်နိုင်တာပဲ။ ဝန်ထမ်းတွေအားလုံး CDM လုပ်နေတာမှ မဟုတ်တာ။ ကိုဗစ်ကာလကြီးမှာ ဝန်ထမ်းတစ်ဝက်နားတစ်ဝက်ဆင်းပြီး အလုပ်လုပ်ကြတုန်းကတောင် ဖြစ်နေသားနဲ့ကို အခု CDM လုပ်တာ ဝန်ထမ်း လေးပုံတစ်ပုံတောင် မရှိတာ အစိုးရကို မထိခိုက်စေပါဘူးဗျ"

"CDM မလုပ်တဲ့ဝန်ထမ်းတွေရဲ့ စိုးရိမ်မှုတွေကိုရော ရှင်သိလား။ သူတို့က ရုံးတက်ရမှာ စိုးရိမ်မှုတွေရှိတယ်။ စော်ကားကဲ့ရဲ့ခံနေကြရတာတွေ ရှိတယ်ရှင့်"

> **"ဝန်ထမ်းစည်းမျဉ်း စည်းကမ်းအရ၊ ဥပဒေအရကတော့ တာဝန်ကို လေးလေးစားစားနဲ့ထမ်းဆောင်ခြင်းကသာ အမှန်တရားပဲပေါ့။ အခုပဲကြည့်လေ။ ဆေးရုံကဆရာဝန်တွေ CDM လုပ်လို့ လူနာတွေ အဖိတ်အစဉ်များနေရတယ်။ တပ်မတော်ဆေးရုံတွေက ကူညီပေးနေရတယ်။ ဆရာမတွေ CDM လုပ်တော့ ကျောင်းသားတွေ ထိခိုက်မယ်။ ဘဏ်ဝန်ထမ်းတွေ CDM လုပ်ရင် ပြည်သူနဲ့ လခစားတွေ ထိခိုက်မယ်။ အစိုးရဌာနအသီးသီးက ဝန်ထမ်းတွေ CDM လုပ်ကြရင် အလုပ်အကိုင်နှောင့်နှေးကုန်ပြီး ထိခိုက်မှာက ပြည်သူတွေပဲမဟုတ်ဘူးလားဗျာ"**

"နေ့စဉ်သတင်းစာတွေမှာ ဝန်ထမ်းတွေကို ခြိမ်းခြောက်တာ၊ အတင်းအကျပ်ပြောဆိုတာတွေရှိရင် တိုင်ကြားဖို့ ဖုန်းနံပါတ်တွေထည့်ပေးထားပါတယ်ခင်ဗျ။ တာဝန်ကျေပွန်နေလျက်သားနဲ့ သိက္ခာချ၊ တိုက်ခိုက်လာရင် တိုင်ကြားလိုက်လို့ရပါတယ်။ တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေရချိန်၊ အစိုးရယန္တရား လည်ပတ်နိုင်အောင် ကူညီပေးနေကြတဲ့သူတွေကို အခုလို ဖိအားပေးနေတာက လမ်းမှန်မှမဟုတ်တာပဲဗျာ။ ဘယ်အစိုးရကမှ သူ့အလုပ်သူလုပ်၊ ကျရာတာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေကို မထုတ်ပစ်ပါဘူး"

"ဝန်ထမ်းတွေရဲ့ကြားမှာ အရင်လိုမဟုတ်ဘဲ သွေးထိုးစကားတွေကြောင့် စိတ်ဝမ်းကွဲကြ၊ အဖွဲ့ကွဲကြတာမျိုးဖြစ်မှာလည်း ကျွန်မတော့ စိုးရိမ်မိတယ်ရှင့်။ ရှင်ဘယ်လိုထင်သလဲ"

"ကျွန်တော့်မိတ်ဆွေ ဝန်ထမ်းတစ်ယောက်ဆိုရင် သူတို့ရုံးမှာ CDM တော့ မလုပ်ကြဘဲ ရုံးဌာနထဲ နိုင်ငံတော်နဲ့ အစိုးရကို ဝေဖန်ပုတ်ခတ်နေတဲ့ ဝန်ထမ်းတွေရှိတာကြောင့် အေးအေးချမ်းချမ်းနဲ့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ စိတ်အနှောင့်အယှက်ဖြစ်နေတယ်ဆိုပြီး ရင်ဖွင့်တယ်ဗျ။ လက်ချောင်းတွေတောင် အတိုအရှည်မညီတာဗျာ၊ အခုလိုအချိန်မှာ အတွေးအခေါ်အမျိုးမျိုး၊ ခံစားချက်အမျိုးမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းတွေကို ခင်ဗျားတို့ ကျွန်တော်တို့လို ပြည်သူတွေထက် သူတို့က ပိုသိကြတာပေါ့ဗျာ။ အရပ်စကားနဲ့ပြောချင်ဆိုချင်ရင် အရပ်ထဲပြောင်း၊ အလုပ်ပါပြောင်းသင့်တာပေါ့။ ဝန်ထမ်းဖြစ်ရင်တော့ စိတ်ကိုရော၊ အမူအကျင့်ကိုရော ပြောင်းလဲပစ်ရမှာပေါ့ဗျာ"

"စိတ်ပြောင်းခိုင်းနေတာကတော့ ရှင်ကလွန်ပါတယ်ရှင်။ လူဆိုတာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်လေ။ ရှင်ဆိုရင်ကော ပြောင်းလို့လွယ်လို့လား"

"အပျိုကြီးရယ်.. ကျွန်တော်ဆိုလိုတာက ဖြူတာ၊ စိမ်းတာ၊ နီတာတွေကြောင့် ခံစားချက်တွေဖြစ်တယ်။ ရုံးတစ်ရုံးမှာ နီတဲ့သူရှိသလို စိမ်းတဲ့သူလည်းရှိမယ်။ ပြာတဲ့သူလည်းရှိမယ်လေဗျာ။ တစ်ပါးသူရဲ့ ခံစားချက်ကိုလည်း ထည့်စဉ်းစားရမယ်လေ။ ဒါကြောင့် ကိုယ်က နီတိုင်း၊ ကိုယ်ကစိမ်းတိုင်း၊ ကိုယ်ဖြစ်ချင်တာ မဖြစ်ရတိုင်း ဝေဖန်ပုတ်ခတ်တာမျိုးကျတော့ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေပြီး လုပ်ငန်းခွင် အေးချမ်းသာယာမှုကိုလည်း ထိခိုက်စေတာမို့ ဆင်ဆင်ခြင်ခြင်နေသင့်တာပေါ့"

"ရှင့်မိတ်ဆွေတွေထဲမယ် CDM လုပ်နေတဲ့သူတွေ ရှိတယ်မဟုတ်လားရှင့်။ သူတို့ရော အဆင်ပြေရဲ့လား"

"သူတို့ယုံကြည်ချက်နဲ့သူတို့ဆိုတော့ ကျွန်တော်လည်း သိပ်တော့မသိဘူးဗျ။ ဒါပေမယ့် ကျွန်တော် အမြင်ပြောရရင် CDM လုပ်သူတွေထဲ သုံးမျိုးသုံးစားရှိတာကို တွေ့ရတယ်။ ပထမတစ်မျိုးက အသက်မွေးဝမ်းကျောင်းခိုင်မာသူတွေပေါ့။ သူတို့က အပြင်မှာလည်း ရပ်တည်စားသောက်နေနိုင်တယ်ဆိုတော့ CDM ကို လွယ်လွယ်နဲ့လုပ်နိုင်ကြတယ်။ ဒုတိယတစ်မျိုးကျတော့ ဒီလို CDM လုပ်လိုက်ရင် အခြားတစ်ဖက်ကို ချိတ်ဆက်ရ လွယ်သွားတယ်။ ပိုကောင်းတဲ့အလုပ်နေရာတွေ ကူးပြောင်းနိုင်တယ်၊ ဒါကြောင့် CDM လုပ်ကြတယ်။ တတိယအမျိုးအစားကတော့ သူများလုပ်လို့ လိုက်လုပ်ကြတာ။ သူငယ်ချင်းတွေလုပ်လို့ လိုက်လုပ်တယ်၊ ချစ်သူခင်သူတွေပါလို့ လိုက်ပါတယ်၊ အဲဒါမျိုးပေါ့ဗျာ။ သူတို့အားလုံးမှာ စိတ်ခံစားချက်တွေ ရှိနေပေမယ့် သွားမယ့်လမ်းကြောင်း၊ ခံယူချက်နဲ့ ဘဝအခြေအနေတွေက မတူညီဘူးလေဗျာ"

"ရှေ့အမျိုးအစားတွေကတော့ အပြင်မှာလည်း ရှာဖွေစားသောက်လို့ ရနိုင်တဲ့အတွက် CDM လုပ်ခြင်းကြောင့် သူတို့ထိခိုက်မှုမများပေမယ့် အချို့တွေက ကိုယ့်ဘဝအခြေအနေကို နားမလည်ဘဲ CDM လုပ်မယ်ဆိုရင် သူတို့အတွက် ထိခိုက်မှုပိုများနိုင်တာပေါ့။ CDM လုပ်သူတွေကို လစာပေးတဲ့ ပြည်သူတွေရှိတယ်တဲ့ဗျ။ အထိုက်အလျောက်တော့ ပေးနေကြတယ်ထင်ပါရဲ့။ ဒါပေမယ့် ခင်ဗျားပဲ စဉ်းစားကြည့်လေဗျာ။ ရေရှည်မှာ နေစရာ၊ စားစရာ အခက်အခဲဖြစ်လာရင်၊ မိသားစုကိုပါ ထိခိုက်လာရင် CDM ကို သူတို့ စိတ်နာကြမှာပေါ့ဗျာ"

"ကျွန်မကတော့ CDM လုပ်သူတွေက CDM မလုပ်သူတွေကိုလည်း စိတ်နာကြမယ်ထင်တာပဲ"

"ဒါလည်း သူတို့ခံစားချက်ပေါ့ အပျိုကြီးရယ်။ လုပ်နိုင်သူက လုပ်ကြပေါ့။ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းအရ၊ ဥပဒေအရကတော့ တာဝန်ကို လေးလေးစားစားနဲ့ထမ်းဆောင်ခြင်းကသာ အမှန်တရားပဲပေါ့။ အခုပဲကြည့်လေ။ ဆေးရုံကဆရာဝန်တွေ CDM လုပ်လို့ လူနာတွေ အဖိတ်အစဉ်များနေရတယ်။ တပ်မတော်ဆေးရုံတွေက ကူညီပေးနေရတယ်။ ဆရာမတွေ CDM လုပ်တော့ ကျောင်းသားတွေ ထိခိုက်မယ်။ ဘဏ်ဝန်ထမ်းတွေ CDM လုပ်ရင် ပြည်သူနဲ့ လခစားတွေ ထိခိုက်မယ်။ အစိုးရဌာနအသီးသီးက ဝန်ထမ်းတွေ CDM လုပ်ကြရင် အလုပ်အကိုင်နှောင့်နှေးကုန်ပြီး ထိခိုက်မှာက ပြည်သူတွေပဲ မဟုတ်ဘူးလားဗျာ။ အချိန်တန်တော့ အမှန်တရားကို မြင်ရမှာပဲလေ"

"ဆက်ပြောရရင် CDM လုပ်တာက အစိုးရကို မထိခိုက်ဘူးဗျ။ ပြည်သူပဲ နစ်နာတာ။ ဒါကြောင့် ကျွန်တော်ကတော့ CDM လုပ်တာကို မကြိုက်ဘူးဗျာ။ CDM တော့ မလုပ်ပါဘူး၊ ခြံစည်းရိုးခွထိုင်ပြီး ဘေးဘုထိုင်ပြော၊ လစာယူ၊ ရုံးတွင်းမငြိမ်မသက်ဖြစ်အောင်လုပ်သူတွေရှိလာမှာကိုလည်း မကြိုက်ဘူးဗျာ။ ဒါကြောင့် စိတ်တွေကိုပါပြင်ရမှာ။ ဘယ်လိုပြင်ရမလဲဆိုရင် "ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါသည်" ဆိုတဲ့ ဝန်ထမ်းစည်းကမ်းရဲ့ ပထမဆုံးအချက်ကို နှလုံးသွင်းပြီး နေထိုင်ကြရမှာပေါ့ဗျာ"

"ဟုတ်ပါပြီရှင့်။ ရှင့်ကိုကြည့်ရတာ လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းကြီးကျနေတာပဲ။ တော်တော်ကို တတ်နေတာ"

"ကျွန်တော်သာ နိုင်ငံ့ဝန်ထမ်းဆိုရင်ကော မစာဥက CDM လုပ်စေချင်သလား၊ မလုပ်စေချင်ဘူးလား"

"အို… ကျွန်မက ဆုံးဖြတ်ပေးလို့ရမလား။ ဒါပေမယ့် ကိုယ့်မိတ်ဆွေ လမ်းကြောင်းမှန်မှန် လျှောက်တာတော့မြင်ချင်တယ်။ CDM မလုပ်နဲ့ပေါ့ရှင်"

ကိုသံချောင်းရင်ထဲ စစ်ဘင်ခရာအဖွဲ့ ချီတက်လာသလို တဒုန်းဒုန်းမြည်လာမိ၏။ မိမိအချစ်ရေးရောင်နီသမ်းသလို ပြည်ထောင်စုကြီးလည်း အေးချမ်းသာယာဝပြောစေလိုပါသည်ဟု ကိုသံချောင်း တစ်ယောက် ဆုတောင်းနေမိပါတော့သည်။

# CDM လှုပ်ရှားမှုမပါဝင်၊ မလုပ်ကြရင်လည်း လိုက်ပြီးရန်လုပ်နေကြတယ်၊ ဝေဖန်ပြောဆိုနေကြတာလည်း တွေ့ရတယ်၊ အခုလိုတွေ တွေ့ရတော့ အတော်လေးစိတ်မကောင်း ဖြစ်မိတယ်

ဦးမြင့်မောင်

**မြန်မာနိုင်ငံ၌ ပြီးခဲ့သော ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ကာ ပြည်သူများအကြား CDM ( Civil Disobedience Movement) လှုပ်ရှားမှုများကို စတင်လာသည်မှာ ယခုအခါ ရက်ပေါင်း ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်း CDM လှုပ်ရှားမှု ရက်ပေါင်း ကြာမြင့်လာသည်နှင့်အမျှ ပြည်သူများအကြားတွင်လည်း ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးမှအစ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍတွင် ထိခိုက်မှုအနည်းနှင့်အများရှိခဲ့သည်။ ယင်းခံစားမှုသည် တခြားသူများအပေါ် အကျိုးသက်ရောက်မှု သိသာစွာမရှိသော်လည်း ယနေ့ပြည်သူများအကြား အထူးသဖြင့် လူလတ်တန်းစားများနှင့် အခြေခံပြည်သူများအကြားတွင် ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်မှာ မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ ယင်း CDM လှုပ်ရှားမှုဖြစ်စဉ်များအပေါ် ပြည်သူများအကြား ဒီမိုကရေစီလမ်းကြောင်းအရ အမြင်အမျိုးမျိုး ကွဲပြားဖြစ်ပေါ်လျက်ရှိရာ ပြည်သူအချို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**

"ဦးတို့က ၈၈ အရေးအခင်းရော၊ ရွှေဝါရောင်အရေးအခင်းတွေကိုပါ ကောင်းကောင်းမီခဲ့တယ်။ ပြောရရင် အခုလို အရေးအခင်း၊ နိုင်ငံရေးအတွေ့အကြုံက မနည်းတော့ဘူး ပြောရမယ်။ အရင် အရေးအခင်းတွေတုန်းက ခုလိုတော့ မဟုတ်ဘူး။ ပြည်သူအချင်းအချင်း သိပ်ပြီးပြဿနာမရှာကြဘူး။ ခုအရေးအခင်းက ဒီမိုကရေစီရရှိရေးလို့သာ တွင်တွင်ပြောနေကြတာ နားမလည်ကြလို့လား မသိဘူး။ ပြောင်းပြန်တွေဖြစ်နေတာကို တွေ့မြင်နေ၊ ကြားနေရတယ်။ သူများ CDM လှုပ်ရှားမှုမပါဝင်၊ မလုပ်ကြရင်လည်း လိုက်ပြီးရန်လုပ်နေကြတယ်။ စောင်းမြောင်းဝေဖန်ပြောဆိုနေကြတာလည်း တွေ့ရတယ်။ အခုလိုတွေ တွေ့ရတော့ အတော်လေးစိတ်မကောင်း ဖြစ်မိတယ်။ တချို့ဝန်ထမ်းတွေဆို သူတို့ကို ပုန်းပြီးတော့တောင် အလုပ်ကိုသွားနေကြရတာ။ ဒါတွေက ငါနဲ့မတူ ငါ့ရန်သူဆိုပြီး မှတ်ယူနေကြတော့ အတော်လေးကို စဉ်းစားမရဘူး။ အမှန်အတိုင်းပြောရရင် ဦးတို့အရွယ်နဲ့က အခုလို CDM လှုပ်ရှားမှုမှာ ပါရမယ့် အရွယ်လည်းမဟုတ်တော့သလို ကိုဗစ်-၁၉ ကပ်ရောဂါကလည်း တစ်မျိုးနဲ့ အလုပ်တွေက ပိတ်ထားတော့ မိသားစုဝမ်းရေးတောင် အတော်လေး ရုန်းကန်နေရတယ် " ဟု ဦးမြင့်မောင်(အမည်လွှဲ) က သူ၏အမြင်ကို ပြောသည်။

## ဘဝရပ်တည်မှုနှင့်ဆိုင်

"CDM လှုပ်ရှားမှုထဲ မပါဖြစ်ပါဘူး။ ဘဝနဲ့ရင်းပြီး ပါဖို့လည်း မစဉ်းစားပါဘူး။ ကျွန်မ ဘွဲ့ရပြီးကတည်းက ပိုက်ဆံရှိတဲ့ မိသားစုက ဆင်းသက်လာတာမဟုတ်တော့ အလုပ်မျိုးစုံ လုပ်ခဲ့ရတယ်။ အထူးသဖြင့် အရောင်းစာရေးမကအစ၊ ကုမ္ပဏီဝန်ထမ်းအဆုံး။ တကယ်တော့ ဘဝအာမခံချက်ကို ဘယ်အလုပ်မှ မပေးနိုင်ဘူးဆိုတာ လုပ်ရင်းနဲ့ သိလာတယ်။ အစိုးရဝန်ထမ်းလုပ်နေတဲ့ သူငယ်ချင်းတွေမြင်တော့လည်း အားကျမိတယ်။ အဲဒါနဲ့ အခုကျွန်မလုပ်နေတဲ့ ဝန်ကြီးဌာနက လစ်လပ်ဦးစီးအရာရှိနေရာတွေကို သတင်းစာမှာခေါ်တော့ မရမက သင်တန်းသွားတက်ပြီးတော့ ဖြေဆိုခဲ့တာ။ ဒီရာထူးကို လွယ်လွယ်နဲ့ ရခဲ့တာမဟုတ်ဘူးလေ။ ပြောရရင် ဘဝရပ်တည်မှုနဲ့လည်း ဆိုင်မှာပါ။ သူငယ်ချင်းတွေကတော့ CDM မှာ မပါဝင်လို့ တချို့ဆို အပြစ်ပြောရုံတောင် မဟုတ်ဘူး။ အွန်လိုင်းမှာ ဘလော့တောင် လုပ်သွားတယ်။ ဟိုနေ့ကဆို CDM ပါဝင်ဖို့၊ အလုပ်မဆင်းကြဖို့ ရုံးရှေ့မှာ လာအော်ကြတယ်။ အများသူငှာသွားတဲ့လမ်းတွေကို ပိတ်ကြတယ်။ တော်တော်လေးကို အရုပ်ဆိုးပါတယ်။ ဒါတွေက သူတို့လိုချင်နေတဲ့ ဒီမိုကရေစီဖြစ်မယ်လို့ပဲ မှတ်ယူလိုက်ပါတယ်။ ကျွန်မအနေနဲ့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတဲ့ သူငယ်ချင်းဝန်ထမ်းအချို့ကို ပြောချင်တာကတော့ ဆရာတော်ကြီးတစ်ပါး ဆိုဆုံးမခဲ့တဲ့ နောင်ကိုသိမှ သတိရလည်း ရွှေရင်ဆို့လိမ့် မဖြစ်စေချင်ဘူး။ ခုချိန်မှာ အလုပ်ပြန်လာဆင်းမယ်ဆိုရင် အချိန်မီသေးတယ်" ဟု ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးဖြစ်သူ မသင်းသင်းလှိုင် (အမည်လွှဲ) က ပြောသည်။

## အချိန်တွေ ရင်းနှီးမြှုပ်နှံခဲ့ကြရ

"CDM လှုပ်ရှားမှုနဲ့ပတ်သက်လို့ ပြောရရင် ကျွန်တော်က ဌာနဆိုင်ရာတစ်ခုရဲ့ အရာရှိ(ဌာနမှူး) တစ်ဦးဆိုတော့ သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်တယ်။ မင်းရုံးမှာ ဝန်ထမ်းဘယ်လောက် CDM လှုပ်ရှားမှုမှာပါလဲ။ လေးပုံ တစ်ပုံလောက်တော့ ပါကြပါတယ်လို့ ပြောလိုက်တယ်။ သူတို့ရုံးလည်း အဲဒီလောက်ပဲလို့ ပြောတယ်။ ကျွန်တော်လည်း အတတ်နိုင်ဆုံးတော့ ဝန်ထမ်းတွေကို ထိန်းပြီး ပြန်ခေါ်ပါတယ်။ ဒါပေမယ့် တချို့ဝန်ထမ်းတွေကျတော့လည်း အရင်ကတည်းက အကြောင်းအမျိုးမျိုးနဲ့ ထွက်ချင်နေတော့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတာပေါ့။ သူငယ်ချင်းဆရာဝန်ဆို အလုပ်ထွက်ပြီး အပြင်မှာ ဆေးခန်းဖွင့်ချင်နေတာကြာပြီ။ သူကိုယ်တိုင်က ဆေးရုံကြီးကို မသွားချင်ဘူးဖြစ်နေတာ။ သူတို့ကိုလည်း အပြစ်မပြောလိုပါဘူး။ ကိုယ်ကြိုက်နှစ်သက်တာကို ရွေးချယ်ပိုင်ခွင့်ရှိတာပဲလေ။ ကျွန်တော့်ဆီက ဝန်ထမ်းတချို့ဆို ထောက်ပံ့ကြေးရကြတယ် ပြောတယ်။ ရုံးကတပည့်အရင်းတစ်ယောက်ဆို CDM လှုပ်ရှားမှုမှာပါလို့ အကြိမ်ကြိမ်ပြော၊ အကြိမ်ကြိမ် ပြန်ခေါ်ပါသေးတယ်။ ဒါပေမယ့် ထောက်ပံ့ကြေးယူထားတဲ့တစ်ဖက်မှာ ဝန်ခံကတိထိုးရတယ်ဆိုပဲ။ ခုချိန်မှာ ဌာနပေါင်းစုံက ရုံးမိန့်စာအသီးသီးနဲ့ ပြန်ခေါ်နေကြတုန်း ပြန်လာပြီးလုပ်စေချင်တယ်။ သူတို့အနေနဲ့ မိမိတတ်မြောက်ထားတဲ့ ပညာတွေ၊ အချိန်တွေ ရင်းနှီးမြှုပ်နှံခဲ့ကြရတာ။ ဒီအခြေအနေတွေကို စွန့်လွှတ်ပြီး CDM လှုပ်ရှားမှုမှာပါဝင်တဲ့ဝန်ထမ်းတွေကို အယောင်ယောင်အမှားအမှား မဖြစ်စေချင်ဘူး" ဟု ဦးအောင်မင်းမွန်(အမည်လွှဲ) ကလည်း သူ၏အမြင်အတိုင်း ပြောသည်။

## နိုင်ငံအတွက် မကောင်း

"ကျွန်မက CDM လှုပ်ရှားမှုမှာ မပါဖြစ်ဘူးဘဲ ပြောရမှာပေါ့။ အရင်တစ်ရက် နှစ်ရက်ကတော့ သူငယ်ချင်းတွေနဲ့ အတူလိုက်ပြီး လမ်းလျှောက် အော်လိုက်သေးတယ်။ နောက်ပိုင်းရက်တွေတော့ မလိုက်ဖြစ်တော့ပါဘူး။ နေပူကြီးထဲ လမ်းလျှောက်ရတာ ပင်ပန်းတာလည်းပါတယ်။ ပြီးတော့ ဘာမှုလည်း မထူးဘူးလို့ မြင်မိတယ်လေ။ ဘာလို့လဲဆိုတော့ ကျွန်မတို့အားလုံးက နိုင်ငံရေးမှ နားမလည်တာ။ သူများတွေ မြှောက်ပေးလို့သာ လိုက်လုပ်လိုက်ရတာ။ ဒီနေ့တော့ CDM လှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်လှုပ်ရှားမှုတွေ ရန်ကုန်မှာ သိပ်မတွေ့ရတော့ဘူး။ အရင်ရက်တွေကတော့ CDM လှုပ်ရှားမှုမှာပါဝင်တဲ့ အဖွဲ့တွေများတယ်။ တကယ်တော့ CDM လှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်ပွဲတွေမှာ တွေ့ရတာက လူငယ်တွေ၊ နိုင်ငံရေးရာ ဘာမှုမသိသေးတဲ့ ကျောင်းနေအရွယ်ကလေးတွေက များနေတာကို တွေ့ရတယ်။ ဒါတွေက တကယ့်ကို မဖြစ်သင့်ဘူး။ တချို့လှုပ်ရှားမှုမှာ ပါဝင်နေတဲ့ လူငယ်တွေဆို CDM ဆိုတာ ဘာမှန်းတောင်မသိကြဘူး။ ကျွန်မက ကုမ္ပဏီက ပိတ်ထားတော့ အလုပ်ကို မသွားဖြစ်သေးဘူး။ သူငယ်ချင်းတွေကလည်းခေါ်တာနဲ့ လိုက်သွားဖြစ်တာ။ တကယ်တော့ နိုင်ငံအတွက် မကောင်းဘူးလို့ မြင်မိတယ်။ အခြေအနေ မြန်မြန်အေးချမ်းပါစေလို့ပဲ မျှော်လင့်တယ်။ အလုပ်လည်း မြန်မြန်ဆင်းချင်နေပြီ" ဟု ကုမ္ပဏီဝန်ထမ်းဖြစ်သူ မသူဇာဝင်း(အမည်လွှဲ) က ပြောသည်။

## CDM လှုပ်ရှားမှုမှာ မပါဝင်တော့

"ကျွန်တော်က အဝေးသင်တက္ကသိုလ်တက်နေတဲ့ ဒုတိယနှစ်ကျောင်းသားတစ်ဦးပါ။ CDM လှုပ်ရှားမှုမှာ သူငယ်ချင်းတွေနဲ့အတူ ဟိုတစ်နေ့က ထွက်ဖြစ်ပါတယ်။ ဒီနေ့တော့ ထပ်မထွက်တော့ဘူးဗျ။ ကျွန်တော်တို့အဖွဲ့က သူငယ်ချင်းနှစ်ယောက် ဟိုတစ်နေ့က ပါသွားတော့ အတော်ကလေး လန့်သွားတယ်။ သူတို့ ခုချိန်ထိလည်း အဆက်အသွယ်မရသေးဘူး။ သူ့မိဘတွေဆို ခဏခဏ ဖုန်းဆက်မေးတယ်။ အဲဒါကို တွေ့ပြီး အိမ်ကလည်း ကျောင်းမတက်ရဘဲနေမယ်။ ထပ်မလုပ်တော့နဲ့ ဆိုလို့ ဒီနေ့တော့ CDM လှုပ်ရှားမှုမှာ မပါဝင်တော့တာပါ။ တကယ်တော့ CDM လှုပ်ရှားမှုမှာက ကျွန်တော်တို့လို လူငယ်တွေများတယ်။ တချို့လူတွေက အွန်လိုင်းကပဲ ကျွန်တော်တို့လို လူငယ်တွေကို ရှေ့ထွက်အောင် မြှောက်ပေးနေကြတာ။ သူတို့က လမ်းမပေါ်ထွက်မလာကြဘူး။ ဟိုတစ်နေ့ကဆို အိမ်ပေါ်တွေကတောင် လမ်းပေါ် အော်ဟစ်နေတဲ့လူတွေကို လက်ခုပ်တီးအားပေးနေတာကို တွေ့ရတယ်။ ကျွန်တော် ပြန်စဉ်းစားကြည့်ပြီးတော့ ရှက်တောင်ရှက်မိတယ်။ အဘိုးကလည်း ဆူတယ်လေ။ အဘိုးပြောသလို မင်းတို့တစ်တွေက သူများမြှောက်ပေးတိုင်း CDM လှုပ်ရှားမှုမှာ ပါဝင်ရမှာလားတဲ့။ ကိုယ့်အသိဉာဏ်နဲ့ စဉ်းစားပေါ့တဲ့။ အဲဒါကြောင့် ကျွန်တော်လည်း CDM လှုပ်ရှားမှုမှာ ထပ်ပြီးတော့ မပါဝင်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်" ဟု ကျောင်းသားလူငယ်တစ်ဦးဖြစ်သူ မောင်နေမျိုး(အမည်လွှဲ) က ပြောသည်။

CDM လှုပ်ရှားမှုတွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းများအား ယခုအခါ ဝန်ကြီးဌာနအသီးသီးက စာများဖြင့် ဆင့်ခေါ်ကာ ယခင်မူလအတိုင်း လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရန် အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်သည်။ ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများဖြင့်လည်း ဥပဒေနှင့်အညီ လျှော့ပေါ့ကာ ညှိနှိုင်းမှုများ ပြုလုပ်နေစဉ်အတွင်း လုပ်ငန်းခွင်သို့ ပြန်လည်တက်ရောက်ရန်မှာ အခွင့်အရေးတစ်ရပ်ဖြစ်သကဲ့သို့ အချိန်အခါကောင်းတစ်ခုလည်း ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**တွေ့ဆုံမေးမြန်း- ထိုက်အောင်ဝင်း**

---

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအတွက် သံဃာတော်များနှင့် ဒေသခံ ပြည်သူများက စားသောက်ဖွယ်ရာများလှူဒါန်း



**နေပြည်တော် မတ် ၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သံဃာတော်များ၊ ဒေသခံပြည်သူများ၊ စေတနာရှင်အလှူရှင်များနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအတွက် ထားဝယ်မြို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများက လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအတွက် မန္တလေးမြို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်၊ အလှူရှင်များက လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုများရှိနေသော်လည်း ကူးစက်မှုမြင့်နေသည်ကို သတိထားရန်လို

ဂျီနီဗာ မတ် ၂

**ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုများ များပြားနေစဉ်အတွင်း ကာကွယ်ဆေးကို ညီညီမျှမျှ ဖြန့်ဖြူးကြရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏အကြီးအကဲဖြစ်သူက တောင်းဆိုခဲ့သည်။**

ကိုဗက်အစီအစဉ်ဖြင့် ဂါနာနိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုများ လုပ်ဆောင်နိုင်ပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာ နွန်ဂီဘရီယက်ဆုက မတ် ၁ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ ကိုဗစ် -၁၉ ကာကွယ်ဆေးအညီအမျှ ဖြန့်ဖြူးနိုင်ရေး အတွက် အပြည်ပြည်ဆိုင်ရာ မူဘောင်တစ်ခုပင် ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

မေလအကုန်ပိုင်းတွင် ကိုဗက်အစီအစဉ်၌ ပါဝင်ကြသည့်နိုင်ငံပေါင်း ၁၄၂ နိုင်ငံသို့ ကာကွယ်ဆေးအလုံးရေ ၂၃၇ သန်းဖြန့်ဝေပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း ကာကွယ်ဆေးလိုအပ်ချက် ကွာဟမှု များလွန်းသဖြင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအနေဖြင့် ကာကွယ်ဆေးများ ထောက်ပံ့ရာတွင် ပူးပေါင်းပါဝင်ကြရန်လည်း ၎င်းက ပြောကြားခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက်မှာ ပြန်လည်များပြားလာပြီး သီတင်းပတ်ခုနစ်ပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် များပြားလာခြင်းဖြစ်သည်။ ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုနှင့် ကျန်းမာရေးကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်သည့်အတွက် ဖြစ်နိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ကာကွယ်ဆေးပေါ်တွင် သာမှီခိုမနေဘဲ ကျန်းမာရေးကန့်သတ်ချက်များကိုပါ လိုက်နာကြရန်လည်း ၎င်းက အလေးအနက်ထား ပြောကြားခဲ့သည်။

လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် လူစုလူဝေးကို ရှောင်ရှားရန်၊ လူမှုဝေးကွာအစီအစဉ်များအတိုင်း နေထိုင်ကြရန်၊ လက်မကြာခဏဆေးရန်၊ ပါးစပ်နှာခေါင်းစည်းများ ဝတ်ဆင်ရန်၊ လေဝင်လေထွက်ကောင်းအောင် နေထိုင်ကြရန် လိုအပ်ကြောင်း ၎င်းကအလေးအနက်ထားကာ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆု။


## ကားလို့စ်ဂွန်းစ် ထွက်ပြေးနိုင်အောင် ကြိုးပမ်းပေးခဲ့သည့်လူနှစ်ဦးကို ဂျပန်နိုင်ငံသို့ လွှဲပြောင်းပေး

**တိုကျို မတ် ၂**

နစ်ဆန်းကုမ္ပဏီ ဥက္ကဋ္ဌဟောင်း ကားလို့စ်ဂွန်းစ် လက်ဘနွန်နိုင်ငံသို့ ထွက်ပြေးနိုင်အောင် ကူညီခဲ့သူဟု သံသယရှိသည့် အမေရိကန်နိုင်ငံသားနှစ်ဦးကို ဂျပန်အာဏာပိုင်များ လက်ထဲသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ ၎င်းတို့ကို ယခုအခါ ဂျပန်နိုင်ငံသို့ ပို့ဆောင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

နစ်ဆန်း ကုမ္ပဏီဥက္ကဋ္ဌဟောင်း ထွက်ပြေးနိုင်ရေးအတွက် အသက် ၆၀ အရွယ် မိုက်ကယ်တေလာနှင့် သားဖြစ်သူ အသက် ၂၈ နှစ် အရွယ် ပီတာတေလာတို့ ပါဝင်ကူညီပေးခဲ့ကြသည်ဟု တိုကျိုအစိုးရရှေ့နေများက ယူဆကြသည်။ ၎င်းတို့နှစ်ဦးမှာ မစ္စတာကားလို့စ်အား သေတ္တာအကြီးကြီးအတွင်း ဝင်ပုန်းနိုင်ရန် ကူညီပေးခဲ့ပြီး ဂျပန်နိုင်ငံပြင်ပသို့ မှောင်ခိုခေါ်ထုတ်သွားရာတွင် ကူညီပေးခဲ့သူများဟု သံသယရှိသည်။ မစ္စတာကားလို့စ်မှာ ၂၀၁၉ ခုနှစ်တွင် ဘဏ္ဍာရေးဆိုင်ရာ အလွဲသုံးစားပြုမှုကြောင့် အာမခံဖြင့် နေထိုင်နေရသည်။ ၂၀၂၀ ဇန်နဝါရီလတွင် တေလာကို ဖမ်းဆီးရန် ဂျပန်အစိုးရရှေ့နေများက ဖမ်းဝရမ်းထုတ်ခဲ့သည်။ ၎င်းတို့ သားအဖနှစ်ဦးမှာ မက်ဆာချူးဆက်ပြည်နယ်တွင် မေလအတွင်းက ထိန်းသိမ်းခံထားရသည်။ အောက်တိုဘာလအတွင်း ၎င်းတို့နှစ်ဦးကို ဂျပန်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရေးအတွက် ခွင့်ပြုချက်ရခဲ့သည်။ မတ် ၁ ရက်တွင် ၎င်းတို့နှစ်ဦးကို ဘော်စတွန်လေဆိပ်မှ ခေါ်ဆောင်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**


ကားလို့စ်ဂွန်းစ် ထွက်ပြေးနိုင်အောင် ကြိုးပမ်းပေးခဲ့သည့်လူနှစ်ဦး။

## ဥရုဂွေးတွင် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုများစတင်

**မွန်တီဗီဒီယို မတ် ၂**

တရုတ်နိုင်ငံ ဆေးကုမ္ပဏီကြီးဖြစ်သည့် ဆီနိုဗက်မှ ထုတ်လုပ်သော ကိုဗစ် -၁၉ ကာကွယ်ဆေးကို မတ် ၁ ရက်တွင် ဥရုဂွေးနိုင်ငံ၌ ထိုးနှံပေးမှုစတင်နေပြီဟု အစိုးရက ပြောသည်။ ကျောင်းဆရာများ၊ တပ်ဖွဲ့ဝင်များကို ဦးစားပေးကာ ထိုးနှံပေးသွားမည်ဟု သိရသည်။ ဦးစားပေးထိုးနှံရမည့် လူစာရင်းတွင် လူပေါင်း ၁၄၀၀၀၀ အနက် လူပေါင်း ၅၀၀၀၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးပြီဟု ပြည်သူ့ကျန်းမာရေးဝန်ကြီး ဒန်နီရယ်ဆယ်လီနက်စ်က ပြောသည်။

ကပ်ရောဂါကို တိုက်ဖျက်နိုင်ရေးအတွက် မတ် ၁ ရက်တွင် ခြေလှမ်းသစ် စတင်လိုက်ပြီဖြစ်ကြောင်း ဒုတိယကျန်းမာရေးဝန်ကြီး ဂျို့စ်လူဝစ် ဆက်ဂျီယံက ပြောသည်။ ပြည်သူများအနေဖြင့်လည်း ကာကွယ်ဆေးထိုးနှံကြရန်နှင့် အခြားသောသူများကိုလည်း စောင့်ရှောက်ကြရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

**ဆင်ဟွာ**



တရုတ်နိုင်ငံမှ ပေးပို့သည့်ကာကွယ်ဆေးများ ဥရုဂွေးနိုင်ငံသို့ ရောက်ရှိလာသည်ကို တွေ့ရစဉ်။

## နိုင်ဂျီးရီးယားမြောက်ပိုင်းတွင် သေနတ်သမားများ ပစ်ခတ်မှုကြောင့် ၁၀ဦးသေဆုံး

**လာဂို့စ် မတ် ၂**

နိုင်ဂျီးရီးယားမြောက်ပိုင်းပြည်နယ် ကာဒူနာတွင် သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အစိုးရအရာရှိတစ်ဦးက မတ် ၁ရက်တွင် ပြောကြားခဲ့သည်။

သေနတ်သမားများသည် ကာဒူနာပြည်နယ်ရှိ ဇန်ဂွန်ကာတစ်ဖိနှင့် ချီခွန်ဒေသတစ်ဝိုက်တွင် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု လုံခြုံရေးနှင့် ပြည်တွင်းရေးရာကိစ္စရပ်များဆိုင်ရာ ကော်မရှင်နာ ဆင်မြူရယ်အာရူဝန်က အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း နေအိမ် ၁၀ လုံးနှင့် မော်တော်ဆိုင်ကယ်နှစ်စီးမီးလောင်ခဲ့ကြောင်း ၎င်းက ပြောသည်။ အဆိုပါ တိုက်ခိုက်မှုအတွင်းမှ အသက်ရှင်ကျန်ရစ်သူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း အာဏာပိုင်များကပြောသည်။

**ဆင်ဟွာ**

## ကျူးဘားနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၅၀၀၀၀ ကျော်အထိရှိလာ

**ဟာဗားနား မတ် ၂**

ကျူးဘားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၈ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၈၁၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၅၀၅၉၀ ထိရှိလာသည်ဟု ကျူးဘားပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ကိုဗစ် -၁၉ ကြောင့် နောက်ထပ်သေဆုံးသူနှစ်ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်း ၃၂၄ ဦး ရှိလာသည်။ တစ်ရက်အတွင်း ပြည်တွင်းကူးစက်ခံရသူအရေတွက် ၈၀၄ ဦး ရှိသည့်အတွက် ပြည်တွင်းကူးစက်မှုနှုန်းမြင့်နေသည်ဟု ကူးစက်ရောဂါနှင့် ကျန်းမာရေးဌာနညွှန်ကြားရေးမှူး ဖရန်စစ္စကို ဒူရန်က ပြောသည်။

မြို့တော်ဟာဗားနားသည်ကူးစက်မှု၏ ဗဟိုချက်မနေရာဖြစ်နေပြီး နောက်ထပ် ကူးစက်ခံရသူများအနက် ၃၇၇ ဦးမှာ ဟာဗားနားမှ ဖြစ်သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖိလစ်ပိုင်သို့လှူဒါန်းမှုအတွက် ကျေးဇူးတင်ကြောင်း ဖိလစ်ပိုင်သမ္မတ ပြောကြား

**ဖိလစ်ပိုင် မတ် ၂**

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရန် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့သည့် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုက်သည်။



ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုတွေ့ရစဉ်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ တင်ဆောင်လာသော လေယာဉ်ကြီးသည် ဖိလစ်ပိုင်နိုင်ငံသို့ ဖေဖော်ဝါရီ ၂၈ ရက်က ပထမဆုံး ရောက်ရှိလာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ရှိ လေတပ်အခြေစိုက်စခန်းတွင် ကျင်းပပြုလုပ်ခဲ့သော ကာကွယ်ဆေးများ လွှဲပြောင်း လက်ခံပွဲအခမ်းအနားသို့ ဖိလစ်ပိုင်သမ္မတ ဒူတာတေး တက်ရောက်ခဲ့သည်။

တရုတ်နိုင်ငံမှ ကာကွယ်ဆေးထောက်ပံ့ပေးခဲ့သည့်အတွက် တရုတ်အစိုးရနှင့် ပြည်သူများကို မိမိနှလုံးသားထဲက နက်ရှိုင်းစွာ ကျေးဇူးတင်ကြောင်း ဒူတာတေးက မတ် ၁ ရက်တွင် ရုပ်သံမိန့်ခွန်းမှတစ်ဆင့် ပြည်သူများသို့ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ ကာကွယ်ဆေးများရရှိခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဒူတာတေးက ပြောကြားလိုက်သည်။ ယခုကဲ့သို့ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုအတွက် ပေးပို့မှုအပေါ် တရုတ်ပြည်သူနှင့်အစိုးရကို မိမိအနေဖြင့် လေးလေးနက်နက် ကျေးဇူးတင်ရှိကြောင်း ဒူတာတေးက ပြောကြားလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံမှ ကာကွယ်ဆေးများလက်ခံရရှိပြီးနောက် မတ် ၁ ရက်တွင် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ခဲ့သည်။

တရုတ်နိုင်ငံက လှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးနောက် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးနာလန်ထူရန် များစွာအကူအညီဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ဒူတာတေးက ဆက်လက်ပြောကြားလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၁ ခုနှစ်တွင် ဆီနိုဖမ်းကုမ္ပဏီအပါအဝင် ဆေးဝါးထုတ်လုပ်သော ကုမ္ပဏီများထံမှ ကာကွယ်ဆေးသန်း ၁၆၀ ကျော်ဝယ်ယူရန် ဆွေးနွေးညှိနှိုင်းနေကြောင်း ကာကွယ်ဆေး ဝယ်ယူရေးတာဝန်ရှိသူ ကာလီတို ကာဗက်ဇ်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၅၇၈၃၈၁ ဦးရှိပြီး သေဆုံးသူ ၁၂၃၂၂ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ သန်း ၁၀၀ ခန့်ရှိပြီး ၂၀၂၁ ခုနှစ်အတွင်း ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် ဆင်းရဲနွမ်းပါးသူများအား စတင်ပြီး သန်း ၇၀ အထိကာကွယ်ဆေးထိုးပေးရန် အစိုးရအနေဖြင့် ရည်မှန်းထားကြောင်း သိရသည်။

ဆင်ဟွာ

## အာဖရိကတိုက်တွင် မတ်၁ ရက်အထိ ကိုဗစ်-၁၉ အတည်ပြု ကူးစက်သူ ၃၈၉၉၉၀၉၃ ဦး ရှိလာ

**အဒစ်အဘာဘာ မတ် ၂**

အာဖရိကတိုက်တွင် တနင်္လာနေ့ညနေအထိ ကိုဗစ်-၁၉ အတည်ပြု ကူးစက်ဖြစ်ပွားသူ ၃၈၉၉၉၀၉၃ ဦး ရှိလာခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အာဖရိကဌာနက ပြောကြားလိုက်သည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်းမှာလည်း တနင်္လာနေ့ ညနေပိုင်းအထိ ၁၀၃၇၆၂ ဦးရှိလာကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားလိုက်သည်။

အာဖရိက တိုက်တစ်ဝန်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာ ၃၄၇၇၈၀၄ ဦး ရှိလာပြီဖြစ်ကြောင်း အဆိုပါဌာနက ထပ်မံပြောကြားသည်။

တောင်အာဖရိကသည် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ ထို့နောက် မြောက် အမေရိကလည်း ကူးစက်မှုများကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်မှုများသော နိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုပီးယားတို့ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့် ဇနီးဖြစ်သူတို့ ဇန်နဝါရီလက အိမ်ဖြူတော်မှမထွက်ခွာမီ ကိုဗစ်-၁၉ ကာကွယ်ဆေး သီးသန့်ထိုးနှံမှုခံယူခဲ့ကြောင်း ထရမ့်၏အကြံပေးတစ်ဦးက ပြောကြား

**ဝါရှင်တန် မတ် ၂**

အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့် သမ္မတကတော် မယ်လနီယာ ထရမ့်တို့သည် ဇန်နဝါရီလက အိမ်ဖြူတော်မှ မထွက်ခွာမီ ကိုဗစ်-၁၉ ကာကွယ်ဆေး သီးသန့်ထိုးနှံမှုခံယူခဲ့ကြောင်း ထရမ့်၏ အကြံပေးတစ်ဦးက ပြောကြားသော သတင်းရင်းမြစ်ကို ကိုးကားပြီး အမေရိကန်မီဒီယာများတွင် မတ် ၁ ရက်က ဖော်ပြလိုက်သည်။

သို့သော်လည်း အမေရိကန် သမ္မတဟောင်း ထရမ့်အနေဖြင့် ဇန်နဝါရီလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ် ပထမအကြိမ်နှင့် ဒုတိယအကြိမ် နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူခဲ့ခြင်းရှိ၊ မရှိကို အဆိုပါအကြံပေးပုဂ္ဂိုလ်က ထုတ်ဖော် ပြောကြားခြင်းမရှိခဲ့ကြောင်း နယူးယောက်တိုင်းမ် သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်၊ သမ္မတကတော် မယ်လနီယာထရမ့်နှင့် သားဖြစ်သူ ဘားရွန်တို့သည် လွန်ခဲ့သောနှစ်အတွင်းက ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားခဲ့သည်။

ယခုအခါတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ ဒုတိယသမ္မတ ကမ်မလာဟားရစ်နှင့် ယခင် ဒုတိယသမ္မတ မိုက်ပန့်စ်တို့သည် ရုပ်မြင်သံကြား ကင်မရာ ရှေ့မှောက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြသည်။

ဆင်ဟွာ


အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့် သမ္မတကတော် မယ်လနီယာထရမ့်တို့ကို တွေ့ရစဉ်။

## ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန် အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနက ခွင့်ပြုချက်ပြု

**ဝါရှင်တန် မတ် ၂**

အသက် ၁၈ နှစ်နှင့် ၎င်းအထက်အရွယ်ရောက်ပြီးသူများအတွက် သင့်တော်သည်ဟု အမေရိကန် အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က ခွင့်ပြုချက်ရရှိပြီးနောက် အမေရိကန် ပြည်ထောင်စုသည် ၎င်း၏ပြည်နယ်များသို့ ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို စတင်ဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။


အမေရိကန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချဖြတ်တောက်နိုင်ရန် ကိုဗစ်-၁၉ ကာကွယ်ဆေး သယ်ဆောင်သော ကုန်တင်ကားကြီးများကို အမေရိကန်ပြည်နယ်များနှင့် တခြားဒေသများသို့ ပေးပို့ခဲ့သည်။

အဆိုပါပေးပို့မှုများသည် မတ် ၂ ရက်ထက် နောက်မကျဘဲ ရောက်ရှိမည်ဟု ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့က ပြောကြားလိုက်သည်။ ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေလေးသန်းကို ပထမအကြိမ် ပေးပို့ရန် ပြင်ဆင်ထားသည်။ မတ်လတွင် ကာကွယ်ဆေးအလုံးရေသန်း ၂၀ တိုးတက်ပေးပို့နိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားလိုက်သည်။

ဂျွန်ဆင်အင်န်ဂျွန်ဆင် ကာကွယ်ဆေးများကို ပိုမိုထုတ်လုပ်သွားရန် ဆောင်ရွက်နေပြီး အဆိုပါဆေးသည် အခြားကာကွယ်ဆေးများလို အအေးခန်းအလွန်အမင်း မလိုအပ်ကြောင်း အိုင်အိုဝါတက္ကသိုလ်၏ အဏုဇီဝနှင့် ခုခံအားဗေဒပါမောက္ခ စတန်လေပါးလ်မန်က ပြောကြားလိုက်သည်။ အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် စနေနေ့က ခွင့်ပြုခဲ့သည်။

ဆင်ဟွာ

# ကိုဗစ်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ ဆင်းရဲတဲ့နိုင်ငံတွေကိုကူညီဖို့ ဂျီ-၂၀ တွေ့ဆုံ

လင်းဟန်သစ်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတဲ့အချိန်မှာ ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ်အကြီးအကဲများဟာ ကမ္ဘာ့စီးပွားရေးကို ပြန်လည်ဆန်းသစ်ဆောင်ရွက်ဖို့ မကြာမီက တွေ့ဆုံခဲ့ကြပါတယ်။ သူတို့ဟာ ကိုဗစ်စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ ဆင်းရဲတဲ့နိုင်ငံတွေကို အကူအညီပေးနိုင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။




ဂျီ-၂၀ အစည်းအဝေးတွင် တက်ရောက်မည့် အီတလီနိုင်ငံမှ တာဝန်ရှိသူများကို တွေ့ရစဉ်။

### ဆင်းရဲတဲ့နိုင်ငံတွေကို အကူအညီပေးမယ်

အီတလီက ဂျီ-၂၀ အစည်းအဝေးရဲ့ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပတဲ့ ဗီဒီယိုဆွေးနွေးပွဲဟာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ရဲ့ ဘဏ္ဍာရေးဝန်ကြီး ဂျဲနက်ယဲလန်အတွက်တော့ ပထမဆုံးအစည်းအဝေး ဖြစ်ခဲ့ပါတယ်။ သူဟာ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ရဲ့ ကိုယ်စားလှယ်တွေလို ထိပ်တိုက်တွေ့ဆုံမှုတွေကို သိပ်သဘောမကျခဲ့တဲ့သူတစ်ယောက်လည်း ဖြစ်ပါတယ်။

ဆင်းရဲတဲ့နိုင်ငံတွေကို အကူအညီတွေ ပိုမိုပေးဖို့ အမေရိကန်အစိုးရသစ်နဲ့ဆိုရင် သဘောတူညီမှုလွယ်လွယ်ကူကူနဲ့ ရရှိနိုင်ကြောင်း မီလန်ပိုလီ နည်းပညာစီးပွားရေးကျောင်းက အပြည်ပြည်ဆိုင်ရာ စီးပွားရေးပါမောက္ခ လူစီယာ တာဂျော်လီက ပြောကြားလိုက်ပါတယ်။

### အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို လမ်းဖွင့်

လက်ရှိ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ဟာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ပိုမိုလမ်းဖွင့်ထားပါတယ်။ စီးပွားရေးဆိုင်ရာ အကျပ်အတည်းတွေဖြစ်နေတဲ့နိုင်ငံတွေဆီက ရန်ပုံငွေတွေ အလွယ်တကူရရှိဖို့ဆိုတာ မလွယ်ကူပါဘူးလို့ သူကဆက်လက်ပြောကြားလိုက်ပါတယ်။

အမေရိကန်ဟာ ချမ်းသာတဲ့ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံတွေကို ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ကာကွယ်ဆေးထိုးအစီအစဉ်စတင်နိုင်ဖို့ ကြာသပတေးနေ့က တိုက်တွန်းလိုက်ပါတယ်။

### ဝမ်းနည်းဖွယ်ကောင်းတဲ့ဆုံးရှုံးမှုတွေ ပိုမိုဖြစ်ပေါ်နိုင်

ကာကွယ်ဆေးမရရှိတဲ့ ဝင်ငွေနည်းနိုင်ငံတွေဟာ အထူးသဖြင့် ဝမ်းနည်းဖွယ်ကောင်းတဲ့ အသက်ဆုံးရှုံးမှုတွေ ပိုမိုဖြစ်ပေါ်နိုင်ပါတယ်။ အလားတူပဲ အဲဒီနိုင်ငံတွေမှာ စီးပွားရေးပြန်လည်ကောင်းမွန်လာဖို့ နှောင့်နှေးမှုတွေရှိနေတယ်ဆိုတာ ပြောဖို့တောင်မလိုတော့ပါဘူးလို့ ယဲလန်က ဂျီ-၂၀ အဖွဲ့သို့ ပေးပို့လိုက်တဲ့ အိတ်ဖွင့်ပေးစာမှာ ပြောကြားလိုက်ပါတယ်။

ယဲလန်က စီးပွားရေးစိုးရိမ်ဖွယ်ဖြစ်နေတဲ့နိုင်ငံတွေကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ကူညီပေးဖို့ ပွင့်ပွင့်လင်းလင်းအချက်ပြပြောကြားလိုက်ပါ တယ်။ ငွေရေးကြေးရေးဆိုင်ရာ စာချုပ်စာတမ်းများ ပြဋ္ဌာန်းပြီးနောက် ဂျီ-၂၀ နိုင်ငံအတော်များများက အဲဒီအဆိုကို အရင်ကတည်းက အကြံပြုခဲ့ပါတယ်။

### အတိုးကြွေးမြီတွေကို ရပ်ဆိုင်းပေးခဲ့

လွန်ခဲ့တဲ့နှစ်က ဂျီ-၂၀ အဖွဲ့ဟာ ဆင်းရဲတဲ့နိုင်ငံတွေအတွက် အတိုးကြွေးမြီကို ရပ်ဆိုင်းပေးခဲ့ပြီး အတိုးပေးရမယ့်နေ့ကို၂၀၂၁ ခုနှစ် ဇွန်လ ၃၀ ရက်အထိ တိုးမြှင့်ပေးလိုက်ပါတယ်။ သို့သော်လည်း ဒီအစီအစဉ်ရဲ့ အကျိုးသက်ရောက်မှုကတော့ မျှော်လင့်ထားသလို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်မလာခဲ့ပါဘူး။ အဲဒီအစီအစဉ်မှာ ပုဂ္ဂလိကကဏ္ဍ မပါဝင်ခဲ့ပါဘူးလို့ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေးဗစ် မယ်လ်ပက်စ်က ပြောကြားလိုက်ပါတယ်။

နိုဝင်ဘာလမှာ ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးတွေဟာ ကြွေးမြီဝန်ထုပ်ဝန်ပိုးလျှော့ချဖို့ မူဘောင်တစ်ခုကို သဘောတူခဲ့ကြပါတယ်။ အခုအချိန်အထိ ချဒ်၊ ဇမ်ဘီယာနဲ့ အီသီယိုးပီးယားနိုင်ငံတွေဟာ သူတို့ရဲ့အကြွေးတွေကို ပြန်လည်သတ်မှတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။

### ဆွေးနွေးရမယ့်အကြောင်းအရာတစ်ခု

ကြွေးမြီသက်သာ လျှော့ပါးရေးဟာ အခုအခါမှာတော့ ဆွေးနွေးရမယ့် အကြောင်းအရာတစ်ခုဖြစ်ခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး နောက်ထပ်ခြေလှမ်းတစ်ရပ် ထပ်မံချမှတ်သွားဖို့ မျှော်လင့်နိုင်တယ်လို့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးပါမောက္ခ ရုမ်းလစ်က ပြောကြားလိုက်ပါတယ်။

အခုချိန်အထိ နိုင်ငံပေါင်း ၇၃ နိုင်ငံအနက် ၄၆ နိုင်ငံဟာ ကြွေးမြီ ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိတဲ့ အတိုးပေးချေမှုမှာ နှောင့်နှေးခဲ့ပါတယ်။ ဒီပမာဏဟာ ဂျီ-၂၀ နိုင်ငံတွေအနေနဲ့ သူတို့ရဲ့ စီးပွားရေး ပြန်လည်တိုးတက်အောင်လုပ်ဆောင်တဲ့ အမေရိကန်ဒေါ်လာ ၁၄ ထရီလီယံ ထက်စာရင်တော့ မပြောပလောက်ပါဘူး။

ဒုတိယကမ္ဘာစစ်ကတည်းက အဆိုးဆုံးစီးပွားပျက်ကပ်ကို ပြန်လည်ကုစားမှုဟာ ရှည်လျားပြီး မသေချာမှုတွေနဲ့ အပြည့်ဖြစ်ပါတယ်လို့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) အကြီးအကဲ ခရစ်စတာလီနာ ဂျော်ဂျီဗာက ပြောကြားလိုက်ပါတယ်။

### စီးပွားရေးပြန်လည်ကုစားဖို့ မျှော်လင့်ချက်ဟာ အန္တရာယ်များလွန်း

အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ် ကူးစက်မြန်နေတဲ့အချိန် ကာကွယ်ဆေးဖြန့်ဝေမှုနှေးကွေးနေတဲ့ကြားက နိုင်ငံများကြား စီးပွားရေး ပြန်လည်ကုစားဖို့ မျှော်လင့်ချက်ဟာ အန္တရာယ်များလွန်းလှပါတယ်။

ဒီနှစ်ကမ္ဘာတစ်ဝန်းလုံး ဂျီဒီပီပြန်လည်တိုးတက်မှုဟာ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိနိုင်တယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါတယ်။ ၂၀၂၂ ခုနှစ်မှာတော့ ၄ ဒသမ ၂ ရာခိုင်နှုန်း ရှိမယ်လို့ အိုင်အမ်အက်ဖ်က ခန့်မှန်းထားပါတယ်။

### နိုင်ငံတကာငွေကြေးကဏ္ဍကို ပြောင်းလဲဖြစ်ပေါ်

ဂျီ-၂၀ စုဝေးခြင်းဟာ နိုင်ငံတကာငွေကြေးကဏ္ဍကို ပြောင်းလဲမှုဖြစ်ပေါ်စေပြီးတော့ ကျန်းမာရေးအကျပ်အတည်းကြားမှာ ဈေးကွက်တွေကိုလည်း တည်ငြိမ်အောင်လုပ်ဆောင်နေတဲ့ သဘောတွေ့ရပါတယ်။

အမေရိကန်သမ္မတဘိုင်ဒင်ကတော့ အမေရိကန် စီးပွားရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ ထည့်ဝင်မတည်ဖို့ စီစဉ်ထားပါတယ်။

ကမ္ဘာ့စီးပွားရေးမှာ မထိန်းချုပ်နိုင်တဲ့ တန်ပြန်တိုးတက် ဖြစ်ထွန်းမှုတွေ ဖြစ်ပေါ်လာစေနိုင်တဲ့အတွက် အဲဒါက ငွေကြေးဖောင်းပွမှုတွေ ဖြစ်လာမှာကို ရင်းနှီးမြှုပ်နှံသူတွေက စိုးရိမ်နေကြတယ်လို့ ကျွမ်းကျင်သူတချို့က ပြောပါတယ်။

### ကြိုဆိုရမယ့် ကိစ္စ

ဘယ်လိုပဲပြောပြော ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ကိုဗစ်-၁၉ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ ဆင်းရဲတဲ့နိုင်ငံတွေကို ကူညီပေးသွားမယ်ဆိုတာကတော့ ကြိုဆိုရမယ့် ကိစ္စတစ်ခုပဲဖြစ်ပါတယ်။

အဲဒီလိုသာလုပ်ဆောင်နိုင်မယ်ဆိုရင် ကိုဗစ်-၁၉ ကာလမှာ ဆင်းရဲတဲ့ နိုင်ငံတွေအနေနဲ့ သူတို့ရဲ့ စီးပွားရေးကို အကောင်းဆုံး ရုန်းကန်ကျော်ဖြတ်သွားနိုင်မယ်လို့ မျှော်လင့်ရသလို တစ်ဖက်ကလည်း ကိုဗစ်- ၁၉ ကာကွယ်မှုတွေကို ထိထိရောက်ရောက်လုပ်ဆောင်သွားနိုင်မှာပဲဖြစ်ပါတယ်။

### နိဂုံးချုပ်မှာမဟုတ်

ချမ်းသာတဲ့နိုင်ငံတွေအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ဘယ်လောက်တောင်ပဲထိုးထိုး ဆင်းရဲတဲ့နိုင်ငံတွေအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးမရဘူးဆိုရင် ကိုဗစ်-၁၉ ကူးစက်မှုတွေဟာ နိဂုံးချုပ်သွားမှာမဟုတ်ပါဘူး။

ဆင်းရဲတဲ့နိုင်ငံတွေရော၊ ချမ်းသာတဲ့နိုင်ငံတွေရော တစ်ပြေးညီ ကိုဗစ်-၁၉ ကို ကာကွယ်နိုင်မှသာလျှင် ကိုဗစ်-၁၉ ဟာ ကမ္ဘာကြီးပေါ်မှ အပြီးတိုင် ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

**❖ ဂျီ-၂၀ စုဝေးခြင်းဟာ နိုင်ငံတကာငွေကြေးကဏ္ဍကို ပြောင်းလဲမှုဖြစ်ပေါ်စေပြီးတော့ ကျန်းမာရေးအကျပ်အတည်းကြားမှာ ဈေးကွက်တွေကိုလည်း တည်ငြိမ်အောင်လုပ်ဆောင်နေတဲ့သဘော တွေ့ရပါတယ်။**

**❖ အမေရိကန်သမ္မတဘိုင်ဒင်ကတော့ အမေရိကန် စီးပွားရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ ထည့်ဝင်မတည်ဖို့ စီစဉ်ထားပါတယ်။**

# မကွေးမြို့နယ် ပုဂံမျှော်ကျေးရွာရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

နေပြည်တော် မတ် ၂

ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံ ပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပုဂံမျှော်ကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆန်နှင့် ဆီများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


မကွေးမြို့နယ် ပုဂံမျှော်ကျေးရွာ ဒေသခံများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်း ကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19)ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂-၃-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၃၀၄၂၅၄ | ၁၉၈၁၇၅၃၂ | ၅၂၇၂၂၆ |
| ၂။ | အိန္ဒိယ | ၁၁၁၂၄၅၂၇ | ၁၀၇၉၈၉၂၁ | ၁၅၇၂၇၅ |
| ၃။ | ဘရာဇီး | ၁၀၅၈၉၆၀၈ | ၉၄၅၇၁၀၀ | ၂၅၅၈၃၆ |
| ၄။ | ရုရှား | ၄၂၆၈၂၁၅ | ၃၈၃၈၀၄၀ | ၈၆၈၉၆ |
| ၅။ | ဗြိတိန် | ၄၁၈၂၀၀၉ | ၂၉၅၉၈၈၄ | ၁၂၂၉၅၃ |
| ၆။ | ပြင်သစ် | ၃၇၆၀၆၇၁ | ၂၅၈၃၈၄ | ၈၆၈၀၃ |
| ၇။ | စပိန် | ၃၂၀၄၅၃၁ | ၂၇၂၂၃၀၄ | ၆၉၆၀၉ |
| ၈။ | အီတလီ | ၂၉၃၈၃၇၁ | ၂၄၁၆၀၉၃ | ၉၇၉၄၅ |
| ၉။ | တူရကီ | ၂၇၁၁၄၇၉ | ၂၅၇၈၁၈၁ | ၂၈၆၃၈ |
| ၁၀။ | ဂျာမနီ | ၂၄၅၅၅၆၉ | ၂၂၆၄၆၀၀ | ၇၀၉၂၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၄၇၀၂၆ | ၁၁၆၀၈၆၃ | ၃၆၅၁၈ |
| ဖိလစ်ပိုင် | ၅၈၀၄၄၂ | ၅၃၄၄၆၃ | ၁၂၃၆၉ |
| မလေးရှား | ၃၀၄၁၃၅ | ၂၇၈၄၃၁ | ၁၁၄၁ |
| မြန်မာ | ၁၄၁၉၆၅ | ၁၃၁၅၃၄ | ၃၁၉၉ |
| စင်ကာပူ | ၅၉၉၅၆ | ၅၉၈၃၀ | ၂၉ |
| ထိုင်း | ၂၆၀၇၃ | ၂၅၄၂၀ | ၈၄ |
| ဗီယက်နမ် | ၂၄၇၂ | ၁၈၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၈၄၄ | ၄၇၈ | ၀ |
| ဘရူနိုင်း | ၁၈၆ | ၁၈၁ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |






# မြို့နယ်အချို့တွင် လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဆောင်ရွက်

**နေပြည်တော် မတ် ၂**

နိုင်ငံတော်အစိုးရအား နည်းမျိုးစုံဖြင့် ဆန့်ကျင်သော အစုအဖွဲ့များအနေဖြင့် နေ့စဉ်ရက်ဆက် လူစုလူဝေးများ လမ်းပေါ်ထွက်အောင် မီဒီယာများနှင့် လူမှုကွန်ရက်တို့ကို အသုံးပြုလှုံ့ဆော်ခြင်း၊ တရားမဝင်သော အဖွဲ့အစည်းများဖွဲ့စည်းပြီး ဦးစီးခေါင်းဆောင်ပြုလုပ်သူများအနေဖြင့် ရှေ့မထွက်ဘဲနောက်ကွယ်ရှိ အန္တရာယ်ကင်းဝေးသောနေရာ အသီးသီးတွင် နေထိုင်ကာ ငွေကြေး၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းအပါအဝင် လှုံ့ဆော်ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင်လမ်းပေါ်ထွက်၍ဆန္ဒပြသော လူစုလူဝေးအနေဖြင့် သိသာစွာ လျော့နည်းခဲ့သော်လည်း အချို့သောဒေသများတွင် မတည်မငြိမ်ဖြစ်စေရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်၊ စမ်းချောင်း၊ လမ်းမတော်နှင့် ရန်ကင်းမြို့နယ်တို့၌ လူစုလူဝေးများ ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၄)ဦး၊ အမျိုးသမီး (၈)ဦး စုစုပေါင်း (၁၂) ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂) ဗို့ ပြောင်းချောသေနတ်၊ မီးခိုးဖြူဗုံး၊ မျက်ရည်ယိုဗုံး၊ ၃၈ မီလီမီတာ ရော်ဘာကျည်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ ကံကော်ပင်လမ်းဆုံ၊ ဥတ္တံတားလမ်းဆုံတို့၌ လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ (၁၁)ရပ်ကွက်၊ မြိုင်(၄)လမ်း၌ လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ၃၈ မီလီမီတာ ရော်ဘာကျည်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

အလားတူ ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အိုးတန်းရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးပေါ်၌ လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ် ဆန္ဒပြသူ အမျိုးသား တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ထို့အတူ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်း၌ လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုများအပေါ် သုံးသပ်တွေ့ရှိရမှုအရ လူငယ်လူထုအများစုသည် လမ်းပေါ်ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံကာ ထိခိုက်ဒဏ်ရာ ရရှိခြင်းများကို တွေ့ရှိရကာ နောက်ကွယ်မှ လှုံ့ဆော်စည်းရုံးမှုကိုခံနေရသည့် အခြေအနေသို့ရောက်ရှိနေပြီး ၎င်းတို့၏ အနာဂတ်များ မပျက်စီးစေရေးအတွက် မိဘဆွေမျိုးများ အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ရန် လိုအပ်သည့် အခြေအနေတွင် ရောက်ရှိနေသည်ဟု ပြည်သူလူထုအများစုက ဝေဖန်သုံးသပ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူဆန္ဒပြသူများ ပိတ်ဆို့ထားသည့်လမ်းကို ဖယ်ရှားရှင်းလင်းစဉ်။



ဆူပူဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုကွဲစေရန် ထိန်းသိမ်းမှုများ ဆောင်ရွက်စဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြ အကြမ်းဖက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ


**နေပြည်တော် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြ အကြမ်းဖက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒသမ ၁၂ ဗို့ ကျည်ထိမှန်၍ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ လူအင်အား ၁၀၀ ခန့်သည် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် ကလေးမြို့ ပိတောက်လမ်းဆုံ၌ စတင်စုဝေးနေသဖြင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ပြီး အကြိမ်ကြိမ်တားမြစ်ကာ လူစုခွဲနိုင်ရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း။

ဆူပူဆန္ဒပြသည့် လူစုလူဝေးသည် စတင်စုဝေးသည့်နေရာမှ လမ်းလျှောက်ထွက်ခွာခဲ့ပြီး လူစုလူဝေး တိုးမြင့်ပါရှိလာကာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကလေးမြို့၊ ဘုရင့်နောင်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ မီးပွိုင့်အရောက်တွင် အင်အား ၁၀၀၀ ကျော်ခန့်ဖြစ်လာပြီး ကြွေးကြော်သံအမျိုးမျိုး အော်ဟစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုအော်ဟစ်ကြွေးကြော်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တုတ်/ဒိုင်းများ အသုံးပြုကာ အသံပေးခြောက်လှန့်နိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း။

အသံပေးခြောက်လှန့်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူဆန္ဒပြသူ လူစုလူဝေးအတွင်းရှိ အကြမ်းဖက်လိုသူများက ကိုင်ဆောင်လာသည့် ပလတ်စတစ်ဒိုင်းကာများ၊ ခဲများ၊ လောက်လေးခွများ၊ ပုလင်းများဖြင့် အကြမ်းဖက်ပစ်ခတ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ နောက်သို့ပြန်လည်ဆုတ်ခွာခဲ့ရပြီး ဆုတ်ခွာခဲ့သည့် တပ်ဖွဲ့ဝင်များနောက်သို့ ဆူပူအကြမ်းဖက်လိုသည့် လူအုပ်စုသည် လူအင်အားဖြင့် ရှေ့နောက်ပိတ်ဆို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား နည်းမျိုးစုံဖြင့် ရန်ပြုလာခြင်းတို့ကြောင့် မီးခိုးဗုံး၊ အသံမြည်ဗုံး၊ မျက်ရည်ယိုဗုံးများ၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်တို့ဖြင့် ပစ်ခတ်လူစုခွဲခြင်း ဆောင်ရွက်ခဲ့ရကြောင်း။





လူစုလူဝေးအတွင်း ရောက်ရှိဖြိုခွဲခဲ့ရမှု ဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိခြင်း၊ အချုပ်ယာဉ်ကားမှန်/ယာဉ်အဖုံးများ ပျက်စီးခဲ့ကာ အကြမ်းဖက်ဆန္ဒပြသူ လူအုပ်စုအတွင်း အကွာအဝေး နီးကပ်စွာ တည်ရှိနေမှုအရ ဒသမ ၁၂ ဗို့ ကျည်ထိမှန်၍ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း။

ဖြစ်စဉ်နှင့် ပတ်သက်၍ အေးချမ်းလုံခြုံစွာ နေထိုင်လိုသူ ကလေးမြို့ရှိပြည်သူလူထုအများစု အနေဖြင့် ထိတ်လန့်တုန်လှုပ်မှုများဖြစ်ပေါ်ကာ ၎င်းဖြစ်စဉ်အတွက် မိဘများက မိမိတို့၏ သားသမီးများအနာဂတ်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ပေးစေလိုကြောင်း ပြည်သူလူထုအများစု၏ သဘောထားကို သိရှိရကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**



# လူစုလူဝေးများဖြင့် စုဝေးဆန္ဒပြသူများအား အင်းစိန်အကျဉ်းထောင်တွင် ခေတ္တထိန်းသိမ်းထားရာမှ နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်

**နေပြည်တော် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးတွင် လူစုလူဝေးများဖြင့် စုဝေးဆန္ဒပြသူများအား တာဝန်ရှိသူများက ဆုံးမစကားပြောကြားပြီး အင်းစိန်အကျဉ်းထောင်တွင် ခေတ္တထိန်းသိမ်းထားရာမှ နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်မှ ရပ်ကွက်၊ ကျေးရွာများအဆင့်အထိ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်တာဝန်ပေးအပ်ခဲ့ရာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသူတို့က အုပ်စုဖွဲ့လျက် ဖိအားပေး ခြိမ်းခြောက်ခြင်း၊ အသက်အန္တရာယ်ရှိစေသည်အထိ ရန်ပြုခြင်း၊ အုပ်စုဖွဲ့ရမ်းကားဆန္ဒပြခြင်း၊ အုပ်ချုပ်ရေးရုံးများရှိ ဆိုင်းဘုတ်များ ဖြုတ်ချခြင်း၊ ရုံးမတက်နိုင်စေရန် တားဆီးပိတ်ဆို့မှုများနှင့် အစိုးရယန္တရားပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ထိပ်တိုက်ရင်ဆိုင်သည့် ပုံစံဖြင့် ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာကြောင်း။


ထိုသို့ ပြုလုပ်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး တာဝန်ရှိသူများက သတ်မှတ် ညွှန်ကြားချက်များနှင့်အညီ လူစုခွဲနိုင်ရေး အကြိမ်ကြိမ်သတိပေး ညှိနှိုင်းဖြေလျှော့ခြင်းများ ဆောင်ရွက်သော်လည်း လိုက်နာမှုမရှိ အကြမ်းဖက်ဆန်စွာ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအား ရန်ပြုလာပြီး လုံခြုံရေးတပ်ဖွဲ့အနေဖြင့် နီးကပ်စွာထိပ်တိုက်ရင်ဆိုင်ကာ ရန်ပြုခံရသည့်အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးစီးပွားကို ဦးတည်ပြီး မဖြစ်မနေ ထိန်းသိမ်းရန်လိုအပ်သဖြင့် ဥပဒေနှင့်အညီ ခေတ္တထိန်းသိမ်းခဲ့ရသည်။

ထိုကဲ့သို့ ထိန်းသိမ်းထားသူများမှာ ကမာရွတ်မြို့နယ် လှည်းတန်း၊ သာကေတ၊ တာမွေ၊ စမ်းချောင်း၊ တောင်ဥက္ကလာပ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ လှိုင်၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ ဗဟန်း၊ မြောက်ဥက္ကလာပ၊ မင်္ဂလာတောင်ညွန့်၊ သင်္ဃန်းကျွန်း၊ ကြည့်မြင်တိုင်မြို့နယ်များမှ အမျိုးသား ၂၂၄ ဦး၊ အမျိုးသမီး ၂၈၇ ဦး၊ စုစုပေါင်း ၅၁၁ ဦးတို့ဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ပေးမှုဖြင့် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ YBS မော်တော်ယာဉ်ကြီး ကိုးစီးဖြင့် နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



သတင်းစဉ်

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) ရုံးချုပ် အဆောက်အဦ၏ ဆိုင်းဘုတ်များ၊ မှန်များကို မသမာသူအကြမ်းဖက် လူတစ်စုက အကြောင်းမဲ့ ဖျက်ဆီး



**နေပြည်တော် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ သမိုင်းဝင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA) ရုံးချုပ်အဆောက်အဦကို မသမာသူအကြမ်းဖက် လူတစ်စုက အကြောင်းမဲ့ဖျက်ဆီးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ (YMBA) ရုံးချုပ်အဆောက်ဦးရှေ့သို့ မတ် ၁ ရက် ည ၈ နာရီခန့်တွင် မသမာသူအကြမ်းဖက် လူတစ်စုအင်အား ၂၀ ခန့် ရောက်ရှိလာပြီး ခြံဝင်းသံဘာဂျာတံခါးကို ချိုးဖျက်ဝင်ရောက်ရန် ကြိုးစားခဲ့ကြောင်း၊ ချိုးဖျက်၍မရသဖြင့် အဆောက်အဦတွင် ကပ်ထားသည့် "ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) " ဆိုင်းဘုတ် ရွှေရောင်စာလုံးများကို ဝါးလုံးဖြင့် ထိုးခွာဖျက်ဆီးခဲ့ပြီး ပြတင်းပေါက် မှန်တံခါးများနှင့် အဲကွန်း သုံးလုံးကိုလည်း ရိုက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် အဆောက်အဦနံရံများပေါ်၌ ညစ်ညမ်းသော စကားလုံးများကို ဆေးအမည်း မှုတ်၍ ရေးသားခြင်း၊ နိုင်ငံတော်အလံ လွှင့်ထူထားသောအလံတိုင်ကို ဖျက်ဆီးရန် ကြိုးပမ်းခြင်း၊ သာသနာ့အလံ စိုက်ထူထားသည်များကို ဖျက်ဆီးခြင်းစသည့် မင်းမဲ့စရိုက်ဆန်စွာ အကြောင်းမဲ့ ဖျက်ဆီးခြင်းများ လုပ်ဆောင်ကာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ ထို့ပြင် ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းကလည်း ဆူပူဆန္ဒပြသူအချို့သည် အဆောက်အဦရှေ့တွင် အကြောင်းမဲ့ လာရောက်အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ ဖြစ်စဉ်ဖြစ်ပွားမှုသည် မြန်မာပြည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် လွတ်လပ်ရေးနှင့် အမျိုးသားနိုင်ငံရေးကို ဦးဆောင်ခဲ့သည့် YMBA အသင်းကြီးကို ပျက်စီးစေလိုသော စိတ်ဖြင့် အကြမ်းဖက်ပြုမူခဲ့သည့် လုပ်ဆောင်မှုဖြစ်၍ မြန်မာ့သမိုင်း၊ နိုင်ငံတော်နှင့် ဗုဒ္ဓဘာသာအား မထီမဲ့မြင်ပြုမှုတစ်ခုဖြစ်ကြောင်းကိုလည်း YMBA အသင်းကြီးမှ သတင်းထုတ်ပြန်ထားရှိသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ပုဇွန်တောင်မြို့မရဲစခန်း၌ အမှုဖွင့်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံးကို ဆူပူဆန္ဒပြသူလူတစ်စုက အကြောင်းမဲ့လာရောက်ဖျက်ဆီး

**နေပြည်တော် မတ် ၂**

ဆူပူဆန္ဒပြသူများအနေဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားကို ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများကိုလည်း ဖိအားပေး ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများ စသည်တို့ကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ မတ် ၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ လည်းကောင်း၊ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ သစ်ရောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ကြံခင်းမြို့ ဆုံလဲကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း ဆန္ဒပြသူများက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများကို သော့များ၊ သစ်သားတန်းများရိုက်၍ ပိတ်ခြင်း၊ ဗီနိုင်းများ ချိတ်ဆွဲခြင်းများပြုလုပ်ပြီး အစိုးရအုပ်ချုပ်မှုလုပ်ငန်းယန္တရား ဟန့်တားနှောင့်ယှက်ခြင်းများ၊ ဆူပူဆန္ဒပြမှုများ ပြုလုပ်ခဲ့သဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးခဲ့ရသည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံးကို ဆူပူဆန္ဒပြသူလူတစ်စုက ခဲများ၊ အုတ်ခဲများ၊ ကုံးသီးများ၊ လေးခွများ အသုံးပြု၍ လာရောက်ပစ်ခတ်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သဖြင့် အဆိုပါရုံး၏ မျက်နှာစာနှင့်အနောက်ဘက်ခြမ်းရှိ မှန်များ ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ ဦးဆောင်သူများနှင့်ပါဝင်ပတ်သက်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ် ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့်သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ဆေးရုံများအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



သာစည်မြို့နယ် ဆေးရုံ၌ ဒေသခံပြည်သူတစ်ဦး တက်ရောက်ဆေးကုသမှုခံယူနေစဉ်။



အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေး ဆောင်ရွက်စဉ်။

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မတ် ၂**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများကအခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့ရှိ အခြေခံပညာ အလယ်တန်းကျောင်း (ကောင်းကော်)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နှင့် လင်းခေးမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ကရင်ပြည်နယ် ဖာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၅) ရပ်ကွက်ရှိ အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း(ခွဲ)၊ ပဲခူးတိုင်းဒေသကြီး အင်းမမြို့ အခြေခံပညာ အထက်တန်းကျောင်းတို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံ တပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စု ကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်

**နေပြည်တော် မတ် ၂**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင် အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေးဆွေးနွေး

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှိ အခြေခံပညာကျောင်းများဖွင့် လှစ်နိုင်ရေး ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် ကျောင်း များ ပိတ်ထားရသည့်အတွက် ကျောင်းသားများ၏ပညာဆည်းပူး ခွင့်ရရှိရေးနှင့် အနာဂတ်ဘဝ အတွက် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အပါအဝင် ပညာရေးကဏ္ဍ ရှေ့ ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များ ဆွေးနွေးလို၍ အစည်းအဝေးခေါ် ယူရခြင်းဖြစ်ကြောင်း ပဏာမ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးအောင်ဝင်းသိန်းက ရန်ကုန် တိုင်းဒေသကြီး ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ဆေးကန်များ စီစဉ်ထားရှိခြင်း၊ ကိုဗစ်-၁၉ ရောဂါ တစ်ဦးချင်းလိုက်နာဆောင်ရွက်ရမည့် အချက်များကို ကျောင်းသား ကျောင်းသူများလိုက်နာရန် စည်းကမ်းချက်များ၊ ကျောင်းသားမိဘများလိုက်နာရမည့် စည်းကမ်းချက်များ၊ ကျောင်းကြိုပို့ မော်တော်ယာဉ်နှင့် ယာဉ်မောင်း ယာဉ်နောက်လိုက်များကို ကျန်းမာရေးစစ်ဆေးပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး အကြို ဆွေးနွေးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါက်တာ သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်)၊ ဒေါ်နှင်းကြည် တိုင်းဒေသကြီး ပညာရေးမှူးနှင့် တက္ကသိုလ်၊ ကောလိပ်တို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းများကို ကိုဗစ် -၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်ရေး စင်တာများ၊ ကုသရေးစင်တာများ အဖြစ် အသုံးပြုထားသည့် အခြေအနေများနှင့် ပညာရေးဝန်ထမ်း၊ ဆရာ ဆရာမများအတွက် ပါးစပ်နှာခေါင်းစည်းနှင့် မျက်နှာဖုံး အကာများ၊ ထက်၊ လယ်၊ မူ ကျောင်းများအတွက် ဗလာစာအုပ်၊ ခဲတံ ၊ ဘောပင်များ ကြိုတင် ဖြန့်ဝေပေးထားသည့် အစီအစဉ်များ၊ လက်ဆေးကန်အတွက် ကျောင်းများတွင် အဓိက လိုအပ်သည့် ရေရရှိရေးအတွက် ရေစင်တည်ဆောက်ထားရှိမှုများ၊ သန့်စင်ခန်းများ တည်ဆောက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။ ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကျောင်းနှင့်ဝန်းကျင် ဥပမိရုပ် ကောင်းမွန်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရန်၊ စာသင်ခုံနှင့် သင်ထောက်ကူပစ္စည်းများ နေရာချထားခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေး လမ်းညွှန်ချက်များနှင့် ညီညွတ်စေရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်း၊ အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီး၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက် ပေးကြရန် ပြောကြားသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် မြဝတီမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**




## အမ်းမြို့နယ်၌ ဆောင်းသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**အမ်း မတ် ၂**

ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ကျေးရွာများ၏ ဆောင်းသီးနှံ စိုက်ပျိုးခင်းများ အောင်မြင် ဖြစ်ထွန်းနေမှုတို့ကို အမ်းမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါက်တာ လေးလေးဆွေနှင့် ဝန်ထမ်းများ ယမန်နေ့က ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် အမ်းမြို့နယ် ကိုးကန်တန်းကျေးရွာ၌ ဆောင်းရာသီစိုက်ခင်းများကို ကြည့်ရှု၍ ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များအား မြစိမ်းရောင်ရန်ပုံငွေ အတိုးများကို သတ်မှတ်ရက်တွင် မြန်ဆန်စွာ ပေးသွင်းကြရန် ကြိုးပမ်း ဆောင်ရွက်နိုင်ရေး ရှင်းလင်းမှာကြားသည်။

ကျေးရွာ၌ မြစိမ်းရောင် စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို ယခင်ကထက် ပိုမို၍ အကျိုးစီးပွား ဖြစ်ထွန်းအောင်မြင်နိုင်ရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**အောင်လှဖြူ**

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်းသတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဦးတည်ရာလမ်းကို ဖြောင့်တန်းစေလိုပါသည်

**မင်းပြည့်စုံ**

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ်၂ တွင် **“လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား၊ မသဘာဝ အားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေး ယူဆချက် သို့တည်းမဟုတ် အခြားယူဆချက် အားဖြင့်ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇာစ်မြစ်အားဖြင့် ဖြစ်စေ၊ ပစ္စည်းဥစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုး ဇာတိအားဖြင့်ဖြစ်စေ၊ အခြားအဆင့်အတန်း အားဖြင့်ဖြစ်စေ ခွဲခြားခြင်း မရှိစေရ”** ဟူ၍ ပါရှိပါသည်။

ထို့အတူ ယင်းကြေညာစာတမ်း အပိုဒ် ၁၂ တွင် **“မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာနေထိုင်ခြင်းကိုလည်းကောင်း၊ မိမိ၏ မိသားစုကိုသော်လည်းကောင်း၊ မိမိ၏ နေအိမ်အသိုက်အဝန်းကိုသော်လည်းကောင်း၊ စာပေးစာယူကိုသော်လည်းကောင်း၊ ဥပဒေအရ မဟုတ်သော ဝင်ရောက်စွက်ဖက်ခြင်း မခံစေရ။ ထို့ပြင် မိမိ၏ ဂုဏ်သိက္ခာကိုလည်း အထက်ပါအတိုင်း ပုတ်ခတ်ခြင်းမခံစေရ။ လူတိုင်းတွင် ထိုသို့ ဝင်ရောက်စွက်ဖက်ခြင်းမှ သော်လည်းကောင်း၊ ပုတ်ခတ်ခြင်းမှသော်လည်းကောင်း ဥပဒေအရ ကာကွယ်ပိုင်ခွင့်ရှိသည်”**ဟု အတိအလင်း ဖော်ပြထားပါသည်။

ထို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၂၉၊ (၂) တွင်မူ “မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည်၊ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရိုသေလေးစားစေရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် တရားမျှတစွာကျင့်ဆောင်ရန် အလို့ငှာလည်းကောင်း၊ ဥပဒေကပြဋ္ဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်” ဟု ပါရှိပါသည်။

## အစွန်းရောက်လူသားမဖြစ်စေလို

သို့သော် ယခုကာလ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်လာခဲ့သည်ကို မြင်တွေ့နေရပါသည်။ နိုင်ငံတော်နှင့် ရပ်ရွာအေးချမ်းသာယာမှု၊ ပြည်သူလူထု ဘေးကင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း နှောင့်ယှက်၊ တားဆီးမှုများ ပြုလုပ်နေကြသဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ဆောင်ရွက်နေကြရသည်။

**အစွန်းတစ်ဖက်သို့ ရောက်ရှိသွားသည့်အခါ လူသားတို့၏ အသိဉာဏ်သည် အမှောင်ဖုံး၍ အမှန်နှင့်အမှားကို ခွဲခြားနိုင်စွမ်း ကျဆင်းလာတတ်ပါသည်။ မိမိလုပ်ဆောင်ချက်များကိုသာ အမှန်ထင်၍ သူတစ်ပါး မည်မျှကောင်းအောင်လုပ်လုပ် အကောင်းမမြင်ဖြစ်လာတတ်သည်။ အမှန်တရားကို ကြားချိန်တွင် ခါးတတ်၍ အရှိတရားကို လက်ခံနိုင်စွမ်း အားနည်းလာတတ်သည်။ အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ဝေဖန်ပိုင်းခြားမှု မရှိတော့သည့်အခါ လုပ်သမျှ၊ ကိုင်သမျှ၊ ကြံစည်အားထုတ်သမျှတို့သည် အမှန်တရားနှင့် ကင်းဝေးလာတတ်ကြပါသည်။**

မနေ့က လူမှုကွန်ရက်တွင် အမျိုးသားတစ်ဦးကို သတင်းပေး(အင်ဖော်မာ)ဟု ယူဆကာ မျက်နှာပေါ်တွင် ငါးထောင်စားဟူ၍ တက်တူးထိုးပေးလိုက်သည်ဟု ဖတ်ရှုရသည်။ ထိုအမျိုးသားမှာ ဆန္ဒပြဖို့ ထွက်လာခဲ့ရင်း လမ်းလယ်ကောင် လူအများရှေ့အပြစ်သားတစ်ဦးအသွင် အပြစ်ပေးခြင်းကို ခံခဲ့ရသည်။ ထို့အတူ အမျိုးသမီးအချို့အား သတင်းပေးဟုဆိုကာ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေခြင်း၊ ပုံမှန်ရုံးတက်နေသည့် နိုင်ငံ့ဝန်ထမ်းများအား ရုံးမတက်စေရန် စော်ကားသိက္ခာချခြင်း၊ လှောင်ပြောင်ခြင်း၊ မိသားစုဓာတ်ပုံများဖြင့် သားစဉ်မြေးဆက် အရှက်ရစေရန် ရေးသားလွှင့်တင်ခြင်းများကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့ရသည်။

> **“အစွန်းတစ်ဖက်သို့ ရောက်ရှိသွားသည့်အခါ လူသားတို့၏ အသိဉာဏ်သည် အမှောင်ဖုံး၍ အမှန်နှင့် အမှားကို ခွဲခြားနိုင်စွမ်း ကျဆင်းလာတတ်ပါသည်။ မိမိလုပ်ဆောင်ချက်များကိုသာ အမှန်ထင်၍ သူတစ်ပါး မည်မျှကောင်းအောင် လုပ်လုပ် အကောင်းမမြင်ဖြစ်လာတတ်သည်။ အမှန်တရားကို ကြားချိန်တွင် ခါးတတ်၍ အရှိတရားကို လက်ခံနိုင်စွမ်း အားနည်းလာတတ်သည်။ အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ဝေဖန်ပိုင်းခြားမှု မရှိတော့သည့်အခါ လုပ်သမျှ၊ ကိုင်သမျှ၊ ကြံစည်အားထုတ်သမျှတို့သည် အမှန်တရားနှင့် ကင်းဝေးလာတတ်ကြပါသည်”**

မတရားမှုကို တော်လှန်သည်ဟု ပြောဆိုနေကြသူများက မတရားမှုများကို တွင်တွင်လုပ်ဆောင်နေခြင်းနှင့် ယင်းကို အားပေးထောက်ခံခြင်း၊ အခြားသူများ၏ လွတ်လပ်စွာသဘောထားကွဲလွဲနိုင်မှုအပေါ် လက်သင့်မခံနိုင်ဘဲ အတင်းအကျပ်ဖိအားပေးခြင်းတို့သည် အဖျက်အမှောင့်လုပ်ငန်းများဖြစ်ကြပြီး မင်းမဲ့စရိုက်ဆန်ဆန် ဥပဒေမဲ့စွာ ပြုမူလာကြသည်ကို မြင်တွေ့နေရပါသည်။

## လူမှုရေးဖိအားပေးခြင်းသည် ဒီမိုကရေစီလား

Social Punishment ဟူသည် အပြစ်လုပ်ထားသူများကို လူမှုပတ်ဝန်းကျင်က ပစ်ပယ်ခြင်း၊ အသိအမှတ်မပြုခြင်းဟု မိမိယူဆပါသည်။ ဥပမာ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည့်အခါ သိမ်းပိုက်ခြင်းခံရသည့်နိုင်ငံမှ ထုတ်ကုန်များကို

> **“ကမ္ဘာအရပ်ရပ်တွင် ပဋိပက္ခများဖြစ်ပွားတိုင်း သွေးဆူနေသည့် လူအုပ်စုများထဲသို့ သတင်းအမှား ကောလာဟလပေါင်းများစွာကို ပစ်ချပေးရင်း လိုရာသို့ ပုံသွင်းကြိုးဆွဲခေါ်ဆောင်သွားကြခြင်းများ ယနေ့အထိ မြင်တွေ့နေရဆဲ၊ အသုံးချနေကြဆဲဖြစ်သည်ကို သတိချပ်စေလိုပါသည်။ ဥပဒေအရ အပြစ်တစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိသည့်၊ ကိုယ့်တာဝန်ကိုယ် ကျေပွန်သည့်သူများကို အပြစ်ရှိသူများအဖြစ် စွပ်စွဲစော်ကားခြင်းသည် ဒီမိုကရေစီလမ်းကြောင်းနှင့် ဆန့်ကျင်၍ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေမည်သာ ဖြစ်ပါသည်”**

အသုံးမပြုခြင်း၊ အားမပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြဖူးသည်။ နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ပွားသည့်အချိန်တို့တွင် အပြစ်ရှိသည့်နိုင်ငံကို အသိအမှတ်မပြုကြ၊ ထိုနိုင်ငံထွက်ကုန်များကို မသုံးစွဲကြခြင်းတို့ဖြင့် လူမှုအသိုက်အဝန်းအတွင်းမှ ဖယ်ရှားပစ်ကြလေ့ရှိသည်။ သို့သော် ယင်းကို အပြစ်တစ်စုံတစ်ရာမရှိသည့် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများကို လူမှုရေးဖိအားပေး လုပ်ဆောင်နေခြင်းမှာ အလွန်ပင်မှားယွင်းသည့် လုပ်ဆောင်မှုပင် ဖြစ်ပါသည်။

ရပ်ကွက်များအတွင်း နိုင်ငံရေးအယူအဆ၊ အတွေးအမြင် မတူညီပါက ဖိအားပေး ခြိမ်းခြောက်ခြင်း၊ သတင်းပေးဟု သတ်မှတ်ကာ စည်းကမ်းမဲ့ ဝင်ရောက်ရှာဖွေခြင်း၊ လူစုလူဝေးဖြင့် အရှက်ခွဲခြင်းများ ရှိလာသည်ကိုလည်း မြင်တွေ့နေရပါသည်။ မိမိယုံကြည်မှု၊ မိမိကိုယ်ပိုင်အယူအဆများဖြင့် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများကို စိတ်နှလုံး ထိခိုက်စေရန် ရှုတ်ချလှောင်ပြောင်ခြင်း၊ စောင်းမြောင်း ကဲ့ရဲ့ခြင်းနှင့် တိုက်ရိုက်စော်ကား အရှက်ခွဲခြင်းတို့မှာ တိုင်းပြည်ဆူပူမှုဖြစ်ပွားအောင် အကွက်ကျကျ သွေးထိုးမြှောက်ပင့် ဆောင်ရွက်နေကြခြင်းဟုသာ မှတ်ယူမိပါသည်။

တရုတ်ပြည်၏ ယဉ်ကျေးမှုတော်လှန်ရေးအတွင်း ဘူဇွာလူတန်းစားဟူ၍ ဆက်ဆံခံခဲ့ရသည့် ပညာတတ်များ၊ အသက်အရွယ်ကြီးရင့်သူများ၏ မျက်နှာများကို မြင်ယောင်မိသည်။ လူအုပ်စုဖြင့် ဆောင်ရွက်မှုများတွင် ဖြစ်ပေါ်လေ့ရှိသည့် အုပ်စုခံစားမှုသည် သာမန်အသိဉာဏ်ကို ကျော်လွန်၍ အမှားများကျူးလွန်သည့်အဆင့်သို့ ရောက်ရှိတတ်သည်ကို သတိမူသင့်ပါသည်။ ထူးဆန်းသည့် စိတ်သဘာဝ အခြေအနေအရ လူအုပ်စုကြွေးကြော်သံ၊ လှုပ်ရှားမှုများသည် အတွေးအခေါ်အားနည်းသူများထံတွင် အထိန်းအကွပ်မဲ့လာတတ်သည်ကိုလည်း သတိပြုသင့်ပါသည်။

## ဒီမိုကရေစီခရီးတစ်ထောက်

ကမ္ဘာအရပ်ရပ်တွင် ပဋိပက္ခများဖြစ်ပွားတိုင်း သွေးဆူနေသည့် လူအုပ်စုများထဲသို့ သတင်းအမှား ကောလာဟလပေါင်းများစွာကို ပစ်ချပေးရင်း လိုရာသို့ ပုံသွင်းကြိုးဆွဲခေါ်ဆောင်သွားကြခြင်းများ ယနေ့အထိ မြင်တွေ့နေရဆဲ၊ အသုံးချနေကြဆဲ ဖြစ်သည်ကို သတိချပ်စေလိုပါသည်။ ဥပဒေအရ အပြစ်တစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိသည့်၊ ကိုယ့်တာဝန် ကိုယ်ကျေပွန်သည့်သူများကို အပြစ်ရှိသူများအဖြစ် စွပ်စွဲစော်ကားခြင်းသည် ဒီမိုကရေစီလမ်းကြောင်းနှင့် ဆန့်ကျင်၍ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေမည်သာ ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလတွင် နိုင်ငံတော်၏တာဝန် အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်း စီမံဆောင်ရွက်ပေးနေခြင်းသာ ဖြစ်သည်ကို မြင်တွေ့ရသည်။ နိုင်ငံတကာတွင် မြင်တွေ့ရဖူးသည့် အာဏာသိမ်းမှုများကဲ့သို့ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အင်အားသုံး ဖြေရှင်းမှုနည်းလမ်းများကို အတတ်နိုင်ဆုံးရှောင်၍ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေများနှင့် အညီသာ အရပ်သား၊ တိုင်းရင်းသားများပါဝင်သည့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

မိမိနှင့်မတူ ရန်သူဟူသည့်အမြင်များသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းသွားရန်ဟူသည့် ပြည်သူအားလုံးမျှော်လင့်ချက်ကို ထပ်တူကျနိုင်ပါရဲ့လားဟု သုံးသပ်စေလိုပါသည်။ အရေးပေါ်ကာလအတွင်း မိမိတို့နိုင်ငံအတွက် တည်ဆောက်သင့်၊ ပြုပြင်သင့်သည်များကို ဝိုင်းဝန်းဆောင်ရွက်ကြရင်း အချင်းချင်းသွေးစည်းညီညွတ်စွာဖြင့် ဥပဒေဘောင်အတွင်းမှ ဖြတ်သန်းကျော်လွှားကာ မူလရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းဆီကိုသာ ဦးတည်လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ပန်းပေါင်းစုံအပင်များ တိုးချဲ့စိုက်ပျိုးမည်

**ရန်ကုန် မတ် ၂**

ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရာသီပတ်လုံး ပန်းပေါင်းစုံ ဆက်ကပ်လှူဒါန်းနိုင်မည့် ပန်းပေါင်းစုံအပင်များကို စေတီတော်ကြီး ပရိဝုဏ်အတွင်း၌ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးမှ သိရသည်။

"ရွှေတိဂုံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းမှာ ရာသီပတ်လုံး စိမ်းလန်းစိုပြည်ပြီး ပန်းပေါင်းစုံဖြင့် အမြဲမပြတ် လှူဒါန်းနိုင်ဖို့ ပြည်သူလူထုဆီက အပွင့်ပန်းပင်တွေ အလှူခံနေပါတယ်။ အရင်ကလည်း အလှူခံပါတယ်။ အခုလို အပွင့်ပန်းပင်တွေရယ်လို့တော့ သီးသန့်အလှူခံတာ မဟုတ်ဘူးပေါ့။ အခုလည်း ဆက်လက်ပြီး အလှူခံဆဲ ဖြစ်ပါတယ်။ လတ်တလောက ဘုရားစေတီတော် ပရိဝုဏ်ဝတ္တကမြေမှာ အရွက်ပန်းတွေပဲ များတယ်။ ပန်းကော်ဇောကြီးလို ဘုရားကို ပန်းပေါင်းစုံ ရာသီမပြတ် ပူဇော်ချင်တာ၊ ခုဆိုရင် စတင်ပြီး စိုက်ပျိုးနေပါပြီ"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဒေါက်တာရဲအောင်က ပြောသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဝတ္တကမြေ သည်ဧက ၁၄၀ ကျော်ရှိပြီး ယင်းမြေဧရိယာ၌ ရွက်လှပန်းပင်များနှင့် နှစ်ရှည်ပင်များဖြစ်သော ကံ့ကော်ပင်၊ ပိတောက်ပင်၊ ပုန်းညက်ပင်၊ အင်ကြင်းပင်၊ ခရေပင်စသည့်ရာသီအလိုက် ပွင့်သောနှစ်ရှည်အပင်ကြီးများ စိုက်ပျိုးထားရှိပြီး ရာသီတိုပန်းမန်များလည်း စိုက်ပျိုးထားရှိသည်ကို တွေ့ရသည်။ ယခုအခါ စေတီတော်မြတ်ကြီးအား ရာသီပတ်လုံး ပန်းပေါင်းစုံ ဆက်ကပ်လှူဒါန်းနိုင်ရန် မိုးရာသီပန်း၊ ဆောင်းရာသီပန်းနှင့် နွေရာသီပန်း စသည်ဖြင့် ရာသီအလိုက် စေတီတော်ကြီးအား ပန်းပေါင်းစုံ လှူဒါန်းနိုင်ရန် အဓိကထား ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

စေတီတော်အောက်ဘက်ရှိ ဝတ္တကမြေဧက ၇၀ ပေါ်၌ လတ်တလော စက္ကူပန်း၊ ၂၄ နာရီပန်း၊ ပိန်းပန်း၊ ငုဝါပန်း၊ နှင်းဆီပန်း၊ ချစ်တီး ပန်း၊ စိန်ခြယ်ပန်း၊ စံပယ်ပန်း၊ ချယ်ရီပန်းနှင့် ညမွှေးပန်း စသည့် ရာသီအလိုက်ပွင့်သော ပန်းပေါင်းစုံကို ပြည်သူများအကြား အလှူခံကာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က စတင်စိုက်ပျိုးနေခြင်း ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဝတ္တကမြေပေါ်၌ ပန်းပေါင်းစုံ စိုက်ပျိုးဆောင်ရွက်မှု လုပ်ငန်းများကို ဇန်နဝါရီ ၃ ရက်မှစတင်ကာ စိုက်ပျိုးလျက်ရှိပြီး ယခုအခါ အပင်ပေါင်း တစ်ထောင်ဝန်းကျင် စိုက်ပျိုးပြီးကြောင်းနှင့် ပြည်သူများအနေဖြင့် ပါဝင်ကုသိုလ်ဒါန ပြုလှူဒါန်းလိုပါက ရွှေတိဂုံစေတီဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကိုဗစ်ကာလ ပထမအကျော့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်မှစတင်ကာ စေတီတော် ရင်ပြင်ပေါ် ဖူးမြော်ခွင့်ကို ယာယီပိတ်ထားရာမှ ယခုဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းမှ စတင်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းသို့ဖွင့်လှစ်ရာတွင် ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်တို့၌ ရဟန်း/ သံဃာနှင့် သီလရှင်များကို စတင်ဖူးမြော်ခွင့်ပြုခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက်တွင် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ဖူးမြော်ခွင့်ပြုကာ ဖေဖော်ဝါရီ ၁၁ ရက် နောက်ပိုင်းမှစ၍ ပြည်သူအများကို ဖူးမြော်ကြည်ညို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အထက်ပစ္စယာသို့ တက်ရောက်ဖူးမြော်ခွင့်ကိုလည်း ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ တစ်ပတ်လျှင် ဗုဒ္ဓဟူးနေ့၊ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် သုံးရက်တိုင်တိုင် တက်ရောက်ဖူးမြော်ခွင့်ပြုထားပြီး လတ်တလောအနေဖြင့် ယခင်ကတ်ဟောင်းများဖြင့်လည်း တက်ရောက်ဖူးမြော်ခွင့်ပေးထားကြောင်း သိရသည်။

ယင်းသို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ခွင့်ပြုရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ အချိန်ကန့်သတ်မှုဖြင့် ပိုင်းခြားသတ်မှတ်ခဲ့ရာ နံနက် ၆ နာရီမှ ၇ နာရီ၊ နံနက် ၈ နာရီမှ ၉ နာရီနှင့် နံနက် ၁၀ နာရီမှ ၁၁ နာရီအချိန်များတွင် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုခဲ့ပြီး မွန်းလွဲပိုင်းတွင် မွန်းလွဲ ၁ နာရီမှ ၂ နာရီ အထိလည်းကောင်း၊ မွန်းလွဲ ၃ နာရီမှ ၄ နာရီအထိလည်းကောင်းနှင့် ညနေပိုင်းတွင် ၅ နာရီ မှ ၆ နာရီအထိလည်းကောင်း အချိန်ပိုင်းခြား ဖူးမြော်ခွင့်ပြုထားပြီး ဘုရားရင်ပြင်သို့ တက်ရောက်ဖူးမြော်ခွင့်ကိုလည်း အရေအတွက်အားဖြင့် ကန့်သတ်ထားသော်လည်း လာရောက်ဖူးမြော်မှု အခြေအနေပေါ်မူတည်၍ တက်ရောက်ဖူးမြော် ခွင့်ပြုထားကြောင်း သိရသည်။

**ထိုက်အောင်ဝင်း**

---

**မြန်မာ့အလင်း**
**အယ်ဒီတာ့ထံ ပေးစာ**

## နိုင်ငံ့ဝန်ထမ်းများအပေါ် Social Punishment ဆောင်ရွက်နေသူများအား အရေးယူပေးနိုင်ပါရန်

**အယ်ဒီတာခင်ဗျား-**

ကျွန်တော်သည် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ကျွန်တော့်၏ မိဘနှစ်ပါးနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော ညီမတစ်ဦးတို့ မန္တလေးမြို့တွင် ရှိပါသည်။ ကျွန်တော့်အနေဖြင့် ဝန်ထမ်းစတင် ဆောင်ရွက်ကတည်းက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအရ မည်သည့်အစိုးရပင် တာဝန်ယူသည်ဖြစ်ပါစေ မိမိလုပ်ကိုင်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနအပေါ် တာဝန်ကျေပွန်စွာဖြင့် ထမ်းဆောင်ရမည်ဟု ခံယူချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါသည်။

၁-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံ၏ အခြေအနေအရပ်ရပ်ကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရပြီး နောက်ပိုင်းတွင်လည်း ကျွန်တော့်အနေဖြင့် မိမိတာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် ဆောင်ရွက်လျက်ရှိသလို ကျွန်တော့်ညီမကိုလည်း မိမိလုပ်ကိုင်ဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဖုန်းဆက် မှာကြားခဲ့ပါသည်။

သို့သော် နိုင်ငံတစ်ဝန်း ဝန်ထမ်းတချို့ Civil Disobedience Movement (CDM) လှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားနေသည်ကို သိရပါသည်။ ကျွန်တော့်အနေဖြင့် ယင်းလှုပ်ရှားမှုကြောင့် ပြည်သူလူထုအတွင်း ထိခိုက်နစ်နာဆုံးရှုံးမှုများ ရှိလာသည်ကို ကြားသိခဲ့ရသော်လည်း ကျွန်တော့်ဌာနအတွင်းမှ CDM ဆောင်ရွက်ကြသည့် လုပ်ဖော်ကိုင်ဖက်များကို ဒီမိုကရေစီကျင့်စဉ်အရ ကိုယ်ပိုင်လွတ်လပ်ခွင့်အဖြစ် နားလည်ထားသကဲ့သို့ ကျွန်တော့်ညီမကိုလည်း ၎င်း၏ လုပ်ဖော်ကိုင်ဖက်များ CDM ဆောင်ရွက်ခြင်းကို မည်သို့မျှ မှတ်ချက်မပေးရန် နေ့စဉ်နှင့်အမျှ သွန်သင်ဆုံးမခဲ့ပါသည်။

၁၁-၂-၂၀၂၁ ရက်နေ့တွင် ကျွန်တော်၏ ညီမမှ ဖုန်းဆက်၍ ၎င်းတို့၏ ဌာနတွင် တချို့ဝန်ထမ်းများ CDM လှုပ်ရှားမှုဆောင်ရွက်နေကြောင်း၊ ညီမကိုလည်း ၎င်းတို့နှင့်အတူ CDM တွင် ပါဝင်ရန် စည်းရုံးပြောကြားနေကြောင်း၊ CDM လှုပ်ရှားမှုတွင် မပါဝင်ပါက လူမှုကွန်ရက်စာမျက်နှာတွင် ဓာတ်ပုံများတင်၍ Social Punishment လုပ်မည်ဟု ခြိမ်းခြောက်ပြောဆိုလာကြောင်း ငိုကြွေး၍ ပြောကြားခဲ့ပါသည်။

ထို့အပြင် ကျွန်တော့်ညီမရုံးသွားသည့်အခါတွင်လည်း ၎င်းလုပ်ဖော်ကိုင်ဖက်များက စောင့်ကြည့်၍ ချောင်းမြောင်းဓာတ်ပုံရိုက်ခြင်း၊ ရပ်ကွက်အတွင်း လှည့်လည်သွေးထိုးခြင်းနှင့် လူမှုကွန်ရက်စာမျက်နှာတင်၍ အရှက်ခွဲခြင်းများ လုပ်ဆောင်နေသည်ကို ဖုန်းဆက်ပြောကြားမှုအရ ဝမ်းနည်းစွာ သိရှိရပါသည်။

ကျွန်တော့်အနေဖြင့် ယင်းသို့ဆောင်ရွက်မှုများကို မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို လေ့လာသည့်အခါ နေ့စဉ်ထုတ်သတင်းစာများတွင် နိုင်ငံ့ဝန်ထမ်းများအား Social Punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများကို သိရှိရသည့်အတွက် ဝမ်းသာမိပြီး ဆက်သွယ်တိုင်ကြားမှုများလည်း ပြုလုပ်စေခဲ့ပါသည်။

ကျွန်တော့်ညီမကဲ့သို့ Social Punishment ပြုလုပ်ခံနေရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သို့ဆောင်ရွက်ရမည်ကို သိရှိနိုင်ရန်နှင့် နိုင်ငံရေးသမားများ၏ သွေးထိုး လှုံ့ဆော်မှုကြောင့် CDM ဆောင်ရွက်နေသည့် ဝန်ထမ်းတချို့နှင့် CDM မဆောင်ရွက်ဘဲ ရိုးသားစွာဖြင့် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအပေါ် Social Punishment ဆောင်ရွက်နေသူများအား အမြန်ဆုံး ပြင်းထန်စွာ အရေးယူပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါသည် ခင်ဗျား။

**ဝန်ထမ်းတစ်ဦး**

---

## ပြည်သူအများသွားလာရာ လမ်းမများပေါ်၌ တားဆီးပိတ်ပင်မှုများကို ရှင်းလင်းပေးစေလို

**အယ်ဒီတာခင်ဗျာ-**

ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်းရှိမြို့ကြီးများ၌ ပြည်သူအများသွားလာရာ လမ်းမကြီးများ၊ လမ်းသွယ်များပေါ်တွင် ယခုရက်ပိုင်းအတွင်း CDM လှုပ်ရှားဆန္ဒထုတ်ဖော်မှုကို အကြောင်းပြု၍ အကာအရံအတားအဆီးများ အမျိုးမျိုးပြုလုပ်ကာ ပိတ်ပင်တားဆီးမှုများကို နေရာအနှံ့အပြား၌ တွေ့မြင်နေရပါသည်။

မြန်မာနိုင်ငံတစ်ဝန်း၌ ဖေဖော်ဝါရီ လဆန်းပိုင်းမှစတင်ကာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ မိမိသဘောဆန္ဒအလျောက် ဆန္ဒထုတ်ဖော်မှုများကို မဝေဖန်လို၊ မပြောကြားလိုသော်လည်း မင်းမဲ့စရိုက်ဆန်စွာ ယခုကဲ့သို့ အများသူငါ သွားလာနေသည့် လမ်းမကြီးများပေါ်တွင် သစ်တုံးများဖြင့် တားဆီးခြင်း၊ ကားများကို အပျက်ပြကာ ရပ်နားမှုများပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ တားဆီး ထုတ်ပြန်မှုများကို လိုက်နာမှုမရှိဘဲ သတ်မှတ်လူစုလူဝေးများထက် ကျော်လွန်ကာ လမ်းမများပေါ်၌ အလွန်အကျွံ စုဝေးဆန္ဒထုတ်ဖော်မှုများသည် ယာဉ်ကျပ်တည်းမှု ပြဿနာကို ယခင်ကတည်းက ကြုံတွေ့နေရသည့် ရန်ကုန်မြို့လိုနေရာ၌ ခရီးသွားများနှင့် အလုပ်တက်၊ အလုပ်ဆင်း ပြည်သူများအနေဖြင့် အတော်လေး အခက်အခဲ တွေ့ကြုံနေရ ပါသည်။

အလားတူ အစိုးရဝန်ထမ်းများ အလုပ်တက်၊ အလုပ်ဆင်းပြုရာတွင် အဆင်ပြေစေရန်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းကြိုပို့ယာဉ်များ သွားလာရာတွင်လည်း အလုပ်ဝင်ရောက်လုပ်ကိုင်နေသော ဝန်ထမ်းများ အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အနှောင့်အယှက်ပေးနေမှုများသည်လည်း ယိုသူမရှက် မြင်သူရှက်ဖြစ်နေသည်ကိုပင် အသိတရားမဲ့နေကြသည့် မြင်ကွင်းက လူ့ပတ်ဝန်းကျင်၌ အတော်လေးပင် အရုပ်ဆိုးအကျည်းတန်လှပါသည်။ ထို့ကြောင့် ဌာနပိုင်ယာဉ်များသည်လည်း ယခင်ကပ်ထားသော ဌာနအသိအမှတ်ပြု စတေကာများကိုပင် ကပ်ထားခြင်းမပြုတော့ဘဲ လမ်းမများပေါ်၌ စိုးရိမ်ကြီးစွာ မောင်းနှင်နေကြသည်ရကိုလည်း ကြားသိနေရပါသည်။ ယင်းသို့ အများသူငါ သွားလာလှုပ်ရှားနေသည့် လမ်းမများပေါ်၌ အန္တရာယ်ကင်းကင်းဖြင့် သွားလာနိုင်ရေးအတွက် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူပေးပါရန်နှင့် ယင်းသို့ ပိတ်ပင်တားဆီးမှုမျိုး မရှိအောင်လည်း ပြည်သူများ ချောမွေ့စွာ သွားလာနိုင်ရေး ကာကွယ်ပေးစေလိုပါသည်။

သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ယခုကဲ့သို့ အများသူငါ သွားလာလှုပ်ရှားနေသော မြို့ကြီးများရှိ လမ်းမများပေါ်တွင် အနှောင့်အယှက်ကင်းကင်း၊ အန္တရာယ်ကင်းကင်းဖြင့် လုံခြုံအေးချမ်းမှုရှိရှိ သွားလာနိုင်စေရန် တားဆီးဆောင်ရွက်ပေးစေလိုကြောင်း ရေးသားတင်ပြအပ်ပါသည်။

**လမ်းမများပေါ်၌ အန္တရာယ်ကင်းကင်း၊ လုံခြုံမှုရှိရှိဖြင့် ခရီးသွားလိုကြသူများ။**

---

**အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်**

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့်ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

# စတုတ္ထမဏ္ဍိုင် ခိုင်မာရှင်သန်စေလို

မင်းလက်ျာ

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဟူ၍ တရားဝင် သတ်သတ်မှတ်မှတ် နိုင်ငံတော်သမ္မတရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုကြပြီး ဖွဲ့စည်းခြင်းကို ၂၀၁၅ ခုနှစ် မတ်လက သမ္မတ ဦးသိန်းစိန် ရှေ့မှောက်တွင် ပြုလုပ်ခဲ့ပါသည်။ နောက်တက်လာသည့် အစိုးရ အဖွဲ့ထံ အာဏာလွှဲပြောင်းပေးရန် အချိန်နီးကပ် နေပြီဖြစ်၍ သမ္မတကြီးက "ကဲ- ခင်ဗျားတို့ကို ကျွန်တော်တို့က ဖွဲ့စည်းပေးလိုက်ပါပြီ။ နိုင်ငံတော် အကျိုး၊ စာနယ်ဇင်းလောကအကျိုး စသဖြင့် တတ်နိုင်သမျှ ဆောင်ရွက်ပေးကြပါ"ဟု မှာကြား သွားပါသည်။ ပထမအကြိမ် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီမှာ ဤသို့ သမ္မတ ဦးသိန်းစိန် အစိုးရက နောက်အစိုးရသစ်ကို တာဝန်လွှဲပြောင်း ပေးရန် အချိန်နီးကပ်နေချိန်မှ ဖွဲ့စည်းရခြင်းအတွက် အချိန်မရှိတော့၍ အစိုးရနှင့် ရှေ့လုပ်ငန်းစဉ်များ ကိစ္စ၊ အစိုးရက မည်သို့ကူညီမည်ဆိုသော ကိစ္စမျိုး များအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချိန် မရလိုက်ကြပါ။

## ညှိနှိုင်းလုပ်ဆောင်

နောက်တာဝန်ယူမည့် အစိုးရသည် အာဏာ မရခင်အချိန်က ဒီမိုကရေစီအကြောင်း တွင်တွင် ရှေ့တန်းတင်ပြောဆိုခဲ့သည်နှင့်အညီ ထိုအစိုးရ တာဝန်ယူပြီးနောက်တွင် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်း၍ လုပ်ဆောင်ကြရလိမ့်မည်ဟု စာနယ်ဇင်း ကောင်စီဝင်များက မျှော်မှန်းခဲ့ကြပါသည်။

အစိုးရသစ်တက်လာပြီးနောက်တွင် အစိုးရ သစ်သည် ပထမပိုင်း သူ့အလုပ်နှင့်သူ ရှုပ်နေ သဖြင့် သတင်းမီဒီယာကောင်စီဘက်သို့ ဖြစ်ဖြစ် မြောက်မြောက် လှည့်မကြည့်နိုင်ခဲ့ပါ။ မီဒီယာ ကောင်စီသည် ရုံးခန်းအပိုင်နေရာမရှိသည့်ကိစ္စ မှစ၍ ကိုယ့်အားကိုယ်ကိုး ဖြေရှင်းခဲ့ကြပါသည်။ သတင်းမီဒီယာကောင်စီသည် ရွှေဂုံတိုင်တာဝါတွင် တစ်လ ၁၇ သိန်းနှင့် အခန်းငှား၍ ရုံးဖွင့်ထားရပါ သည်။ ဦးသိန်းစိန်အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးက နေရာချထားပေး၍ နောက်ပိုင်းတွင် ၃၅ လမ်းမှ ဂိုဒေါင်ဟောင်းကြီးတစ်နေရာကို ရခဲ့ပါ၏။ သိန်း နှစ်ရာကျော် အကုန်အကျခံ၍ ပြင်ဆင်ပြီး ထည်ထည်ဝါဝါ မြို့လယ်ကောင် ရုံးခန်းဖွင့်၍မှ မကြာမီ အစိုးရသစ်လက်ထက်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနက နေရာကို ပြန်တောင်းပါတော့၏။ ကယ်မည့်သူ မရှိပါ။ နောက်ဆုံးပိုင်ရှင်ကို ပြန်ပေး လိုက်ရပါတော့သည်။ ထိုတိုက်ခန်း ဂိုဒေါင်ကြီးမှာ နှစ်ပေါင်းများစွာ အသုံးမပြုဘဲ ပစ်ထားသော နေရာကြီးဖြစ်ပါ၏။

စာနယ်ဇင်းကောင်စီဝင်များ ကြီးကြပ်၍ ရုံးအဖွဲ့မှ အသေအချာ ဂရုတစိုက်ပြင်ဆင်ပြီး မြို့လယ်ကောင်ဖြစ်၍ သွားလာရေးလည်း လွယ်ကူ၊ နိုင်ငံခြားစာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းများမှ ဧည့်သည်တော်များ လာရောက်လည်ပတ်ရာတွင် လည်း အဆင်ပြေ၊ အပြလည်းကောင်းသည့်နေရာ၊ သည်နေရာကို တာဝန်မှရပ်ဆိုင်းတော့မည့် ယခင် အစိုးရအဖွဲ့မှ ဝန်ကြီးက ပေးခဲ့ခြင်းဖြစ်ပါသည်။ ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြန်တောင်း သည့်အခါ ကယ်မည့်သူ၊ မေးမည့်သူမရှိဘဲ နောက်ဆုံး ပြန်ပေးလိုက်ရပါတော့သည်။

ထိုအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့် ဒုတိယဝန်ကြီး တာဝန်ယူထားသည့် ယခင် မီဒီယာကောင်စီဝင်နှစ်ဦး ရှိနေလို့သာ ပြန်ကြားရေးဝန်ကြီးဌာနပိုင်သော ဂါးဒီးယန်း သတင်းစာတိုက်ဟောင်းကြီးမှာ နေရာထပ်ရပါသည်။ ဒါပေမယ့် နှစ်ပေါင်းများစွာ သော့ခတ်ထားတဲ့နေရာ ကို ပြင်ပြီးသုံးရတာပါ။ နိုင်ငံတော်ကလည်း ပြင်ဆင် စရိတ် သိန်း ၃၀၀ လောက် ထင်ပါရဲ့၊ ထပ်ကုန်သွား ပါသည်။ တကယ်တမ်းပေးချင်ရင် အခြေအနေ ကောင်းသည့် အသုံးတည့်အဆောက်အအုံတွေ ရှိပါ သည်။ ဘယ်အဖွဲ့အစည်း၊ ဘယ်ဌာနကမျှ အရေး

> **သတင်းမီဒီယာကောင်စီဟာ တစ်ဖက်မှာလည်း တိုင်းနဲ့ပြည်နယ်တွေ ဆင်းပြီး တိုင်းနဲ့ပြည်နယ်အစိုးရအဖွဲ့တွေ၊ စာနယ်ဇင်းသမားတွေနဲ့ လှည့်လည် တွေ့ဆုံရပါသည်။ အုပ်ချုပ်သူများနှင့် သတင်းမီဒီယာ များကြားမှာ ပိုမိုနီးစပ်မှုရှိလာအောင် တစ်ဖက်နဲ့ တစ်ဖက် အမြင် လွဲမှားမှုတွေအခြေခံပြီး ပွတ်တိုက်မှုတွေ မဖြစ်ပွားအောင် သတင်း မီဒီယာကောင်စီက တံတားထိုးပေးတာပါ**

တယူပေးချင်တဲ့ပုံ မရှိကြပါဘူး။

သတင်းမီဒီယာကောင်စီဟာ တစ်ဖက်မှာလည်း တိုင်းနဲ့ပြည်နယ်တွေဆင်းပြီး တိုင်းနဲ့ပြည်နယ် အစိုးရအဖွဲ့တွေ၊ စာနယ်ဇင်းသမားတွေနဲ့ လှည့်လည် တွေ့ဆုံရပါသည်။ အုပ်ချုပ်သူများနှင့် သတင်းမီဒီယာ များကြားမှာ ပိုမိုနီးစပ်မှုရှိလာအောင် တစ်ဖက်နဲ့ တစ်ဖက် အမြင်လွဲမှားမှုတွေအခြေခံပြီး ပွတ်တိုက်မှု တွေမဖြစ်ပွားအောင် သတင်းမီဒီယာကောင်စီက တံတားထိုးပေးတာပါ။

## စတုတ္ထမဏ္ဍိုင်

မီဒီယာကောင်စီဝင်တွေထဲမှာ ဥက္ကဋ္ဌက အသက် ကိုးဆယ်ကျော်ဖြစ်ပြီး ရှစ်ဆယ်ကျော်တွေ၊ ခုနစ် ဆယ်ကျော်တွေ၊ ခြောက်ဆယ်ကျော်တွေ အများ အပြား ပါကြပါသည်။ လူကြီးများက ဘတ်စ်ကားကြီး တွေငှားပြီး နယ်ကိုခရီးထွက်ကြရပါသည်။ လခ၊ ခရီးစရိတ် စသည့် နေ့တွက် ခွင့်ပြုထားခြင်း မရှိပါ ဘူး။ သို့သော် အားလုံးက စာပေအလုပ်ကို လုပ်နေ ရလို့ ပျော်နေကြတာပါ။ အဲဒီလို နယ်ထွက်တွေ့ဖို့ အစီအစဉ်တွေလုပ်တာမှာ တချို့ပြည်နယ်နဲ့ တိုင်း တွေမှာ အလွယ်တကူ ချိန်းဆိုတွေ့ဆုံလို့ရပါသည်။ ဒါပေမယ့် တချို့နေရာတွေမှာကျတော့ ရှောရှော ရှူရှူချိန်းလို့မရပါဘူး။ နေ့ရွှေ့ ညရွှေ့နဲ့ပါ။ တစ်ခါက စိတ်ထဲက မသင်္ကာဖြစ်လာလို့ ပြည်နယ်ဝန်ကြီးချုပ် တစ်ယောက်ကို မေးကြည့်တော့မှ အကြောင်းစုံ သိရပါတော့သည်။ ပြည်နယ်ဝန်ကြီးချုပ်က ပြောတာ ကတော့ တစ်ကြိမ်မှာတဲ့ သူတို့ခေါင်းဆောင်က စာနယ်ဇင်းသမားတွေက သူတို့ကိုယ်သူတို့ စတုတ္ထ မဏ္ဍိုင်လို့ ပြောပြောနေကြသည်။ စတုတ္ထမဏ္ဍိုင်လို့ မကြားဖူးပါဘူးလို့ တိုင်းနဲ့ ပြည်နယ်ဝန်ကြီးချုပ် တွေရှိရာ တစ်နေရာမှာ ပြောလိုက်ပါသတဲ့။ အဲဒါနဲ့ ကြောက်ပြီး တချို့က မီဒီယာကောင်စီကို မတွေ့ရဲ ဖြစ်နေကြတာလို့ ပြောပါသည်။

ကျွန်တော်ကတော့ အကူအညီပံ့ပိုးမှုတွေ အများကြီးပိုရမယ်လို့ မျှော်မှန်းထားတဲ့ အစိုးရ လက်ထက်မှာမှ အဲဒီလိုကြားလိုက်ရလို့ ကိုယ့်နားကိုယ် မယုံချင်ဖြစ်သွားရပါသည်။ ဒါပေမယ့် လက်တွေ့ ဖြစ်ရပ်တွေနဲ့ ချိန်ထိုးကြည့်တော့လည်း ဟုတ်ပေ တာပဲလို့ ဖြေရပါသည်။ ဒီအစိုးရလက်ထက်မှာ မီဒီယာကောင်စီကို တာဝန်ရှိထိပ်ပိုင်းက ပုဂ္ဂိုလ်တွေ ခေါ်တွေ့တာ တစ်ကြိမ်မျှ မရှိခဲ့ပါဘူး။ သတင်းမီဒီယာ ကောင်စီက တစ်ကြိမ်မျှ အုပ်ချုပ်ရေးပိုင်း ထိပ်သီး ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံခဲ့တာ၊ တင်ပြခဲ့ရတာ၊ ရှင်းလင်း ပြခဲ့ရတာ တစ်ကြိမ်မျှ မရှိပါဘူး။

ပထမအကြိမ် သတင်းမီဒီယာကောင်စီကို နေပြည်တော်ကို ဖိတ်ပြီးတွေ့ဆုံတာ၊ အပြန်အလှန် လုပ်ငန်းသဘောတွေကို ဆွေးနွေးတာဆိုလို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့အဖွဲ့ပဲ ရှိခဲ့ပါ သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖိတ်ကြားတွေ့ဆုံပါသည်။ သတင်းမီဒီယာကိစ္စများ အပြန်အလှန်တင်ပြဆွေးနွေးကြပါသည်။

နောက်တစ်ခါ ရန်ကုန်မှာ တပ်မတော်မှ ဌာန ကြီးမှူးများပါတဲ့ အဖွဲ့က ပထမအကြိမ် သတင်း မီဒီယာကောင်စီကို ထပ်မံဖိတ်ခေါ်ပြီး တွေ့ဆုံပါသေး သည်။ ဒီလို နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုရလဒ် ရတော့ တပ်မတော်က တရားစွဲဆိုထားတဲ့ မီဒီယာ သမားများအမှုကို ပိတ်သိမ်းကျေအေးလိုက်ခဲ့တဲ့ ဖြစ်စဉ်ရှိခဲ့ပါသည်။ ဒါ့ကြောင့် ဒီမိုကရေစီအကြောင်း တွင်တွင်ပြောနေတဲ့ အစိုးရအနေနဲ့ တစ်ကြိမ်မျှ သတင်းမီဒီယာကောင်စီကို ခေါ်ယူတွေ့ဆုံညှိနှိုင်း တိုင်ပင်ခြင်းမရှိတဲ့အချိန်တွေမှာ တပ်မတော် ခေါင်းဆောင်ပိုင်းကသာ ဖိတ်ကြားတွေ့ဆုံခြင်း၊ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးညှိနှိုင်းခြင်းတို့ဖြင့် တတ်နိုင်သမျှ မီဒီယာသမားများကို အကူအညီ ပေးနေခဲ့တာပါ။

မနေ့တစ်နေ့က လက်ရှိအခြေအနေမှာ မီဒီယာ လောကအတွက် ဆောင်ရွက်ပေးရန် မဖြစ်နိုင် သော အခြေအနေကြောင့်ဟုဆိုကာ နုတ်ထွက် သွားကြတဲ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဝင် ၁၁ ဦး အမှတ်ရကောင်းပါတယ်လို့ ပြောချင် ပါသည်။ တကယ်တမ်းတော့ တပ်မတော်ဟာ ပထမအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကာလမှာတင် မဟုတ်ပါဘူး။ လက်ရှိတာဝန် ထမ်းဆောင်ဆဲ ဒုတိယအကြိမ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လက်ထက် မှာလည်း သူကပဲ ဖိတ်ကြား တွေ့ဆုံခဲ့တာပါ။ ဒီမိုကရေစီ အစိုးရက သတင်းမီဒီယာကောင်စီကို ကျီးစောင့် ကြက်နှင် မီဒီယာကောင်စီလို့သာ သဘောထားခဲ့ တာဖြစ်ပါသည် ဆိုတာကို ပြောပါရစေ။

## တင်စားသညာပြု

မကြာသေးမီ ကာလများအတွင်းကဆိုလျှင် ထိုစဉ်က တိုင်းဒေသကြီးဝန်ကြီးချုပ် တစ်ဦးက စတုတ္ထမဏ္ဍိုင်ဆိုတာ မကြားဖူးပါလို့တောင် ထုတ်ဖော်ပြောကြားခဲ့တာလည်း ကြားခဲ့ရ ပါသည်။ တကယ်တမ်းမှာ စတုတ္ထမဏ္ဍိုင်လို့ စာနယ်ဇင်းလောကကို တင်စားပြောဆိုတဲ့ စကားကလည်း ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးများ လို့ခေါ်ကြတဲ့ အနောက်နိုင်ငံများဆီက မြစ်ဖျား ခံလာတဲ့ စကားလုံးပါ။ နိုင်ငံရေးစနစ်တစ်ခုမှာ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ အဓိကမဏ္ဍိုင်ကြီး သုံးရပ်ရှိကြောင်းနဲ့ အဲဒီ မဏ္ဍိုင်ကြီးသုံးရပ်ကို ထိန်းညှိ တည့်မတ်ပေး နေရမှာက စာနယ်ဇင်းများဖြစ်ကြောင်း၊ ဒါ့ကြောင့် စာနယ်ဇင်းဆိုတာဟာ ဒီမိုကရေစီစနစ်မှာ ဒီမို ကရေစီကို ထိန်းကျောင်းပေးတဲ့မဏ္ဍိုင် စတုတ္ထ မဏ္ဍိုင်ဖြစ်ပါပေတယ်လို့ တင်စားသညာပြု တာပါ။

စာနယ်ဇင်းသမားတွေက တို့ဟာ ဖော်ပြပါ မဏ္ဍိုင်ကြီး သုံးရပ်လိုပဲ အရေးပါတဲ့ စတုတ္ထမဏ္ဍိုင် ဖြစ်တယ်ဆိုပြီး ကုလားထိုင်ခင်းပြီး အတင်းနေရာ ဝင်ယူတာ မဟုတ်ပါဘူး။ တင်စားပြောကြားခြင်း သာဖြစ်တယ်ဆိုတာကို အုပ်ချုပ်သူများ နားလည် သဘောပေါက်ကြရမှာ ဖြစ်ပါသည်။

မကြာမီရက်ပိုင်းအတွင်းကတော့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စာနယ်ဇင်းများ ဟာ စတုတ္ထမဏ္ဍိုင်ဖြစ်တယ်ဆိုတာကို လက်ခံပါ တယ်လို့ ဖွင့်ဟပြောခဲ့တာ ကြားခဲ့ရပါသည်။ နိုင်ငံ့ အကြီးအကဲကိုယ်တိုင်က အရင့်အရင်ပုဂ္ဂိုလ်တွေ တစ်ခါမျှ မဟဖူးတဲ့စကားကို တရားဝင် ပြောဆိုလာ ပြီး အစိုးရသစ်ရဲ့ စာနယ်ဇင်းဆိုင်ရာရပ်တည်ချက် ကို ဖွင့်ဟပြောကြားလာခဲ့တဲ့အချိန်ကျမှ သတင်း မီဒီယာကောင်စီဝင်တချို့က "ယခုအခါ မီဒီယာ သမားများအတွက် ကူညီရပ်တည်လုပ်ဆောင်ပေး ရန် အခက်အခဲဖြစ်ပေါ်နေပါသဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက နုတ်ထွက်ပါတယ်" လို့ ပြောပြီး နုတ်ထွက်သွားတာဟာ လက်ရှိ ပကတိ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ ကိုက်ညီမှုရှိပါရဲ့လား လို့တွေးစရာ ဖြစ်မနေဘူးလား ခင်ဗျာ။ ။

---

## သီးနှံစိုက်ခင်းများတွင် ဓာတုဆေးဝါးများပိုမိုသုံးစွဲလာရ၍ အရင်းအနှီးများ ယခင်နှစ်များထက် ပိုမိုကုန်ကျ

ဝန်းသို မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် လက်ပံကြီးတောအုပ်စု နန်းလိုင်းဆည်ကို အခြေခံလျက်ရှိသော သီးနှံစိုက်ခင်းများတွင် သဘာဝ မြေသြဇာများရှားပါးမှုကြောင့် အပင်အားဆေး၊ ဓာတ်မြေသြဇာ၊ ကွန်ပေါင်းဓာတ်မြေသြဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး စသည် တို့ကို ပိုမိုသုံးစွဲလာရကြောင်း သီးနှံစိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

ယခုအခါ မြေပဲ၊ နေကြာ၊ ကြက်သွန်၊ ပြောင်း၊ ဖရဲ၊ ပန်းမျိုးစုံ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ငရုတ်စသည်တို့ကို အဓိက အားထားစိုက်ပျိုးကြသည်။ သီးနှံစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ယခင်က တစ်အိမ် ထောင်စုလျှင် လယ်ဧကပေါ်မူတည်၍ ခိုင်းနွားများစွာ မွေးမြူလျက်ရှိပြီး ယခုအခါ စက်မှုထွန်းကားလာသည်နှင့်အမျှ အချို့တောင်သူများမှာ လယ်မြေသာရှိပြီး ခိုင်းနွားများမွေးမြူမှု မရှိတော့သည့်အတွက် သဘာဝမြေသြဇာအစား သီးနှံစိုက်တောင်သူများအနေဖြင့် ဓာတု ဆေးများကို တစ်နှစ်ထက်တစ်နှစ်ပိုမိုသုံးစွဲလာသောကြောင့် စိုက်ခင်း များတွင် မြေဆီလွှာများလျော့နည်းလာပြီး နိုက်ထရိုဂျင်၊ ဖော့စဖိတ်၊ ပိုတက်ဆီယမ် စသည့်အပင်အားဆေးများ သုံးစွဲမှသာ အပင်များ ဖြစ်ထွန်းသဖြင့် တစ်နှစ်ထက်တစ်နှစ် ဓာတုဆေးများ ပိုမိုသုံးစွဲလာရ ကြောင်း၊ ပိုးမွှားများလည်း ပိုမိုကျရောက်လာကြောင်း ရှမ်းစုကျေးရွာမှ သီးနှံစိုက်တောင်သူ ဦးတင်ရွှေက ပြောသည်။

စိုက်ခင်းများမှ ထွက်ရှိသည့် သီးနှံများနှင့်ဟင်းသီးဟင်းရွက်များ ကို ဝန်းသိုမြို့နှင့် ကောလင်းမြို့သို့ ရောင်းချရပြီး ဝန်းသိုမြို့နယ် နန်းလိုင်းဆည်ကို အခြေခံလျက်ရှိသော သီးနှံစိုက်ခင်းများသည် ဓာတုပိုးသတ်ဆေးများ ပိုမိုသုံးစွဲခြင်းများကြောင့် အရင်းအနှီးများ ယခင်ကထက် ပိုမိုကုန်ကျကြောင်း သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)

# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ မတ် ၂**

ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၁)ကို ယမန်နေ့က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ရခိုင် ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် သိသိသာသာ ကျဆင်းလာပြီဖြစ်သည့်အတွက် အဓိကအရေးကြီးလုပ်ငန်းဖြစ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန်အတွက် ယခုအစည်းအဝေးကိုခေါ်ယူရခြင်း ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွက် ရရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယခုလအတွင်း အမြန်ဆုံး အကျိုးရှိစွာ ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင်လည်း ကျန်းမာရေးဝန်ထမ်းများနှင့်အတူ တပ်မတော်မှ ဆရာဝန်များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံမည့်သူများစာရင်းကို ခွဲခြားပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် မိမိတို့ဒေသတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည်လည်း တခြားဒေသများနှင့် နှိုင်းယှဉ်ပါက လျင်မြန်စွာ လျော့နည်းလျက်ရှိရာ ကာကွယ်ဆေး ထိုးပေးခြင်းဖြင့် ပိုပြီးလေးနက်ကာ ပိုပြီးကောင်းမွန်မည်ဖြစ်သည့်အတွက် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ တွေ့ရှိခဲ့မှု အခြေအနေ၊ ကာကွယ်ဆေးထိုးနှံပေးမည့် အရေအတွက်၊ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမည့်သူများ၊ ကာကွယ်ဆေးထိုးနှံပေးမည့် စုရပ်နေရာများ စသည်တို့ကို ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ ကျားရုပ်ကျောင်းတိုက်၌ ရောက်ရှိသီတင်းသုံးနေတော်မူသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မြောက်ဦးဆရာတော် အရှင်ဝါယာမိန္ဒအား တပ်မတော်မှ သမားတော်နှင့် ဆရာဝန်များက ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနေမှုကို သွားရောက် ဖူးမြော်သည်။ ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့ရှိ မဟာမုနိဘုရားရှင် သီတင်းသုံးတော်မူရာ၊ သိမ်တော်ကို ဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းသည်။ ကျောက်တော်မြို့ရှိ မဟာမုနိဘုရားရှင် သီတင်းသုံးတော်မူရာ သိမ်တော်အား မြောက်ဦးဆရာတော် အရှင်ဝါယာမိန္ဒက ဦးဆောင်ကာ ဘက်စုံပြုပြင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တောင်သူလယ်သမားနေ့အခမ်းအနား ကန်ကြီးထောင့်မြို့နယ်၌ ကျင်းပ

# ပညာပေးစိုက်ခင်းများလေ့လာနိုင်ရန် ပြသထား

**ပုသိမ် မတ် ၂**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာတွင် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူတို့က တောင်သူလယ်သမားနေ့ အထိမ်းအမှတ် တောင်သူပညာပေး စံပြစိုက်ခင်းများကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးဖြစ်သည်နှင့်အညီ မိုးစပါး၊ နွေစပါး စုစု ပေါင်းစိုက်ဧက ၅၁ သန်း ကျော် စိုက်ပျိုးလျက်ရှိကြောင်း၊ ထို့အပြင် ပြည်ပပို့ကုန် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲမျိုးစုံ၊ဆီထွက် သီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ စသည့် အမယ်စုံသီးနှံစိုက်ပျိုးလျက်ရှိရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီမှ ဦးဆောင်ကာ ဌာနဆိုင်ရာအားလုံး တောင်သူလယ်သမားများနှင့် ပူးပေါင်းလက်တွဲပြီး စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရပြည့်ဝမှုနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းမှုတို့ တိုးတက်လာစေရန်၊ ယခုနှစ်ဆောင်းရာသီတွင် စိုက်ပျိုးရေး ဦးစီးဌာနပိုင် စိုက်ခင်းများမှ ပိုက်ဆံလျှော် မျိုးစေ့ထုတ်လုပ်ရုံသာမက တောင်သူကိုယ်ပိုင် လယ်မြေများတွင် တောင်သူကိုယ်တိုင် မျိုးစေ့ထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း ပိုက်ဆံလျှော်မျိုးစေ့ ၂၅၃ ဒသမ ၇၅ တင်းဖြန့်ဝေခဲ့ပြီး ၁၅၂၇ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါဧကများမှ ပိုက်ဆံလျှော်မျိုးစေ့ ၇၆၃၅ တင်းခန့် ထွက်ရှိမည်ဖြစ်ရာ ၂၀၂၁ ခုနှစ် မိုးစပါးရာသီတွင် မိုးစပါး ဧက ၃၀၅၄၀ ကျော်ကိုသစ်စိမ်းမြေဩဇာ အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စပါးအထွက်နှုန်း သိသိသာသာ တိုးတက်လာမည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများအနေဖြင့် ယုံယုံကြည်ကြည် လိုက်ပါဆောင်ရွက်စေလိုကြောင်း၊ တိုင်းဒေသကြီးအတွင်း အရည်အသွေးကောင်းမွန်သော ဆန်၊ စပါးထုတ်လုပ်နိုင်ရေး၊စပါးမျိုးသစ်များ၊ ရေမြုပ်ခံစပါးမျိုးများ၊ ရေအနည်းငယ်လိုစပါးမျိုးများ၊ ဆားငန်ခံ စပါးမျိုးများနှင့် ရာသီမရွေးစိုက်ပျိုးနိုင်သော သက်တမ်းတို ပေါ်ဆန်စပါးမျိုးသစ် မွေးမြူရေးသုတေသနလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနတို့ ပူးပေါင်းပြီးမျိုးစေ့ သုတေသနလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း၍ ရေချိုငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလည်း တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်တို့မှ တာဝန်ရှိသူများ၊တောင်သူလယ်သမားများက ဆီထွက်သီးနှံစိုက်ခင်း၊ ပဲမျိုးစုံသီးနှံ၊ အစေ့ထုတ်ပြောင်းသီးနှံ၊ ပန်းနှမ်း၊ ဖိုးတောင်သူတဲ၊ ငရုတ်စိုက်ပျိုးထုတ်လုပ်မှု စိုက်ခင်း၊ ဟင်းသီးဟင်းရွက် စံပြစိုက်ခင်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့် အညီ လိုက်လံ လေ့လာကြသည်။

တောင်သူ လယ်သမားနေ့ အထိမ်းအမှတ် တောင်သူပညာပေးစံပြစိုက်ခင်းများကို မတ် ၂ ရက်မှ ၄ ရက်အထိ ပြသထားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့် အညီ မတ် ၂ ရက်တွင် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်များမှ တစ်မြို့နယ်လျှင် တောင်သူ ၃၀ စီဖြင့် ၂၀၀၊ မတ် ၃ ရက်တွင် ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ တစ်မြို့နယ်လျှင် ၃၀ စီဖြင့် ၂၄၀၊ မတ် ၄ ရက်တွင် ဟင်္သာတခရိုင်နှင့် လပွတ္တာမြို့နယ်အတွင်းရှိ မြို့နယ်များမှ တစ်မြို့နယ်လျှင် ၃၀ စီဖြင့် ၂၄၀ တို့က စိုက်ခင်းများကို အလှည့်ကျ လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန် /ဆက်)**





# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့

**ဘားအံ မတ် ၂**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ဒေါနင်္ငြိမ်းချမ်းကုမ္ပဏီက တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသော နယ်ဘက်လူနာများအတွက် ဆေးပဒေသာပင် မတည်ငွေကျပ် ၁၅ သိန်းကို လှူဒါန်းရာ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မျိုးမင်းနောင်က လက်ခံယူသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တပ်မတော်သားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်းငွေကျပ် ၂၁၉၅၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား ကိုယ်စားလှယ်များက လက်ခံယူကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွှန်စွာပူအေး၊ ဥတုဘေး

# ငါးသယံဇာတပြန်းတီးမှုနှင့် ကျဉ်စက်အန္တရာယ် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်သည် ဒေသတွင်း သဘာဝမြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည် တမံများနှင့် ငါးမွေးမြူရေးလုပ်ငန်းများ အသင့်အတင့်ရှိသည့် ခရိုင်မြို့တစ်မြို့လည်း ဖြစ်သည်။ သို့သော်လည်း ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှု နည်းပါးခြင်း၊ ငါးသယံဇာတထုတ်လုပ်တိုးတက်မှုတို့ လျော့နည်းနေခြင်းတို့ကို တွေ့ရကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

သို့ဖြစ်၍ ကန့်ဘလူမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန အနေဖြင့် ခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်များအတွင်း သဘာဝမြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်တမံများ၌ ငါးသယံဇာတများ စဉ်ဆက်မပြတ်ပိုမိုထုတ်လုပ်နိုင်စေရန်၊ ဒေသခံပြည်သူများ လူတစ်ဦးချင်း ငါးစားသုံးမှုတိုးတက်လာစေရန်၊ ငါးလုပ်ငန်းကဏ္ဍဆိုင်ရာ ကိစ္စရပ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရေလုပ်သားများ၏ လူနေမှုဘဝပိုမိုမြင့်မားလာစေရန်၊ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ငါးသယံဇာတနှင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများစွာလည်းရှိကြောင်း သိရသည်။ ယင်းလုပ်ငန်းများမှာ အင်း၊ အိုင် ဧရိယာနှင့်ဆည်တမံကြီးများအတွင်း တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းများကြောင့် ငါးများနေထိုင်ကျက်စား ပေါက်ပွားကြီးပြင်းရာ ရေပြင်များ ပျက်စီးဆုံးရှုံးခြင်း၊ ရွှေတူးဖော်ရာတွင် ပါဝင်အသုံးပြုသည့် ဓာတုအဆိပ်အတောက်များကြောင့် ငါးများသေကျေပျက်စီး ဆုံးရှုံးရခြင်းများကို ဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် အင်း၊ အိုင် ဧရိယာများအတွင်း၌ရှိသည့် ငါးနေထိုင်တောများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာနှင့် အခြားစိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်လာခြင်းများကြောင့် ငါးများနေထိုင်ပေါက်ပွားစရာ ရှားပါးလာကာ မျိုးပွားမှုနှုန်းလည်း ကျဆင်းလာလျက်ရှိကြောင်း သိရသည်။ ၎င်းအပြင် အင်းရေပြင်များနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြု နေကြသော ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး တို့ကြောင့်လည်း ငါးသယံဇာတများ သေကျေပျက်စီးဆုံးရှုံးကြရသည်။



တရားမဝင် ငါးဖမ်းဆီးမှုကို တာဝန်ရှိသူများ စစ်ဆေးဆောင်ရွက်နေစဉ်။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်များတွင် တောင်သူများအနေဖြင့် ပိုးသတ်ဆေးသုံးစွဲရာတွင် ငါးဆေးခတ်ခြင်းမျိုး သဘောကို ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်သော်လည်း ဆက်စပ်ဖြစ်ပေါ်မှု အခြေအနေများကြောင့် ငါးများသေကျေပျက်စီးမှုများလည်းရှိနိုင်ကြောင်း သိရသည်။ မျိုးငါးကြီးများ "ဥ" ချသားပေါက်ချိန် (ငါးရစ် ငါးသန်ချိန်)များတွင် ရေလုပ်သားကြီးများ၏ မဆင်မခြင် ငါးဖမ်းဆီးမှုများကြောင့်လည်း ငါးသားပေါက်ပွားနှုန်းများကို ကျဆင်းစေသည်။

ငါးသယံဇာတပြုန်းတီးမှုကို အဓိကခြိမ်းခြောက်နေသည်မှာ ယခုလက်ရှိအချိန်တွင် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်းဟုခေါ်သည့် "ကျဉ်စက်" ကို အသုံးပြုပြီး တရားမဝင်ငါးဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ကျဉ်စက်ဖြင့် ငါးဖမ်းဆီးခြင်းကြောင့် ရေပေါ်ရေအောက်တွင်ရှိကြသည့် ငါးကြီး၊ ငါးလေးနှင့် အရွယ်မရောက်သေးသည့် ငါးကလေးများပါ သေကျေပျက်စီးဆုံးရှုံးရသည့် အကျိုးဆက်များကို ဖြစ်ပေါ်စေကြောင်း သိရသည်။

> **"ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်းဟုခေါ်သည့် "ကျဉ်စက်"ကို အသုံးပြုပြီး တရားမဝင်ငါးဖမ်းဆီးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အဆိုပါ ကျဉ်စက်ဖြင့် ငါးဖမ်းဆီးခြင်းကြောင့် ရေပေါ် ရေအောက်တွင်ရှိကြသည့် ငါးကြီး၊ ငါးလေးနှင့် အရွယ်မရောက်သေးသည့် ငါးကလေးများပါ သေကျေပျက်စီးဆုံးရှုံးရသည့် အကျိုးဆက်များကို ဖြစ်ပေါ်စေ"**

ကျဉ်စက်ထိပြီး မသေဘဲကျန်ခဲ့သောငါးများတွင် မျိုးငါးအထီးကြီးတွေနှင့် အမတွေသည် နောက်ထပ်မျိုးပွားမှု၊ သန္ဓေအောင်ဖို့ မလွယ်ကူတော့ပေ။ အခြားအရွယ်များတွင်မူ အရိုး၊ အကြောများ ထိခိုက်ပြီး ကျန်းမာသန်စွမ်းသည့် ငါးများဖြစ်မလာနိုင်တော့ကြောင်းနှင့် ကျဉ်စက်ကို အသုံးပြုသူအတွက်လည်း အခန့်မသင့်ပါက အသက်ပါဆုံးရှုံးနိုင်ကြောင်း သိရသည်။ ထို့ပြင် ကမ္ဘာက အသိအမှတ်ပြုထားသည့် ရေနေနို့တိုက်သတ္တဝါဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးစာရင်းဝင် "ဧရာဝတီလင်းပိုင်" များသည်လည်း ကျဉ်စက်ဒဏ်ကြောင့် နှစ်စဉ်သေဆုံးနေသည်ကို ဝမ်းနည်းဖွယ်ကြုံတွေ့နေရသည်။

"ဒီလိုဖြစ်စဉ်မျိုးများ ဆက်လက်မဖြစ်စေဖို့၊ လုံးဝ ပပျောက်သွားစေဖို့ကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)တို့ ပူးပေါင်းပြီး ဧရာဝတီမြစ်အတွင်းမှာ ကွင်းဆင်းလျက် ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ ဖမ်းဆီးအရေးယူခြင်းများဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုဦးက ပြောသည်။

ကန့်ဘလူခရိုင်အတွင်းရှိ အင်းနှင့်ဆည်ကြီးများ အတွင်းတွင်လည်း ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေး၊ ဘက်ထရီရှော့ခ်တိုက် ကျဉ်စက်ဖြင့် ငါးမဖမ်းဆီးရေးလုပ်ငန်းများကိုလည်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ကွင်းဆင်းစစ်ဆေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသလို တစ်ဖက်တွင်လည်း အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းကုန်ဆုံးသွားသည့် ငါးသယံဇာတများ စဉ်ဆက်မပြတ်ပြန်လည်တိုးပွားလာစေရေးအတွက် အင်းနှင့်မြစ်ကြီးများ၊ ဆည်တမံကြီးများအတွင်းသို့ ငါးသားပေါက်များ၊ ပုစွန်သားပေါက်များကို နှစ်စဉ်မျိုးစိုက်ထည့်ပေးလျက်ရှိရာ ယခုနှစ်တွင် (ကန့်ဘလူ၊ ကျွန်းလှ) စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၆၉၀၀၀၀၊ ပုစွန်သားပေါက် ကောင်ရေ ၂၂၀၀ တို့ကို မျိုးစိုက်ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူခရိုင်အတွင်း မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်ကိုလည်း နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရန် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ကောင်းမွန်သည့် မွေးမြူရေးထုတ်လုပ်မှုကျင့်စဉ် (GAqP) စနစ်နှင့်အညီ မွေးမြူဆောင်ရွက်နိုင်ရန် မွေးမြူရေးလုပ်ငန်းရှင်များကို သင်တန်းများဖွင့်လှစ်ပို့ချ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းကဏ္ဍ အဘက်ဘက်မှ ဖွံ့ဖြိုးလာနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အထောက်အကူအဖြစ် ပံ့ပိုးပေးခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်း (ငါးကဏ္ဍ) အတွက် ကျေးရွာသုံးရွာကို တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ နှုန်းဖြင့် အရင်းမပျောက် မတည်ရန်ပုံငွေအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါကျေးရွာများမှာ ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်ရှိ ငါးဘတ်အိုင်ကျေးရွာ၊ ကန့်ဘလူမြို့နယ်တွင် မလယ်ကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာတို့ ဖြစ်သည်။

ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ငါးလုပ်ငန်းကဏ္ဍ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ငါးလုပ်ငန်းဦးစီးဌာန တစ်ခုတည်းဖြင့် ပြီးပြည့်စုံစွာ မလုပ်ဆောင်နိုင်ဘဲ သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် ရေလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်းနှင့် ခရိုင်အတွင်း ငါးသယံဇာတတိုးပွားရေး၊ ငါးလုပ်ငန်းကဏ္ဍ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။ ။

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဦးခိုက်ပူဇော် တောင်ချွန်းစေတီတော်

သတင်းဆောင်းပါး-လွိုင်လင်မိုး

မြန်မာနိုင်ငံဒေသအသီးသီးတွင် တောတောင်ရေမြေအလှများစွာရှိသလို ရာသီအလိုက် သဘာဝကပေးသည့် အလှများလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရှိကြသည်။ အထူးသဖြင့် ယခုလို ချမ်းအေးလှသည့် ဆောင်းရာသီကာလများတွင် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် ရှုမငြီးသည့် သဘာဝအလှအပများကို ကြည့်ရှုခံစားကြရမည် ဖြစ်ပေသည်။

စာရေးသူနေထိုင်ရာ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၄၄၇ ပေ တွင် တည်ရှိသည့် မြို့တစ်မြို့ဖြစ်သည်။ တောင်ပတ်လည်ဝန်းရံကာဆီးထားပြီး မြို့၏အနောက်ဘက်ရှိ တောင်တန်းကြီးများမှအမြင့်ပေ ၆၂၆၂ ပေရှိသည့် တောင်ချွန်းကြီးကို အစွဲပြု၍ လွိုင်လင်မြို့ဟု အမည်နာမ ခေါ်တွင်စေခဲ့သည်။ တစ်နည်းအားဖြင့် ရှမ်းဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရသော် (လွိုင် = တောင် + လင် = ချွန်း) တောင်ချွန်းမြို့ဟူ၍လည်း ခေါ်ဆိုကြကြောင်း ရှေးလူကြီးသူမများ၏ ပြောကြားချက်များ၊ ယင်းတောင်ချွန်းကြီးပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က စေတီတော်နှစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြကြောင်း မှတ်သားလေ့လာခဲ့ရသည်။



လွိုင်လင်တောင်ချွန်းပေါ်တွင် တည်ထားသော စေတီတော်နှစ်ဆူကို ဖူးတွေ့ရစဉ်။

## သွားရောက်လေ့လာနိုင်ကြပြီ

လွိုင်လင်မြို့ကို ကာရံထားသည့် မြို့ရဲ့အနောက်ဘက် တောင်တန်းမှ တောင်ချွန်းတောင်ကို သွားရောက်လည်ပတ်နိုင်ရန် ယခင်အချိန်များက နယ်မြေဒေသ အခြေအနေမှာ တည်ငြိမ်အေးချမ်းမှု မရှိခြင်းကြောင့် တောင်တက်ခရီးကို မည်သူမျှ သွားရောက်နိုင်ခြင်း မရှိသော်လည်း ယနေ့ခေတ်အချိန်အခါများတွင် နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းလာခြင်းကြောင့် တောင်တက်ခရီး အပန်းဖြေခရီးကို သွားရောက်လေ့လာနိုင်ကြပြီဖြစ်သည်။

## လွိုင်လင်တောင်ချွန်းတောင်

**လွိုင်လင်တောင်ချွန်းတောင်သည် မြို့နှင့် ခုနစ်မိုင်ခန့် ကွာဝေးပြီး တောင်ခြေအရောက် မော်တော်ကားဖြင့် သွားရောက်နိုင်ကာ တောင်ခြေမှ မြေလမ်းအတိုင်း တောင်ထိပ်သို့ရောက်ရန် ခြေကျင်ခရီးဖြင့် မိနစ် ၃၀ ခန့် တက်ရပါသည်။ တောင်ချွန်းတောင်သည် အမြင့်ပေ ၆၂၆၂ ပေရှိကာ ဒေသတွင်း၌ အမြင့်ဆုံးတောင်ဖြစ်သည်။ တောင်ထိပ်တွင် တည်ထားကိုးကွယ်သည့်စေတီတော်သို့ရောက်ရှိပါက သင်းပျံ့သောမွှေးရနံ့များ သယ်ဆောင်လာသည့် သန့်ရှင်းလတ်ဆတ်သော လေနုအေးနှင့်အတူ ရှုမဆုံးသည့် တောတောင်ရေမြေသဘာဝအလှများသည် ဆောင်းအလှ ပန်းချီကားတစ်ချပ်ပမာ အလွမ်းကဗျာတစ်ပုဒ်ကို စာထုတ်လို့မပြီးနိုင်အောင်ပင် ဖြစ်ရမည်ဖြစ်သည်။**

၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်သို့ နှစ်သစ်ကူးသည့် အခါသမယတွင် စာရေးသူသည် လူသစ်၊ စိတ်သစ်၊ အားမာန်သစ်ဖြင့် စိတ်အပန်းဖြေစရာ လွိုင်လင်တောင်ချွန်းပေါ်ရှိ စေတီတော်နှစ်ဆူကို ဦးခိုက်ပူဇော်ရန်နှင့် ကျန်းမာရေးအရ တောင်တက်ခရီးကို အစပြုခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့ နံနက်ငါးနာရီခွဲတွင် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း ငါးဦးနှင့်အတူ မော်တော်ယာဉ်ဖြင့် တောင်ခြေသို့ခရီးနှင်ခဲ့ပြီး တောင်ခြေရှိ ကောင်းတန်ကျေးရွာတွင် မော်တော်ယာဉ်ကို ရပ်နားခဲ့ပြီး ခြေကျင်ခရီးချီတက်ခဲ့ရာ မိနစ် ၃၀ အကြာတွင် တောင်ထိပ်ရှိ တောင်ချွန်းစေတီတော်ကို ဦးခိုက်ပူဇော်ခဲ့ပါသည်။ ယင်းနောက်ဝါသနာအရ တောတောင်ရေမြေရှုခင်း ဓာတ်ပုံများ၊ နံနက်နေထွက်ချိန်၊ တိမ်ပင်လယ်အလှအပများကို မမောမပန်းရိုက်ကူးခဲ့ပါသည်။ အဲဒီနောက်မှာတော့ ခေတ္တအနားယူကာ သဘာဝကပေးထားသည့် ရေမြေတောတောင်အလှများကို ကြည့်ရှုငေးမောတွေးတောရင်း တိမ်ပန်းချီကို စိန်စီကာဖြင့် အလွမ်းကဗျာတစ်ပုဒ်လို စာထုတ်မိပါသည်။

ချယ်ရီထင်းရှူး အလှထူး
ဝေဆာပွင့်ဖူး ဝတ်မှုန်ကူး
သယ်ဆောင်လေညင်း သူ့အဆင်း
သံသာတွန်ကြွေး တောငှက်တေး၊
ရင်မှာငြိမ်းချမ်း ပုလဲပန်း၊
နယ်ရှစ်ခွင်တိုင်း မြူနှင်းဆိုင်း ၊
မြင်မြင်သမျှ ဖြူလွှလွှ၊
အလှနတ်သမီးရှုမငြီး၊
သည်ဆောင်းဟေမာန် လွမ်းအောင်ဖန်၊
တေးပန်းချီ ရေးမမီ၊
တောင်ချွန်းလွိုင်လင် အလှဘုရင် ။ ။

“လွိုင်လင်တောင်ချွန်းတောင်သည် မြို့နှင့် ခုနစ်မိုင်ခန့်ကွာဝေးပြီး တောင်ခြေအရောက် မော်တော်ကားဖြင့် သွားရောက်နိုင်ကာ တောင်ခြေမှမြေလမ်းအတိုင်း တောင်ထိပ်သို့ရောက်ရန် ခြေကျင်ခရီးဖြင့် မိနစ် ၃၀ ခန့် တက်ရပါသည်။ တောင်ချွန်းတောင်သည် အမြင့်ပေ ၆၂၆၂ ပေရှိကာ ဒေသတွင်း၌ အမြင့်ဆုံးတောင်ဖြစ်သည်။ တောင်ထိပ်တွင် တည်ထားကိုးကွယ်သည့်စေတီတော်သို့ ရောက်ရှိပါက သင်းပျံ့သောမွှေးရနံ့များ သယ်ဆောင်လာသည့် သန့်ရှင်းလတ်ဆတ်သော လေနုအေးနှင့်အတူ ရှုမဆုံးသည့် တောတောင်ရေမြေသဘာဝအလှများသည် ဆောင်းအလှ ပန်းချီကားတစ်ချပ်ပမာ အလွမ်းကဗျာတစ်ပုဒ်ကို စာထုတ်လို့မပြီးနိုင်အောင်ပင် ဖြစ်”



လွိုင်လင်တောင်ချွန်းပေါ်မှ မြင်တွေ့ရသော တိမ်ပင်လယ်။

စာရေးသူနေထိုင်ရာဒေသ၏ လွိုင်လင်မြို့နယ်အတွင်းရှိ တောတောင်ရေမြေသဘာဝ အလှအပများကို အထက်ပါအတိုင်း ရေးသားမိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အခြားသော ဒေသများတွင် ယခုထက်ပိုမိုသည့် အလှများလည်း ရှိနေပါဦးမည်။ မည်သို့ပင်ဆိုစေကာမူ ပြည်သူများအနေဖြင့် စိတ်ဖိစီးမှုများပြေပျောက်စေရန်၊ ဘဝအမောများဖြေနိုင်ရန် ကိုယ်လက်လှုပ်ရှား အားကစားများလုပ်ဆောင်ခြင်း၊ ခြေလျင်တောင်တက်ခရီးများ သွားရောက်ခြင်းတို့ဖြင့် ကိုဗစ်-၁၉ ကာလများကို ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်သည်။

## စေတီတော်နှစ်ဆူတည်ထား

လွိုင်လင်တောင်ချွန်းတောင်ပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က စေတီတော်နှစ်ဆူ တည်ထားခဲ့ရာမှ ၂၀၁၈ ခုနှစ် မေလ တတိယပတ်အတွင်း သဘာဝဘေးဒဏ်ကြောင့် စေတီတော်တစ်ဆူမှာ ထီးတော်မြေခခဲ့ပြီး ကျန်စေတီတစ်ဆူမှာလည်း ပြိုကျပျက်စီးမည့် အခြေအနေများကြောင့် စေတီတော်နှစ်ဆူစလုံးကို ပြန်လည်တည်ထားကိုးကွယ်နိုင်ရန် လွိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာအုပ်စု ဟွေဟောင်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးသုနန္ဒ၊ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ ပြည်သူများစုပေါင်း၍ ၂၀၁၈ ခုနှစ် ဇွန်၊ ဇူလိုင်လများတွင် ပန္နက်တင်ခြင်း၊ အုတ်မြစ်ချခြင်း၊ ဌာပနာသွင်းလှူခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ထီးတော်တင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်းသိရပါသည်။

ယခုအခါတွင် လွိုင်လင်တောင်ချွန်းပေါ်သို့ တောင်တက်ခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်ကာ လွိုင်လင်၊ ပင်လုံ၊ မိုင်းပွန်၊ နမ့်စန်မြို့များမှ ပြည်သူများက ပွင့်လင်းရာသီကာလများတွင် အစုအဖွဲ့လိုက် နေ့စဉ်နှင့်အမျှ တောင်ပေါ်သို့ တက်ရောက်သူ များပြားလျက်ရှိပြီး တောတောင်ရေမြေသဘာဝအလှများကို ကြည့်ရှုခံစားရင်း အပန်းဖြေလေ့လာကာ တောင်ချွန်းစေတီတော်နှစ်ဆူအား ဦးခိုက်ဖူးမြော်ကြည်ညို၍ ဘဝအမောများ ပြေပျောက်စေရန် လာရောက်လျက် ရှိကြသည်။ နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တောင်တက်ခရီး သွားရောက်သူများ ဒီထက်မက ပိုမိုများပြားလာနိုင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ အလွန်ကာလများတွင် မြန်ပြည်တစ်လွှားချစ်မိတ်ဆွေများမှ လွိုင်လင်တောင်ချွန်းပေါ်သို့ တောင်တက်ခရီးစဉ်တစ်ခု စီစဉ်ဆောင်ရွက်ပြီး ဒေသန္တရဗဟုသုတများရရှိစေရန်နှင့် တောတောင်ရေမြေ သဘာဝအလှများ ကြည့်ရှုခံစားကာ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် လူ့ဘောင်ကောင်းကျိုး သယ်ပိုးနိုင်ကြပါစေကြောင်း တောင်ချွန်းတောင်ပေါ် စေတီတော်နှစ်ဆူထံပါး ပြည်သူအများ ကျန်းမာချမ်းသာပြီး ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးကြပါစေကြောင်း ဦးခိုက်ပူဇော်ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။ ။

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစား နေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက် ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့် ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်


နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ်ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ

ယခုတစ်ပတ်ကြာသပတေးနေ့နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၂၉) မှ ပွဲစဉ် သုံးပွဲကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ အမှတ်ပေးဇယား အဆင့် (၂) နှင့် (၃) နေရာမှ မန်ယူအသင်းနှင့် လက်စတာအသင်းတို့ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ လက်စတာက ဘန်လေအိမ်ကွင်းကို သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မန်ယူအသင်းက ခရစ္စတယ်ပဲလေ့စ်အိမ်ကွင်းကို သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ယခုပွဲစဉ်မှာတော့ လက်စတာအသင်းရော မန်ယူအသင်းပါ ဦးဆောင်သူ မန်စီးတီးအသင်းနှင့် ရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်တဲ့အတွက် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# အမှတ်ပေးဇယားရပ်တည်မှုအရ အမှားခံလို့မရတော့တဲ့ မန်ယူအသင်း ပဲလေ့စ်ကို အနိုင်ယူသွားနိုင်မလား

■ မိုးဇက် – စုစည်းသည်




ပထမအကျော့ပွဲစဉ်တွင် ပဲလေ့စ်အသင်းမှ တိုက်စစ်ကစားသမား မန်ယူအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

## ဘန်လေ vs လက်စတာ

ပ_ကျော့ရလဒ် လက်စတာ ၄-၂ ဘန်လေ

ဘန်လေအသင်းက ဖူလ်ဟမ်၊ ဝက်စ်ဘရွန်းအသင်းတို့ကို သရေကျထားပြီး ပြီးခဲ့တဲ့ စပါးအသင်းနဲ့ပွဲစဉ်မှာ လေးဂိုး–ဂိုးမရှိနဲ့ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်နဲ့ ဝက်စ်ဘရွန်းအသင်းတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခြင်း မရှိတာကြောင့် အမှတ်ပေးဇယားအဆင့် (၃) နေရာက လက်စတာလိုအသင်းကိုလည်း ယှဉ်နိုင်စွမ်းမရှိပါဘူး။ ဒါ့အပြင် ယခုနှစ်ရာသီ ဘန်လေအသင်းရဲ့ တိုက်စစ်စွမ်းဆောင်ရည်က ပရီမီယာလိဂ် ၂၆ ပွဲမှာ ၁၈ ဂိုးသာ သွင်းယူထားနိုင်သေးတာကို တွေ့ရတယ်။ ဒါကြောင့် ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ ရှက်ဖီးလ်အသင်းပြီးရင် တိုက်စစ်အဆိုးဆုံးအသင်းလို့ ဆိုနိုင်ပါတယ်။ လက်စတာအသင်းက ပြီးခဲ့တဲ့ အာဆင်နယ်အသင်းနဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားတာကြောင့် ယခုပွဲစဉ်ကို နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာ ဖြစ်သလို ဦးဆောင်သူ မန်စီးတီးအသင်းနဲ့လည်း ရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။

### အဝေးကွင်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်

လက်စတာအသင်းရဲ့ ယခုနှစ်ရာသီ အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည်ကိုကြည့်ရင် အဝေးကွင်းမှာ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်တတ်တာကို တွေ့ရတယ်။ ယခုပွဲစဉ်ကလည်း အဝေးကွင်းဖြစ်တာကြောင့် ဘန်လေအသင်းကို အနိုင်ရရှိသွားမလား စိတ်ဝင်စားဖွယ်ရာပင်။ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာ အပြန်အလှန်သွင်းဂိုးတွေနဲ့ ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး လက်စတာအသင်းက အနိုင်ရရှိထားပါတယ်။ ဘန်လေအသင်းရဲ့ ယခုနှစ်ရာသီ အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည်ကိုကြည့်ရင် အိမ်ကွင်းအနည်းငယ်အသာရတတ်တာကို တွေ့ရတယ်။ ဒါပေမယ့်လည်း လက်စတာအသင်းရဲ့ တိုက်စစ်ပိုင်းနဲ့ ခံစစ်ပိုင်းကို မယှဉ်သာတာကြောင့် ဘန်လေအသင်း ရှုံးနိမ့်ဖွယ်ရှိနေပါတယ်။ အဆုံးသတ် သေချာခဲ့ရင်တော့ သရေတစ်မှတ်ရနိုင်ပါတယ်။

## ရှက်ဖီးလ် vs ဗီလာ

ပ_ကျော့ရလဒ် ဗီလာ ၁-၀ ရှက်ဖီးလ်

ရှက်ဖီးလ်အသင်းက အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာလည်း ဝက်စ်ဟမ်း၊ ဖူလ်ဟမ်၊ လီဗာပူးစတဲ့အသင်းတွေကို သုံးပွဲဆက် ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကောင်းမွန်မှု မရှိပါဘူး။ ဗီလာအသင်းကလည်း ရာသီအစပွဲတွေမှာ ခြေစွမ်းပြသကာ ပုံစံကောင်းရရှိနေပေမယ့်လည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းသိသိသာသာကျဆင်းလာတာကို တွေ့ရတယ်။ ဒါပေမယ့်လည်း ယခုရင်ဆိုင်ရမယ့်အသင်းက အမှတ်ပေးဇယားအောက်ဆုံးမှ ရှက်ဖီးလ်အသင်းဖြစ်နေတာကြောင့် ရလဒ်ကောင်းပိုင်ဆိုင်ဖို့ အကောင်းဆုံးကြိုးစားလာမှာပါ။

### အိမ်ကွင်းမှာ ရလဒ်ကောင်းပိုင်ဆိုင်တတ်

ရှက်ဖီးအသင်းရဲ့ယခုနှစ်ရာသီ အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည်ကိုကြည့်ရင် အိမ်ကွင်းမှာ ရလဒ်ကောင်းပိုင်ဆိုင်တတ်တာကို တွေ့ရတယ်။ ဒါပေမယ့် အိမ်ကွင်း ၁၃ ပွဲမှာ ရဂိုးက ကိုးဂိုးသာရှိပြီး ပေးဂိုးက ဂိုး ၂၀ အထိရှိတာကို သတိပြုရမယ်။ ဗီလာအသင်းရဲ့ အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည်ကိုကြည့်ရင် အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည်သာလွန်နေတာကို တွေ့ရတယ်။ ယခုပွဲစဉ်ကလည်း ရှက်ဖီးလ်အသင်းကို အဝေးကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူသွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။ အဆိုပါ နှစ်သင်းရဲ့ တိုက်စစ်မှူးနှစ်ဦးကိုနှိုင်းယှဉ်ကြည့်ရင် ရှက်ဖီးလ်အသင်းမှ မက်ဂိုးရစ်က ပရီမီယာလိဂ် ၂၃ ပွဲမှာ ငါးဂိုးသွင်းယူထားနိုင်ပြီး ဗီလာအသင်းမှ ဝတ်ကင်စ်က ၂၄ ပွဲမှာ ၁၀ ဂိုးသွင်းယူပေးထားနိုင်ပါတယ်။ ဂိုးသမားနှစ်ဦးကို နှိုင်းယှဉ်ကြည့်ရင်လည်း ရှက်ဖီးလ်ဂိုးသမား အာရွန်ရမ်စ်ဒေးက ပရီမီယာလိဂ် ၂၅ ပွဲမှာ ဂိုးမပေးရအောင် တစ်ပွဲသာ စွမ်းဆောင်ထားနိုင်ပြီး ဗီလာအသင်းမှ မာတီနက်ဇ်က ၂၄ ပွဲမှာ ၁၃ ပွဲအထိ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်ပါတယ်။ ဒါကြောင့် အဝေးကွင်းစွမ်းဆောင်ရည်ကောင်းမွန်တဲ့ ဗီလာအသင်း အမှတ်ပြည့်ရယူနိုင်ဖွယ်ရှိပါတယ်။

## ပဲလေ့စ် vs မန်ယူ

ပ_ကျော့ရလဒ် မန်ယူ ၁-၃ ပဲလေ့စ်

ခရစ္စတယ်ပဲလေ့စ်အသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိပါဘူး။ အမှတ်ပေးဇယားမှာ ၂၆ ပွဲကစားပြီး ၃၃ မှတ်ရရှိထားပါတယ်။ အဆိုပါ ၂၆ ပွဲမှာ ရဂိုးက ၂၉ ဂိုးသာရှိပြီး ပေးဂိုးက ၄၃ ဂိုးအထိ ခွင့်ပြုပေးထားရပါတယ်။ ဒါကြောင့် ပဲလေ့စ်အသင်းအနေနဲ့ ယခုနှစ်ရာသီမှာ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း အားနည်းတာကို တွေ့ရတယ်။ မန်ယူအသင်းက ပြီးခဲ့တဲ့ နှစ်ပွဲမှာ နှစ်ပွဲစလုံးသရေကျထားတာကြောင့် ယခုပွဲစဉ်ကို နိုင်ပွဲရရှိအောင်ပြင်ဆင်လာမှာဖြစ်သလို အမှတ်ပေးဇယားဦးဆောင်သူ မန်စီးတီးအသင်းနဲ့လည်း ရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိဖို့ အသေအချာပြင်ဆင်လာမှာပါ။

### အဝေးကွင်း ၁၃ ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိ

မန်ယူအသင်းက ချယ်ဆီးအသင်းကို ဂိုးမရှိသရေကျတဲ့ပွဲစဉ်မှာတော့ အသင်းလိုက်စွမ်းဆောင်ရည်ကျဆင်းခဲ့တာကို တွေ့ရတယ်။ ဒါပေမယ့် မန်ယူအသင်းက ၂၆ ပွဲမှာ ရဂိုးက ၅၃ ဂိုးအထိရှိတာကြောင့် ယခုနှစ်ရာသီပရီမီယာလိဂ်မှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ်ရှိနေပါတယ်။ ပထမအကျော့အဖြစ် မန်ယူအိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာတော့ ပဲလေ့စ်အသင်းက သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ပဲလေ့စ်အသင်းရဲ့ ယခုနှစ်ရာသီ အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည်မှာ တည်ငြိမ်နေတာကို တွေ့ရတယ်။ မန်ယူအသင်းရဲ့ အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည်ကို ကြည့်ရင် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာ သာလွန်နေတာကို တွေ့ရတယ်။ ယခုနှစ်ရာသီ ပရီမီယာလိဂ် အဝေးကွင်း ၁၃ ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိပါဘူး။ ယခုပွဲစဉ်ကလည်း အဝေးကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ရလဒ်ကောင်းပိုင်ဆိုင်သွားမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ နှစ်သင်းစလုံး နိုင်ပွဲပျောက်ဆုံးထားတယ်ဆိုပေမယ့် အမှတ်ပေးဇယားဦးဆောင်သူ မန်စီးတီးနဲ့ရမှတ်ကွာဟမှုလျှော့ချလာမယ့် မန်ယူ နိုင်ပွဲရရှိမယ်။

## နောက်ဆုံးရ သတင်းတိုများ

- ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်နွေရာသီတွင် ချယ်ဆီးအသင်းမှ အသက် (၂၃နှစ်) အရွယ် အေဗရာဟမ်ကို ခေါ်ယူနိုင်မည်ဟု ယုံကြည်နေကြောင်း သိရသည်။
- စပါးအသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ဂါးရတ်ဘေးလ်ကို နွေရာသီတွင် အမြဲတမ်းခေါ်ယူဖွယ်ရှိကြောင်း သိရသည်။
- ရီးဒင်းအသင်းမှ အင်္ဂလန်ဘယ်ခံစစ်ကစားသမား ရစ်ချတ် (၂၃ နှစ်) သည် လေးနှစ်စာချုပ်ဖြင့် ယခုနှစ်နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်။
- အေစီမီလန်တိုက်စစ်မှူး အီဗရာဟီမိုဗစ်သည် ဒဏ်ရာကြောင့် ရက်သတ္တ သုံးပတ်အထိအနား ယူရဖွယ် ရှိသောကြောင့် အသင်းဟောင်း မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ်ပွဲစဉ်ကို လွဲချော်တော့မည်ဖြစ်သည်။ မိုဗစ်သည် မန်ယူအသင်းအတွက် ၅၃ ပွဲ တွင် ၂၉ ဂိုးသွင်းယူပေးထားသူ ဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် အေစီမီလန်အသင်းအတွက် ၂၁ ပွဲကစားပြီး ၁၆ ဂိုးသွင်းယူပေးထားနိုင်သည်။



- မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ယခုနှစ်နွေရာသီတွင် စပိန်ခံစစ်ကစားသမား ဂါစီယာ (၂၀နှစ်) အနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။
- လက်စတာအသင်းသည် ဆဲလ်တစ်အသင်းမှ ပြင်သစ်ယူ–၂၁ တိုက်စစ်မှူးဟောင်း အီဒွေါတ် (၂၃နှစ်) ကို ခေါ်ယူရေးတွင် အာဆင်နယ်၊ အက်စ်တွန်ဗီလာအသင်းတို့နှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း သိရသည်။
- ဆန်ဆွန် (၂၆နှစ်) သည် ပြီးခဲ့သည့် ဇန်နဝါရီက အက်စ်တွန်ဗီလာအသင်းသို့ မပြောင်းရွှေ့မီတွင် လိဒ်စ်အသင်းက ၎င်းကို ခေါ်ယူရန် စိတ်ဝင်စားခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

# ကိုပါဒယ်ရေးဗိုလ်လုပွဲသို့ တက်မည့်အသင်းက ဘာစီလိုနာလား၊ ဆီဗီလာလား



ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ဆီဗီလာကစားသမားများ ဘာစီလိုနာအသင်းဘက်သို့ ဂိုးသွင်းယူပြီး အောင်ပွဲခံနေမှုကို တွေ့ရစဉ်။

ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနှင့် ဆီဗီလာအသင်းတို့ပွဲစဉ်ကို မတ် ၄ ရက် နံနက် ၂ နာရီခွဲတွင် ဘာစီလိုနာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အဆိုပါနှစ်သင်း ပထမအကျော့ပွဲစဉ်မှာ ဆီဗီလာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဘာစီလိုနာအသင်းကို အနိုင်ရရှိထားပါတယ်။

ပြီးခဲ့တဲ့ လာလီဂါပွဲစဉ်အဖြစ် ဆီဗီလာအသင်းနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်မှာ ဘာစီလိုနာအသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ ပြန်လည်အနိုင်ရရှိထားပါတယ်။ ယခုပွဲစဉ်က ဘာစီလိုနာနဲ့ ဆီဗီလာအသင်းတို့ ယခုနှစ်ရာသီ ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်မြောက်ဖြစ်ပြီး လာလီဂါ နှစ်ကြိမ်တွင် ဘာစီလိုနာအသင်းက တစ်ကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျထားပါတယ်။ ယနေ့ပွဲစဉ်မှာ ဒဏ်ရာရကစားသမားအနေဖြင့် ဘာစီလိုနာအသင်းတွင် ဖာတီ၊ ပီဂျာနစ်၊ ကော်တင်ဟို၊ ရော်ဘတ်တို၊ ပီဒရိုတို့ ရှိနေသည်။ ဆီဗီလာအသင်းတွင် အိုကမ်းပို့စ်နှင့် အကူနာတို့သာ ရှိသည်။ သို့သော်လည်း ကိုပါဒယ်ရေးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရေးအတွက် နှစ်သင်းစလုံး အကောင်းဆုံးလူစာရင်းကို အသုံးပြုကာ ပွဲထွက်လာဖွယ်ရှိနေပါတယ်။

ဘာစီလိုနာအသင်းနဲ့ ဆီဗီလာအသင်းတို့မှ တိုက်စစ်ကစားသမားနှစ်ဦးရဲ့ စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်သော် ဘာစီလိုနာအသင်းမှ မက်ဆီက ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် သုံးပွဲကစားထားရာ တစ်ဂိုးသွင်းယူပေးထားနိုင်ပြီး ဆီဗီလာအသင်းမှ လုခ်ဒီဂျောင်က ခြောက်ပွဲတွင် သုံးဂိုးသွင်းယူပေးထားနိုင်ပါတယ်။ မက်ဆီက လာလီဂါ ၂၃ ပွဲတွင် ၁၉ ဂိုးအထိ သွင်းယူပေးထားပြီး ယခုနှစ်ရာသီ လာလီဂါ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ ယခုနှစ်ရာသီ လာလီဂါ ၂၅ ပွဲကစားပြီးချိန် အသင်းတိုက်စစ်က ၅၅ ဂိုးသွင်းယူထားနိုင်တာကြောင့် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ဘာစီလိုနာအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ တစ်ပွဲရှုံး၊ တစ်ပွဲသရေ၊ တစ်ပွဲအနိုင်ရရှိထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှု မရှိပါဘူး။ မည်သည့်အသင်း နောက်တစ်ဆင့်တက်ရောက်မှာကို စောင့်ကြည့်ကြပါစို့. . .

# အိမ်ကွင်းမှာ ဆိုစီဒက်ကို သရေကျခဲ့တဲ့ မက်ဒရစ်

စပိန်လာလီဂါပွဲစဉ် (၂၅) အဖြစ် ရီးရဲမက်ဒရစ်အသင်းနှင့် ဆိုစီဒက်အသင်းတို့ပွဲစဉ်ကို မတ် ၂ ရက် နံနက်ပိုင်းက ရီးရဲမက်ဒရစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိလျှင် အဆင့် (၂) နေရာကို တက်လှမ်းခွင့်ရရှိမည်ဖြစ်သော်လည်း သရေကျခဲ့သောကြောင့် ဘာစီလိုနာအသင်းနှင့် ရမှတ် ၅၃ မှတ်ချင်းတူ ဂိုးကွာခြားချက်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည်။ ဆိုစီဒက်အသင်းက ယခုပွဲစဉ်ကို သရေကျခဲ့သောကြောင့် ၂၅ ပွဲကစားပြီး ၄၂ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။

ရီးရဲမက်ဒရစ်အသင်းက အမှတ်ပေးဇယားရပ်တည်မှုအရ ဆိုစီဒက်အသင်းကို အနိုင်ရရှိရေးဦးတည်လာခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ထိုအခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။ ဦးဆောင်ဂိုးကို ဆိုစီဒက်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် ပေါ်တူက သွင်းယူပေးနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်းပြီးခါနီးတွင် ဂျူနီယာက သွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် ရီးရဲမက်ဒရစ်အသင်းအတွက် ပွဲ ၁၀၀ ပြည့်မြောက်သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။



ရီးရဲမက်ဒရစ်အသင်းအတွက် ချေပဂိုးသွင်းယူပြီးနောက် ဂျူနီယာ၏ အောင်ပွဲခံမှုကို တွေ့ရစဉ်။

■ အောင်ဇော် - စုစည်းသည်


ယခုနှစ်ရာသီ အဲဗာတန်အသင်းအတွက် ၁၁ ဂိုးမြောက်သွင်းဂိုးကို ဆီဂတ်ဆန်၏ ဖန်တီးမှုမှတစ်ဆင့် ရစ်ချတ်လီဆန် သွင်းယူနေစဉ်။

# ဆောက်သမ်တန်ကို အနိုင်ယူခဲ့တဲ့ အဲဗာတန်

ပရီမီယာလိဂ်ပွဲစဉ် (၂၆) အဖြစ် မတ် ၂ ရက်နံနက်ပိုင်းက အဲဗာတန်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းက ပထမပိုင်းပွဲချိန် ကိုးမိနစ်တွင် ရရှိခဲ့သော ရစ်ချတ်လီဆန်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဲဗာတန်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာလိဂ် (၂၅) ပွဲကစားပြီး ၄၃ မှတ်ဖြင့် အဆင့် (၇) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် အဲဗာတန်အသင်းသည် ၂၀၁၃-၁၄ ခုနှစ်ရာသီနောက်ပိုင်း ပရီမီယာလိဂ် (၂၅) ပွဲကစားပြီးချိန်တွင် ရမှတ်အများဆုံးစုဆောင်းနိုင်ခဲ့ကြောင်း သိရသည်။ ဆောက်သမ်တန်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ကိုးပွဲတွင် တစ်မှတ်သာ စုဆောင်းထားနိုင်ပြီး ၂၀၁၅ ခုနှစ်နောက်ပိုင်း အဝေးကွင်း ငါးပွဲဆက်ရှုံးနိမ့်သည့်မှတ်တမ်းဆိုးလည်း ပိုင်ဆိုင်ခဲ့သည်။ ယခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့သော ဆောက်သမ်တန်အသင်းသည် ၂၆ ပွဲကစားပြီး ရမှတ် ၃၀ ဖြင့် အဆင့် (၁၄) နေရာတွင် ရပ်တည်နေသည်။ လာမည့်ပွဲစဉ်အဖြစ် မတ် ၅ ရက်တွင် အဲဗာတန်အသင်းက ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆောက်သမ်တန်အသင်းက ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

# အသိုင်းအဝိုင်းတူတွေဆီက အဆိုးမြင်မှုတွေ အများကြီးခံခဲ့ရတယ်လို့ ပရီယန်ကာ ပြော

တောင်အာရှပရိသတ်တွေဆီက ချစ်ခြင်းမေတ္တာနဲ့ အကာအကွယ်ပေးမှုတွေအများကြီးရရှိပေမယ့် သူနဲ့အသိုင်းအဝိုင်းတူသူတွေကတော့ သူ့အပေါ် မကောင်းတဲ့အမြင်တွေရှိနေကြတယ်လို့ ရုပ်ရှင်မင်းသမီး ပရီယန်ကာချိုပရာက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ ပရီယန်ကာဟာ ဘောလိဝုဒ်မှာတင်မကဘဲ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းတွေဆီပါ ထိုးဖောက်နိုင်အောင် ကြိုးပမ်းခဲ့ပါတယ်။ တောင်အာရှ အသိုင်းအဝိုင်းဆီကနေ ချစ်ခြင်းမေတ္တာတွေရရှိခဲ့သလို သူ့အပေါ်မကောင်းမြင်သူတွေလည်း အများကြီးရှိတယ်လို့ ပရီယန်ကာချိုပရာက ပြောပါတယ်။

မကြာသေးခင်ကပြုလုပ်ခဲ့တဲ့အင်တာဗျူးမှာတော့ သူအပါအဝင် ဖျော်ဖြေရေးလောကအတွင်းမှာရှိကြတဲ့ အခြားသောအညိုရောင်အသားအရေပိုင်ရှင်တွေဟာ ဟောလိဝုဒ်ထိပေါက်အောင် ကြိုးပမ်းနေကြတယ်။ ဒါပေမယ့်လည်း သူတို့ဟာ အသိုင်းအဝိုင်းတူတွေဆီကတော့ မကောင်းတဲ့အမြင်တွေပဲ ရရှိတယ်လို့ ပရီယန်ကာက ဖြေကြားခဲ့ပါတယ်။

ဟောလိဝုဒ်ဖျော်ဖြေရေးလောကအတွင်းမှာ အညိုရောင်အသားအရေ ပိုင်ရှင်တွေ နေရာရတယ်ဆိုတာ လက်ချီးရေလို့တောင်ရပါတယ်။ ဒီလိုလက်ခံလာအောင် အများကြီးကြိုးစားခဲ့ရပေမယ့် ဘာကြောင့် သူတို့အပေါ် မကောင်းမြင်နေရတာလဲလို့ ပရီယန်ကာက ပြောကြားခဲ့ ပါတယ်။ **အီးနယူးစ်**



ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး ပရီယန်ကာချိုပရာ

# Wonder Woman မင်းသမီးဂယ်ဂါဒေါ့ တတိယမြောက် ရင်သွေးရရှိ

Wonder Woman အဖြစ် သရုပ်ဆောင်သူ ရုပ်ရှင်မင်းသမီး ဂယ်ဂါဒေါ့ဟာ ကိုယ်ဝန်ဆောင်ထားရပြီး မကြာမီအချိန်အတွင်းမှာပဲ တတိယမြောက် ရင်သွေးကိုမွေးဖွားတော့မယ်လို့ သိရပါတယ်။

နောက်ထပ် ကိုယ်ဝန်ဆောင်ပြန်ပြီဆိုပြီး မတ် ၁ ရက်မှာ ဂယ်ဂါဒေါ့က ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။ ဂယ်ဂါဒေါ့ဟာ ခင်ပွန်းသည် ယာရွန်ဗာဆာနိုနဲ့ သမီးနှစ်ဦးမွေးဖွားထားပြီး ကလေးတွေကတော့ အသက်ကိုးနှစ်အရွယ် အယ်မာနဲ့ အသက် ၃နှစ် အရွယ် မာယာတို့ပဲဖြစ်ပါတယ်။ ဂယ်ဂါဒေါ့ဟာ ဖေဖော်ဝါရီ ၂၈ ရက်မှာတော့ ၂၀၂၃ ခုနှစ်အတွက် ရွှေကမ္ဘာလုံးဆုပေးပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းကလည်း သူတို့ဇနီးမောင်နှံဟာ အိမ်ထောင်သက်တမ်းဆယ်စုနှစ်တစ်ခု ကျော်လွန်လာတဲ့အတွက် ပွဲကျင်းပခဲ့ပါသေးတယ်။ **အီးနယူးစ်**



Wonder Woman မင်းသမီး ဂယ်ဂါဒေါ့။

# ကုန်စည်စီးဆင်းမှုလွယ်ကူစေရန် ဥက္ကံ တဘူးလှဆည် ကျေးလက်ဖွံ့ဖြိုးရေးလမ်း ဆောင်ရွက်လျက်ရှိ



**ရန်ကုန် မတ် ၂**

မြို့ပြနှင့် ကျေးလက်ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တဘူးလှဆည် ကျေးလက်ဖွံ့ဖြိုး ရေးလမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ်ခင်းထားရာ ကျန်ရှိသော သုံးမိုင် သုံးဖာလုံ လမ်းပိုင်းတွင် ပြွန်တံတား ၁၀ ခု ကို မိုးရာသီအမီပြီးစီးရန် တည်ဆောက်နေသည်။(ယာပုံ)

ဥက္ကံသကြား စက်မှတဘူးလှဆည်တမံတစ်ရွာအထိ ကွန်ကရစ်လမ်းတွင် ကျန်ရှိသော သုံးမိုင် သုံးဖာလုံ ကွန်ကရစ်လမ်းပိုင်းကို ဆက်လက် ခင်းကျင်းရာ၌ ထိုလမ်းပိုင်းတွင် ကျေးလက်လမ်းဝဲ၊ယာ ရေစီးရေလာကောင်းမွန်ရန်နှင့် လမ်းပျက်စီးမှုမရှိစေရန် ပြွန်တံတား၁၀ခု ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ဒါအောင်သောကုမ္ပဏီက လမ်းခင်းလျက်ရှိရာ ပြွန်တံတား သုံးခုကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်တည်ဆောက်ခြင်းဖြစ်သည်။

ပြည်ကားလမ်းမှ ဥက္ကံသကြားစက်သို့ ကတ္တရာလမ်းဖြစ်ပြီး ဥက္ကံမြို့မှ တဘူးလှဆည်တမံသို့ ၁၉ မိုင်ကျော်ရှိ၍ ယခင်က ထိုလမ်းတစ်လျှောက်ရှိ ကျေးရွာနေပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုအခက်အခဲများရှိခဲ့ရာ ယခုအခါ အချိန်တိုအတွင်း ကျေးရွာပေါင်း ၃၀ ကျော်မှာ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ ကွန်ကရစ်လမ်းနှင့်အတူ ကျေးရွာများ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်နေသောကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးကဏ္ဍ မကြာမီ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **အောင်သပြေ**

# ညောင်ဦးမြို့နယ် စဥ့်ကူတိုက်နယ် မီးသတ်စခန်းအဆောက်အအုံသစ် ၉၈ ရာခိုင်နှုန်းခန့် ပြီးစီး

**ညောင်ဦး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဥ့်ကူတိုက်နယ်တွင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်နေသည့် အာရ်စီနှစ်ထပ် နှစ်ယူနစ် မီးသတ်စခန်း အဆောက်အအုံသစ် ဆောက်လုပ်နေမှု ၉၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

အဆိုပါ လုပ်ငန်းကို မန္တလေးမြို့အခြေစိုက် Global Land ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ကာ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂ ဒသမ ၅ သန်းဖြင့် အလျား ၄၅ ပေ ၊ အနံ ပေ ၅၀ ၊ အမြင့် ၂၆ ပေရှိ အာရ်စီနှစ်ထပ် အဆောက်အအုံအမျိုးအစားဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခု ၉၈ ရာခိုင်နှုန်းခန့် တည်ဆောက် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)



အဆိုပါ မီးသတ်စခန်း အဆောက်အအုံသစ် တည်ဆောက်ပြီးစီးပါက နယ်မြေ မီးသတ်စခန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် နယ်မြေအတွင်းရှိ ဒေသခံပြည်သူများ စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက ပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# သုံးခွ၌ ကျေးရွာငွေတိုက်(မြန်မာဆယ်မာအူးလ်ဂွန်ဂို)ကို ထူထောင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်စံပြကျေးရွာတွင် ကိုရီးယားနိုင်ငံ KOICA အဖွဲ့၏ကူညီထောက်ပံ့မှုဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း (မြန်မာဆယ်မာအူးလ်အွန်ဒုံ) စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလွန်ကာလတွင်လည်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ဝင်ငွေတိုးပွားစေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကိုယ့်အားကိုယ့်ကိုး၊ ကျေးရွာငွေတိုက်(မြန်မာဆယ်မာအူးလ်ဂွန်ဂို)ကို ထူထောင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစုရှယ်ယာတစ်စု ငွေကျပ်တစ်သောင်းနှုန်းဖြင့် အသင်းဝင်အိမ်ထောင်စု ၁၉၉ စု၊ အစုရှယ်ယာဝင် ၄၁၄ စုဖြင့်ကျေးရွာငွေတိုက်လုပ်ငန်းများ လည်ပတ်နေပြီး ကော်မတီမှကျေးရွာတွင်း အသင်းသားများအား တနင်္ဂနွေနေ့တိုင်း အိမ်တိုင်ရာရောက်ငွေလိုက်လံကောက်ခံ စုဆောင်းပေးပြီး စုငွေအတွက် ငွေကျပ် ၁၀၀ လျှင် တစ်ကျပ်နှုန်း အတိုးပေးပြီး ငွေတိုက်မှ ပြန်ချေး၍ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအား ငွေကျပ်၁၀၀လျှင် နှစ်ကျပ် အတိုးနှုန်းဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

အဓိက အားဖြင့်စိုက်ပျိုးရေး၊မွေးမြူရေး၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူများ အဆင်ပြေစေရန် ငွေထုတ်ချေး ပေးပြီး ရရှိလာသော ငွေတိုက် အတိုးရငွေများမှ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း လက်ပန်စံပြကျေးရွာ ငွေတိုက် (မြန်မာဆယ်မာ အူးလ်ဂွန်ဂို) အတွင်းရေးမှူး ဦးနိုင်ကြီးက ပြောသည်။

**ကိုကျော်(သုံးခွ)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြု ခြင်း၊ လျှပ်စီးပတ်လမ်းကို အလို အလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့် မီးလောင် လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများမပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထား ရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာ များ စုံလင်စွာထားရှိပါ။ ငွေကြေး တတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှည်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်း ရမည်၊ လှေကားသည် အရှည် ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ ပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရွှေဂုံတိုင်ကျောင်းတိုက်ကြီး၏ ဒုတိယနာယကချုပ်၊

ရွှေဂုံပရိယတ္တိစာသင်တိုက်၊ အလယ်ကျောင်းကြီး၏

ဦးစီးပဓာန နာယကဆရာတော်

## ဘဒ္ဒန္တစန္ဒောဘာသ(ဂန္ထဝါစကပဏ္ဍိတ)

**သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်ကျောင်းတိုက်ကြီး၏ ဒုတိယ နာယကချုပ်၊ ရွှေဂုံပရိယတ္တိစာသင်တိုက်၊ အလယ်ကျောင်းကြီး၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (ဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်မြတ်သည် (၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်) ၂၈-၂-၂၀၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၂:၄၅ နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်) ၄-၃-၂၀၂၁ ရက်(ကြာသပတေးနေ့) တွင် ရေဝေးသုသာန်သို့ပင့်ဆောင်သင်္ဂြိုဟ်ပူဇော်ပါမည်။

(ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ဆရာတော် ဦးဣန္ဒာစက္ကနှင့် တပည့်၊ ဒါယကာ၊ ဒါယိကာမများ**

---

ဘုရား၊ ရဟန်း ဒါယကာကြီး

## ဦးအောင်ဟုတ်(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ(ဦးလှ-ဒေါ်ကျင်ဆိုင်)တို့၏သားငယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၄၁)၊ ငွေပုလဲလမ်း၊ (၃၅)ရပ်ကွက်နေ ဒေါ်မြလေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်ဇော်ဦး-ဒေါ်ဝင်းဝင်းအောင်၊ ဦးတင်အောင်မြင့်-ဒေါ်လေးလေးအောင်၊ ဦးရဲထွဋ်အောင် (Director - မြင့်မိုရ်သရဖူကုမ္ပဏီ) တို့၏ဖခင်၊ ကိုစံဝင်းမောင် (ပထမကုမ္ပဏီ)-မအိငြိမ်းစံ(MAB-Bank)၊ ကိုအောင်ပိုင်မှူး(ခေတ္တ-ကိုရီးယား)၊ မောင်မြတ်ပိုင်မှူးတို့၏ အဘိုးသည် ၂-၃-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၁၂:၂၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၄-၃-၂၀၂၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၈-၃-၂၀၂၁ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်၊ အကွက်အမှတ်/ အမည်(၃၅/ အေးမြကြည်လင်)၊ ဦးပိုင်အမှတ်(၂၇၇-က)၊ မြေရီယာ(၀ဒသမ၀၃၂၈)ကေရှိ မြေကွက်အား ဦးကျော်သန်း (ဘ)ဦးညိုလေး ၉/ကဆန(နိုင်)၀၄၄၁၅၇မှ ၎င်းအမည်ဖြင့် မြေ ငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်သန်း ၉/ကဆန(နိုင်) ၀၄၄၁၅၇**
**ဖုန်း-၀၉-၇၇၇၇၆၆၈၂၀**

---

### ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ အကွက်အမှတ်/အမည်(၁၃/ ပေါက်တော)၊ ဦးပိုင်အမှတ်( ၁၃၀-ည)၊ မြေရီယာ(၀ဒသမ ၀၄၄)ကေရှိ မြေကွက်အား ဦးသန်းထွေး (ဘ)ဦးချမ်းသာ ၉/ကဆန(နိုင်)၀၅၃၆၀၀မှ ၎င်းအမည်ဖြင့် မြေ ငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးသန်းထွေး ၉/ကဆန(နိုင်) ၀၅၄၆၀၀**
**ဖုန်း-၀၉-၉၈၃၀၂၄၃၅၅**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

ဦးသန်းရီ

ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**အသက်(၅၅)နှစ်**

ဘားအံမြို့၊ (၉)ရပ်ကွက်၊ ရေကျော်ရပ်၊ အောင်မေတ္တာသုခလမ်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာနေ [ဦးဂျမာဘောင်း-ဒေါ်လှလှမြင့်(ခ)ဒေါ်ချို]တို့၏သား၊ ဒေါ်နှင်းနုဝါ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်အေးမာတို့၏ညီ၊ ဦးဝင်းထွေး-ဒေါ်မြင့်ဥမ္မာ၊ ဦးစိုးမြင့်နိုင်-ဒေါ်ဘေဘီသန်း၊ ဦးအောင်ဆန်းထွေး-ဒေါ်နှင်းအေးခိုင်တို့၏အစ်ကို၊ (ဦးဘိုကြီး)-ဒေါ်အုန်းမြတို့၏သားသမက်၊ ဗိုလ်ကြီးဇော်မျိုးထက်-မသက်ထားဆွေ၊ မောင်အောင်ကောင်းမြတ်၊ မမေသင်းခိုင်၊ မအေးချမ်းဇာခြည်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ပိုင်ဘုန်းသန့်ထက်၏အဘိုးသည် ၁-၃-၂၀၂၁ရက် (တနင်္လာနေ့) ည ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဦးသန်းရီ

OTS(79)

ညွှန်ကြားရေးမှူး၊

ကရင်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သစ္စာ(၉)လမ်း၊ အမှတ်(၃၉၊ A/၃၇၈)နေ ဒေါ်နှင်းနုဝါ ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးဇော်မျိုးထက်-မသက်ထားဆွေ၊ မောင်အောင်ကောင်းမြတ်၊ မမေသင်းခိုင်၊ မအေးချမ်းဇာခြည်တို့၏ဖခင်၊ မောင်ပိုင်ဘုန်း သန့်ထက်၏အဘိုးသည် ၁-၃-၂၀၂၁ ရက် (တနင်္လာနေ့) ည၁၀:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းရီ

ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**အသက်(၅၅)နှစ်**

ကရင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသန်းရီသည် ၁-၃-၂၀၂၁ ရက်(တနင်္လာနေ့)ည ၁၀:၅၅ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ
### ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဆောင်ရွက်မည့် မြို့ပြ လုပ်ငန်း(၃)ခုအား ပုတ်ပြတ်စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ရန် အောက်ပါအတိုင်း တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါစတင်ရောင်းချ/တင်သွင်းရမည့်ရက်** | - | ၃-၃-၂၀၂၁ရက် |
| (ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** | - | ၂-၄-၂၀၂၁ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီ |
| (ဂ) **တင်ဒါလျှောက်လွှာဝယ်ယူမည့်နေရာ** | - | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ |
| (ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့။ |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ကုမ္ပဏီအမှတ်တံဆိပ်နှင့်ကုမ္ပဏီ၏ ရာထူးအမြင့်ဆုံးပုဂ္ဂိုလ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော သို့မဟုတ် ကုမ္ပဏီမှ အထူးအာဏာလွှဲအပ်ခြင်းခံထားရသူကိုယ်တိုင် လက်မှတ်ရေးထိုးထားသော Application for Bidding Document ပါရှိမှသာ ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

၄။ အသေးစိတ်သိရှိလိုပါက ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၁၅၆၃၊ ၀၈၄-၂၂၆၆၆တို့ သို့ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီ မရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ် တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင် ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၆၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၄၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၃,၄၈၁) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၄၁,၉၆၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၅၃၄) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -**

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID- 19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID- 19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှတက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့်ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၈၉ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ပမှ ပြန်လည်ရောက်ရှိသူတစ်ဦးကို တပ်မတော်ဆေးအဖွဲ့က ကိုဗစ်- ၁၉ နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးစဉ်။

# နိုင်ပွဲရရှိရေး ဦးတည်လာမယ့် အေစီမီလန်ကို အူဒီးနိစ်အသင်း ဟန့်တားသွားနိုင်မလား

အီတလီစီးရီးအေပွဲစဉ်(၂၅)ကို မတ် ၄ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်များထဲမှ စိတ်ဝင်စားဖွယ်ရာ ပွဲစဉ်အဖြစ် အေစီမီလန်အသင်းနှင့် အူဒီးနိစ်အသင်းတို့ ရှိနေသည်။ အေစီမီလန်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် နောက်တစ်ဆင့်တက်ရောက်ထားနိုင်သည့်အသင်းဖြစ်သလို ပြီးခဲ့သည့် ပွဲစဉ်တွင်လည်း ရိုးမားအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။ သို့သော်လည်း အသင်းမှ အားထားရသည့် တိုက်စစ်မှူးအီဗရာဟီမိုဗစ် ဒဏ်ရာကြောင့် ရက်သတ္တသုံးပတ်အထိ အနားယူရဖွယ်ရှိသောကြောင့် နည်းပြပီအိုလီအတွက် အခက်တွေ့ဖွယ်ရှိနေသည်။ အူဒီးနိစ်အသင်းကလည်း ပြီးခဲ့သည့် ပွဲစဉ်မှာ ဖီအိုရင်တီးနားအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။



အေစီမီလန်အသင်းနှင့် အူဒီးနိစ်အသင်းတို့ ပထမအကျော့ တွေ့ဆုံယှဉ်ပြိုင်ကစားစဉ်။

အမှတ်ပေးဇယားရပ်တည်မှုတွင် အေစီမီလန်အသင်း စီးရီးအေ (၂၄) ပွဲကစားပြီး ၅၂ မှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နေပြီး အူဒီးနိစ်အသင်းက (၂၄) ပွဲကစားပြီး ၂၈ မှတ်ဖြင့် အဆင့် (၁၂) နေရာတွင် ရပ်တည်နေသည်။ အေစီမီလန်အသင်းသည် ဦးဆောင်သူ အင်တာမီလန်အသင်းနှင့် ရမှတ်ကွာဟမှု လျှော့ချနိုင်ရန်အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိရေးကိုသာ ဦးတည်လာဖွယ်ရှိနေသည်။ အူဒီးနိစ်အသင်းကလည်း အမှတ်ပေးဇယား အထက်ပိုင်းသို့ တက်လှမ်းနိုင်ရန်အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် အားစိုက်ကစားလာဖွယ်ရှိနေသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ◆

## မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ချုပ်ဆိုခဲ့သည့် ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်

စာ ၄

## ကိုဗစ်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကို ကူညီဖို့ ဂျီ-၂၀ တွေ့ဆုံ

စာ ၁၄